www.burmeseclassic.com


# ပုဂံစေတီပုထိုးများသမိုင်း
နှင့်
# ခရီးသွားလမ်းညွှန်

တင်နိုင်တိုး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# ပုဂံစေတီပုထိုးများသမိုင်း
နှင့်
# ခရီးသွားလမ်းညွှန်

တင်နိုင်တိုး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုဂံစေတီပုထိုးများသမိုင်းနှင့် ခရီးသွားလမ်းညွှန်

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၄၆၀၀၉၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၄၄၆၀၉၀၈
ဦးကျော်ဟန်း(ယုံကြည်ချက်စာပေ)၊ အမှတ် (၁၁၁)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေပြီး ထုံးပုံနှိပ်တိုက်၊ အမှတ် - ၁၃၈၊ ၄၂ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ပုံနှိပ်၍ ပထမအကြိမ် စောင်ရေ ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။



ပုဂံသည် မြန်မာ့ယဉ်ကျေးမှု၏ 'အစ' ဖြစ်သည်။
မြန်မာစာပေ၏ 'အစ' ဖြစ်သည်။
မြန်မာ့သမိုင်း၏ 'အစ' ဖြစ်သည်။

တက္ကသိုလ်ဝင်းမွန်
'ပုဂံသူ' ဆောင်းပါးမှ

www.burmeseclassic.com

www.burmeseclassic.com


(၇) မန္မဟာ ၁၇၉

(၁၀) မြစေတီ ၁၀၂

(၁၂) အပါယ်ရတနာ ၁၀၅

(၆) သိရိပစ္စယာရွာအနီးဝန်းကျင်ရှိ ရှေးဟောင်းစေတီပုထိုးများ

(၁) ဂူပြောက်ဘုရား ၁၀၀

(၂) စေတနာကြီး ၁၉၀

(၃) အရှေ့ဖက်လိပ်ဘုရား ၁၉၂

(၄) အနောက်ဖက်လိပ်ဘုရား ၁၉၄

(၅) လောကနန္ဒာ ၁၉၆

ကျမ်းကိုးစာရင်း


# ပုဂံမိတ်ဆက်

ပုဂံကို ပြည်တွင်း၌သာမက နိုင်ငံခြားတိုင်းပြည်အများကပါ သိရှိကြသည်။ ယင်းသို့ သိရှိကြသည်မှာလည်း ယခုမျက်မှောက်ခေတ်ကာလတွင်မှမဟုတ်။ ရှေးနှစ်ပရိစ္ဆေဒ ကြာမြင့်ကြာမြင့်စွာကပင် ဖြစ်ပါသည်။

ပုဂံကို အစဉ်အလာမှတ်သားချက်များအရ ခရစ်နှစ် ၁၀၇ ခုနှစ်က ယုန်လွှတ်ကျွန်းအရပ်၌ စတင်တည်ခဲ့သည်။ စတင်တည်ထောင်သူမှာ သမုဒ္ဒရာဇ်မင်းဖြစ်ပြီး ကျေးရွာ (၁၉) ရွာအားစုစည်းတည်ထောင်ခဲ့ခြင်းဖြစ်၏။ ၎င်း (၁၉) ရွာအနက် ညောင်ဦးရွာဆိုလျှင် ယနေ့တိုင် မူလအမည်ဖြင့် ရှိနေဆဲဖြစ်သည်။ ရာဇဝံသဇာလိနီကျမ်းအရဆိုလျှင် ယုန်လွှတ်ကျွန်းရပ်မှာ ဧရာဝတီမြစ်မှ (၆) မိုင်အကွာ တုရင်တောင်၏အရှေ့ဘက် တစ်မိုင်အကွာနေရာဖြစ်သည် ဆို၏။ သမုဒ္ဒရာဇ်မင်းဆက်တွင်



www.burmeseclassic.com

www.burmeseclassic.com



(၁) သမုဒ္ဒရာဇ် (၁၀၇–၁၅၂)
(၂) ရသေ့ကြောင် (၁၅၂–၁၆၇)
(၃) ပျူစောထီး (၁၆၇–၂၄၂)
(၄) ထီးမင်းယဉ် (၂၄၂–၂၉၉)
(၅) ယဉ်မင်းပိုက် (၂၉၉–၃၂၄)
(၆) ပိုက်သေဉ်လည် (၃၂၄–၃၄၄)
(၇) သေဉ်လည်ကြောင် (၃၄၄–၃၈၇)

တို့ ထီးနန်း စိုးစံခဲ့ကြသည်။

သေလည်ကြောင်မင်းလက်ထက်ခရစ်နှစ် ၃၄၄ ခုနှစ်တွင် ဒုတိယပုဂံအဖြစ် သီရိပစ္စယာမြို့ကို ကျောက်စကားရပ်၌ တည်ထောင်ပြန်၏။ ယင်းနေရာမှာ ယခုပုဂံမြို့သစ်၏ တောင်ဘက် ရေအိုးစင်ချောင်း၏ မြောက်ဘက်ကမ်းနေရာ ဖြစ်သည်ဟုဆိုပါသည်။ သေဉ်လည်ကြောင်မင်းမှ စ၍

(၇) သေဉ်လည်ကြောင် (၃၄၄–၃၈၇)၊
(၈) ကြောင် ဒူရစ် (၃၈၇–၄၁၂)၊
(၉) သည်းထန် (၄၁၂–၄၃၉)၊
(၁၀) သူရဲ (၄၃၉–၄၉၄)၊
(၁၁) သာရမွန်ဖျား (၄၉၄–၅၁၆)၊
(၁၂) သိုက်တိုင် (၅၁၆–၅၂၃)

စသဖြင့် မင်းအဆက်ဆက် ထီးနန်းစိုးစံ ခဲ့ကြသည်။

သိုက်တိုင်မင်းလက်ထက်ခရစ်နှစ် ၅၁၆ ခုနှစ်တွင် တတိယပုဂံကိုတည်ထောင်ပြန်၏။ တမ္ပဝတီဟုအမည်မှည့်ခေါ်ထားသည့် တတိယပုဂံမှာ ရွာစိုက်ရွာဟောင်း (မြောက်





လတ္တီတွဒ် ၂၁°၉' အရှေ့လောင်ဂျီတွဒ် ၉၄°၅၅')နေရာ၌ တည်ခဲ့ခြင်းဖြစ်သည်။ ပုဂံခေတ်နှောင်းကာလတွင် ယင်းအရပ်၌ မိဖုရားကြီးဖွားစောနေထိုင်ခဲ့ဖူးသည်ကို အကြောင်းပြု၍ ဖွားစောရွာဟုခေါ်ဆိုကြသည်။ တမ္ပဝတီတွင်

(၁၂) သိုက်တိုင်မင်း (၅၁၆–၅၂၃)
(၁၃) သေဉ်လည်ကြောင်ငယ် (၅၂၃–၅၃၂)
(၁၄) သေဉ်လည်ပိုက် (၅၃၂–၅၄၇)
(၁၅) ခန်းလောင်း (၅၄၇–၅၅၇)
(၁၆) ခန်းလတ် (၅၅၇–၅၆၉)
(၁၇) ထွန်တိုက် (၅၆၉–၅၈၂)
(၁၈) ထွန်ပစ် (၅၈၂–၅၉၈)
(၁၉) ထွန်ချစ် (၅၉၈–၆၁၃)
(၂၀) ပုပ္ပါးစောရဟန်း (၆၁၃–၆၄၀)
(၂၁) ရွှေအုန်းသီး (၆၄၀–၆၅၂)
(၂၂) ပိတ်သုံ (၆၅၂–၆၆၀)
(၂၃) ပိတ်တောင်း (၆၆၀–၇၀၀)
(၂၄) မင်းခွေး (၇၀၀–၇၁၆)
(၂၅) မြင်းကျေး (၇၁၆–၇၂၆)
(၂၆) သိယ် (၇၂၆–၇၃၄)
(၂၇) သိန်းခွန် (၇၃၄–၇၄၄)
(၂၈) ရွှေလောင်း (၇၄၄–၇၅၃)
(၂၉) ထွန်ထွင်း (၇၅၃–၇၆၂)
(၃၀) ရွှေမှောက် (၇၆၂–၇၈၅)



www.burmeseclassic.com

www.burmeseclassic.com



(၃၁) ထွန်လွှတ် (၇၈၅–၈၀၂)
(၃၂) စောခင်နှစ် (၈၀၂–၈၂၉)
(၃၃) ခဲလူး (၈၂၉–၈၄၆)

မင်းများ ထီးနန်းစိုးစံခဲ့ကြသည်။

ပုဂံမင်းဆက်၏ (၃၄) ဆက်မြောက်ဘုရင်ပျဉ်ပြား မင်းလက်ထက် ၂၃ ဒီဇင်ဘာ ၈၄၉ ခုနှစ်တွင် လက်ရှိပုဂံ နေရာဖြစ်သော စတုတ္ထမြောက်ပုဂံကို တည်ထောင်ပါသည်။ ပုဂံကို တည်ထောင်စဉ်က ရဟန်းပညာရှိလေးပါးနှင့် လူ ပညာရှိ လေးဦးတို့ပါဝင်ခဲ့ကြသည်ဆို၏။ ရဟန်း ပညာရှိ များမှာ တာမလိန္ဒ၊ ရှင်အာနန္ဒာ၊ ရှင်ဥတ္တရာနှင့် ရှင်ဆပ္ပ တို့ဖြစ်ကြပြီး အမတ်လေးဦးမှာမူ စိန့်မင်းသား၊ ဟူးရားဖြူ၊ ဟူးရားညိုနှင့် အင်ပြစ် (လင်းဘင်)ရွာသား ရာဇသင်္ကြိုတို့ ဖြစ်ကြောင်း ပုဂံနိဒ္ဒေသစာတမ်းကဆိုပါသည်။

စတုတ္ထမြောက်ပုဂံတွင် ထီးနန်းစိုးစံခဲ့ကြသူ ပုဂံ ဘုရင်များမှာ

(၃၄) ပျဉ်ပြားမင်း (၈၄၆–၈၇၆)
(၃၅) တန်နက် (၈၇၆–၈၉၄)
(၃၆) စလေမင်းခွေး (၈၉၄–၉၂၄)
(၃၇) သိန်းခို (၉၂၄–၉၄၆)
(၃၈) ညောင်ဦးစောရဟန်း (၉၄၆–၉၉၁)
(၃၉) ကျောင်းဖြူ (၉၉၁–၁၀၁၃)
(၄၀) ကျည်းစို (၁၀၁၃–၁၀၁၉)
(၄၁) စုက္ကတေး (၁၀၁၉–၁၀၄၄)





(၄၂) အနော်ရထာ (၁၀၄၄–၁၀၇၇)
(၄၃) စောလူးမင်း (၁၀၇၇–၁၀၈၄)
(၄၄) ကျန်စစ်သား (၁၀၈၄–၁၁၁၃)
(၄၅) အလောင်းစည်သူ (၁၁၁၃–၁၁၆၀)
(၄၆) နရသူ (၁၁၆၀–၁၁၆၅)
(၄၇) နရပတိစည်သူ (၁၁၆၅–၁၂၁၁)
(၄၈) နားတောင်းများ (၁၂၁၁–၁၂၃၁)
(၄၉) နရသိင်္ခ ဥဇနာ (၁၂၃၁–၁၂၃၅)
(၅၀) ကျစွာ (၁၂၃၅–၁၂၄၉)
(၅၁) ဥဇနာ (၁၂၄၉–၁၂၅၆)
(၅၂) နရသီဟပတေ့ (၁၂၅၆–၁၂၈၇)
(၅၃) ကျော်စွာ (၁၂၈၇–၁၂၉၈)
(၅၄) စောနစ် (၁၂၉၈–၁၃၂၅)
(၅၅) စောမွန်နစ် (၁၃၂၅–၁၃၆၈)

တို့ ဖြစ်ကြပါသည်။ ကျောက်စာမှတ်တမ်းများအရ ၁၂၅၆ ခုနှစ် အတွင်း နှစ်လမျှ ထီးနန်းစိုးစံခဲ့သူ မင်းယဉ်ကို ထည့်သွင်း တွက်ချက်လျှင် ပုဂံမင်းဆက် (၅၆)ပါးရှိပါသည်။

ပျဉ်ပြားမင်းတည်ထောင်ခဲ့သော စတုတ္ထပုဂံသည် နှစ်ပေါင်း (၅၁၉) နှစ် အကြာ စောမွန်နစ်မင်းလက်ထက် ခရစ်နှစ် ၁၃၆၈ ခုနှစ်တွင် ပျက်သုန်းခဲ့ရကြောင်း မြန်မာ ရာဇဝင်မှတ်တမ်းများ၌ ဖော်ပြကြ၏။ ပုဂံပျက်သုဉ်းလုနီး ကာလ ၉ ဖေဖော်ဝါရီ ၁၃၁၃ ခုနှစ်တွင် ပင်းယမြို့တော် သစ်၊ ၂၆ မတ် ၁၃၁၆ ခုနှစ်တွင် စစ်ကိုင်းမြို့တော်သစ်၊



www.burmeseclassic.com

www.burmeseclassic.com

၂၆ ဇန်နဝါရီ ၁၃၆၅ တွင် အင်းဝမြို့တော်သစ်များ အလျှိုလျှို ပေါ်ပေါက်လာခဲ့သည်။

ရှည်လျားလှသော ပုဂံခေတ်ကာလတစ်လျှောက် မင်းမိဖုရား၊ မှူးကြီးမတ်ရာများ၊ မြို့သူမြို့သားများက စေတီပုထိုးများ မြောက်များစွာ တည်ထားကိုးကွယ်ခဲ့ကြရာ နိုင်ငံခြားသားအများစုက စေတီပုထိုးများ တိုင်းပြည် (The Land Of Pagodas) ဟု ခေါ်ဆိုခဲ့ကြပါသည်။



# လှည်းဝင်ရိုးသံတညည့်

ပုဂံမြေတွင်ရှိသော စေတီ၊ ပုထိုးအရေအတွက်ကို "လှည်းဝင်ရိုးသံတစ်ညည့် ပုဂံဘုရားပေါင်း"ဟု မှတ်သားထားကြ၏။ ကိန်းဂဏန်းဖြင့် ဖလှယ်ကြည့်ပါက "၄၄၄၆၇၃၃" ဆူရှိပါသည်။ သို့သော် ယင်းကိန်းဂဏန်း အရေအတွက်မှာ အမှန်ရှိနေသည်ထက် အဆမတန် ပိုမိုများပြားနေကြောင်း တွေ့ရှိရ၏။ ပုဂံခေတ်က မုဆိုးမ,ပင်လျှင် ဘုရားတည်နိုင်ကြောင်း အဆိုရှိခဲ့သော်လည်း ဤမျှ များပြားလှသော အရေအတွက်လေးသန်းကျော်ရှိ ဘုရားများ တည်နိုင်ရန် လုံလောက်သော မြေနေရာရှိနိုင်မည်မဟုတ်ပေ။

သက်ကြီးရွယ်အိုတို့က ယင်းသံပေါက်ပါ ကိန်း



www.burmeseclassic.com

www.burmeseclassic.com



ဂဏန်းမှာ စေတီပုထိုးများရှိ ဗုဒ္ဓရုပ်ပွားတော်များ၊ ဆင်းတုတော်များ၊ နံရံဆေးရေးပန်းချီပါ ဘုရားပုံတော်များပါ ထည့်သွင်းရေတွက်ခြင်းဖြစ်သည်ဟု ဆိုကြ၏။ ဤသည်မှာ မရေမတွက်နိုင်သည့် သဘောသဘာဝကို စကားအရ ကောက်နေခြင်းသာဖြစ်သည်ဟူ၍လည်း မှတ်ယူနိုင်ပါသည်။ ယင်းသံပေါက်နှင့်အတူ အခြားနောက်ဆက်တွဲ သံပေါက်တစ်ခုလည်း ရှိပါသေးသည်။ "ရွှေလသာဝါဝါဝင်း၊ ပုဂံဘုရားမြစ်ကွင်း ရေချိုးဆင်း"ဟူ၏။ ၎င်းအရေအတွက် အတိုင်းဆိုပါက "၄၄၆၄၄၄" ဆူမှာ မြစ်ကမ်းပါးပြို၍ ရေထဲကျသွားသည်ဟုဆိုနိုင်ပါသည်။ ပြိုကျပျက်စီးသွားသည်ဆိုသော ဘုရားအရေအတွက်ကို နှုတ်လျှင်ပင် (၄၀၀၀၂၈၉) ဆူကျန်ရှိနေဆဲဖြစ်၏။

ပုဂံဘုရားများသည် ပုဂံခေတ်တစ်ခေတ်တည်းတွင် တည်ဆောက်ခဲ့ခြင်းမဟုတ်ဘဲ ကုန်းဘောင်ခေတ်တိုင် ဘုရားတည်မှုရှိနေဆဲဖြစ်ကြောင်း ပုဂံသဗ္ဗညုဘုရားအနီး သီပေါမင်း၏ ကုသိုလ်တော်စေတီတစ်ဆူက သက်သေပြုလျက်ရှိပါ သည်။ သို့သော် ခေတ်အဆက်ဆက် တည်ခဲ့သည့်တိုင် ဤမျှ များပြားလှသည့် အရေအတွက်မရှိနိုင်ကြောင်း သိသာထင်ရှား လှ၏။ မြစ်ကမ်းနံဘေးရှိ ဗူးဘုရား၊ ရွှေစည်းခုံ၊ လောက နန္ဒာ၊ တစ်ကြောတွင်ဘုရားပုထိုးစေတီများ ရေထဲပြိုကျ ပျောက်ဆုံး မှုမျိုးလည်းမကြားဖူးခဲ့ပေ။ ဤသို့ဖြင့် ပုဂံဘုရား အရေအတွက် သံပေါက်ကို တစ်မျိုးတစ်ဖုံ ကြံဆကြပြန်ပါသည်။

သံပေါက်ဟူသည် "အစလေးလုံး၊ အလယ်သုံး၊





အဆုံးငါးခုသာ"ဟူဆိုသည့်အတိုင်း အစလေးလုံးကိုသာ ရေတွက်ရမည်ဟူ၏။ သို့ဆိုလျှင် ဘုရားဆူရေ (၄၄၄၆)ဆူ သာရရှိပေလိမ့်မည်။ အင်းဝခေတ် မိုးညှင်းသတိုး (၁၄၂၆–၁၄၃၉) မင်းလက်ထက်က ပုဂံဘုရားအရေအတွက်အား "ဝင်းဝင်း ထိန်လျှံ ပုဂံဘုရားပေါင်း"ဟု ရေတွက်မှတ်သားခဲ့ဖူးသည်။ ကိန်းဂဏန်းအရ (၄၄၇၄) ဆူဖြစ်၏။ ကုန်းဘောင်ခေတ်အမှတ်အသား၌လည်း –

မြတ်ဘုရားဆူရေ
ဖြူရွှေလို့ဝင်း။
ပုဂံပြည်
ဘယ်တိုင်းဘယ်ဌာနီနှင့်
စံမမီလွန်ထင်ရှား
စောမုနိများ ။ ။

ဟူ၍ တွေ့ရှိရ၏။

"ဖြူရွှေလို့ဝင်း"ဟူသော အရေအတွက်မှာ (၅၄၄၄) ဆူဖြစ်၏။ အချို့သော မြန်မာသံပေါက် ဂဏန်းများမှာ ပြောင်းပြန် ဖတ်ယူရသည်လည်းရှိရာ (၄၄၄၅) ဆူလည်း ဖြစ်နိုင်ပါသည်။ လှည်းဝင်ရိုးသံ (၄၄၄၆)ဆူဖြင့်ဆိုလျှင် တစ်ဆူသာကွာပါသည်။ ဗြိတိသျှခေတ်တွင် ကမ္ဘည်း ကျောက်စာဌာနမှ စာရင်းကောက်ယူရာ (၂၁၇၁)ဆူရှိသည် ဆို၏။ ဘုရားအရေအတွက် ငါးထောင်ဝန်းကျင်အနက် နှောင်းခေတ်ကာလတွင် အရေအတွက် တစ်ဝက်ခန့်သာ ကျန်တော့သည်ဟုဆိုနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အကျယ်အဝန်း (၁၆) စတုရန်းမိုင်ခန့်ရှိသည့် ပုဂံမြေတွင် ၁၉၇၃ ခုနှစ်အထိ ကောက်ယူရေတွက်ထားသည့် စာရင်းအရ သာသနိကအဆောက်အအုံ ၂၂၁၇ ခု (ကျောင်းကြီးအုတ်နီ) ရှိပါသည်။ ယင်းများပြားလှသော ပုဂံစေတီပုထိုးများအနက် ထင်ရှားသောဘုရားစေတီအချို့ကို သွားရောက်ဖူးမြော်ရင်းစိတ်ဝင်စားဖွယ်သမိုင်းကြောင်းနှင့် လှေ့လာကြည်ညိုဖွယ်ရာများအား ကြည့်ရှုလေ့လာကြည်ညိုနိုင်ကြပါသည်။ ဤစာအုပ်တွင် ပုဂံစေတီပုထိုးများအား စုံလင်စွာ ဖော်ပြနိုင်ခြင်းမရှိသော်လည်း အရေးပါသော စေတီပုထိုးများ၊ ဥမင်လိုဏ်ဂူများအား အကျဉ်းအားဖြင့် လက်လှမ်းမီသ၍ ဖော်ပြထားပါသည်။



# ပုဂံဘုရားဖူးလမ်းညွှန်

မြန်မာနိုင်ငံအရပ်ရပ်မှ ပုဂံသို့ဘုရားဖူးခရီး သွားရောက်လိုကြသူများအတွက် မော်တော်ကားလမ်း၊ မီးရထားလမ်းခရီး၊ ရေလမ်းခရီး၊ လေကြောင်းခရီးတို့မှ သွားရောက်နိုင်ကြပါသည်။

**မော်တော်ကားလမ်း**

ရန်ကုန်မြို့မှ ပုဂံမြေသို့ သွားရောက်လိုသူများ အတွက် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အောင်မင်္ဂလာ အဝေးပြေးဝင်းအတွင်းရှိ ပုဂံကားဂိတ်များမှလည်းကောင်း၊ ရန်ကုန်မြို့၊ အောင်ဆန်းအားကစားပြိုင်ကွင်းအနီး ပုဂံကားဂိတ်များမှလည်းကောင်း လက်မှတ်ဝယ်ယူသွား ရောက်နိုင်ကြ၏။ ရန်ကုန်-ပုဂံ မော်တော်ကားလမ်းခရီးမှာ (၄၂၆) မိုင်ကွာဝေးပါသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ မြို့ကြီးများတွင် မြို့ရှောင်လမ်းများဖောက်လုပ်လျက်ရှိရာ ပြီးစီးအသုံးပြုနိုင်ပါက ခရီးတာတိုလာနိုင်ပါသည်။

မန္တလေးဘက်မှ သွားရောက်လိုသူများသည် မိတ္ထီလာမှတစ်ဆင့် သွားရောက်နိုင်ကြ၏။ ပုဂ္ဂလိကလိုင်းကားများ မှန်လုံကားများ နေ့စဉ်ပြေးဆွဲလျက်ရှိရာ ခရီးသွားလာရေးအတွက် အဆင်ပြေလှ၏။

မီးရထားလမ်း

ရန်ကုန်–ပုဂံမီးရထားလမ်းကို ၁၂ ဖေဖော်ဝါရီ ၁၉၉၇ တွင် စတင်ဖွင့်လှစ်လိုက်ရာ မီးရထားလမ်းခရီးမှ လည်း လွယ်လင့်တကူသွားရောက်နိုင်ကြပြီဖြစ်၏။ ရှမ်းပြည်နယ်မှ ဘုရားဖူးလာရောက်သူများသည် သာစည်ဘူတာမှ တဆင့် လည်း မော်တော်ကားများဖြင့် သွားရောက်ကြလေ၏။

ရေလမ်းခရီး

မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးမြို့ ဂေါဝိန်ဆိပ်မှ ညောင်ဦးသို့ သင်္ဘောစီး၍လည်း လာရောက်နိုင်ပါသည်။ ရေဝ ြစ်ကြောင်းတစ်လျှောက်လှပသော ရှုမျှော်ခင်းများကို ြ ည့်ရှုရင်း ဘုရားဖူးလာရောက်နိုင်ကြ၏။

လေကြောင်းခရီး

ယခုအခါ ရန်ကုန်–ပုဂံ၊ မန္တလေး–ပုဂံ၊ လေကြောင်းခရီးစဉ်များကို နေ့စဉ် ပျံသန်းပြေးဆွဲလျက်ရှိရာ လေကြောင်း





ခရီးမှလည်း သွားရောက်နိုင်ကြ၏။ လမ်းပမ်းဆက်သွယ်ရေး လွယ်ကူချောမွေ့လှသော ယခုခေတ်အခါတွင် မြန်မာနိုင်ငံ အရပ်ဒေသအသီးသီးမှ ဘုရားဖူးခရီးသည်များ လွယ်လင့်တကူ လာရောက်ဘုရားဖူးနိုင်ကြပြီဖြစ်ပါသည်။

ဟိုတယ် တည်းခိုခန်းနှင့် စားသောက်ဆိုင်များ

ပုဂံမြေတွင် တည်းခိုစားသောက်နိုင်ကြသော ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်များအမည်မှာ အောက်ပါအတိုင်းဖြစ်၏။

(ညောင်ဦး)

သံတဲဟိုတယ်၊ အောင်မင်္ဂလာဟိုတယ်၊ စပါယ်မြိုင်တည်းခိုရိပ်သာ၊ ဇာခြည်ဝင်းတည်းခိုရိပ်သာ၊ ဒိုင်းမွန်းအီးဂဲလ်ဟိုတယ်၊ နယူးလိုက်ဖ်တည်းခိုရိပ်သာ၊ ပဥ္စရူပတည်းခိုရိပ်သာ၊ ပန်းချယ်ရီတည်းခိုရိပ်သာ၊ ရတနာတည်းခိုရိပ်သာ၊ ရွှေလီတည်းခိုရိပ်သာ၊ လပ်ကီးဆဲဗင်းတည်းခိုရိပ်သာ၊ သမီးတော်တည်းခိုရိပ်သာ၊ အေဒင် တည်းခိုရိပ်သာ၊ အောင်သစ္စာညွှန့်ရိပ်သာ၊ ရွှေမြန်မာ တည်းခိုရိပ်သာ၊ နေရှင်းစားသောက်ဆိုင်။

(ပုဂံမြို့ဟောင်း)

ပုဂံဟိုတယ်၊ သီရိပစ္စယာဟိုတယ်၊ သံတဲ ဟိုတယ်၊ ရေဘော်ဟိုတယ်၊ သရပါစားသောက်ဆိုင်

(ဝက်ကြီးအင်း)

ဂိုးဒင်းအိပ်စပရက်ဟိုတယ်၊ အောင်မင်္ဂလာဟိုတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နယူးဝေ့ဗ်ညည့်ရိပ်သာ၊ နန္ဒာစားသောက်ဆိုင်၊ မားသားစားသောက်ဆိုင်၊ မြရတနာ စားသောက်ဆိုင်၊ အေးရိပ်သာ စားသောက်ဆိုင်

(ပုဂံမြို့သစ်)

ကြည်ကြည်မြညည့်ရိပ်သာ၊ ရူဝံညည့်ရိပ်သာ၊ သဇင်ဟိုတယ်၊ ကေတုမတီဟိုတယ်၊ တိုဟို ဟိုတယ်၊ ပုဂံအလှညည့်ရိပ်သာ၊ သီရိစန္ဒာညည့်ရိပ်သာ၊ ပတ္တမြားညည့်ရိပ်သာ၊ အရိမဒ္ဒနညည့်ရိပ်သာ၊ ဖရီးဘာဒ်ဟိုတယ်၊ ဗီးနစ်ဟိုတယ်၊ ဘလူးဘာဒ်ဟိုတယ်၊ ကွမ်းသီးဟိုတယ်၊ မြရည်နန္ဒာဟိုတယ်၊ ရှိုင်ရယ်စားသောက်ဆိုင်၊ ရစ်ဗားဗျူး စားသောက်ဆိုင်၊ Sunset စားသောက်ဆိုင်၊ စည်သူ စားသောက်ဆိုင်၊ ပွင့်မာလာစားသောက်ဆိုင်

ဘုရားဖူးခရီးစဉ်

ဘုရားဖူးခရီးသည်များအနေဖြင့် (၁) ရက် (၃) ရက် (၅) ရက်စသဖြင့် မိမိတို့အချိန်ပေးနိုင်သည့်အပေါ် မူတည်၍ စေတီပုထိုးများကို သွားရောက်ဖူးမြော်နိုင်ကြ၏။

တစ်ရက်တာခရီးအတွက် ညောင်ဦး၊ ရွှေစည်းခုံစေတီ၊ ဝက်ကြီးအင်းရွာ ဂူပြောက်ကြီးဘုရား၊ ထီးလိုမင်းလို၊ အာနန္ဒာစေတီ၊ မြင်းကပါဂူပြောက်ကြီး၊ အလိုတော်ပြည့်၊ မနုဟာ၊ အပယ်ရတနာ၊ အရှေ့ဖက်လိပ်၊ အနောက်ဖက်လိပ်၊ လောကနန္ဒာ၊ ဓမ္မရံကြီး၊ စူဠာမဏိတို့သို့ သွားရောက်ဖူးမြော်နိုင်ကြပါသည်။ အချိန်ယူလေ့လာလိုသူများအတွက်မူ





ပုဂံရှေးဟောင်းသုတေသနပြတိုက်ကြီးနှင့် နန်းတော်သစ်တို့အား တစ်ရက်သီးခြားလေ့လာနိုင်ကြ၏။

သုံးရက်တာအချိန်ရသူများအတွက် ပထမနေ့တွင် ညောင်ဦးဝန်းကျင်နှင့် ပုဂံဝန်းကျင်၊ ဒုတိယနေ့တွင် မြင်းကပါ၊ သီရိပစ္စယာဝန်းကျင်၊ တတိယနေ့တွင် မင်းနန်သူနှင့် ပုဂံမြို့သစ်ဝန်းကျင်ရှိ ဘုရားများအား ဖူးမြော်နိုင်ကြ၏။ ငါးရက်အချိန်ပေးနိုင်သူများတွက်မူ ပထမနေ့တွင် ညောင်ဦးမြို့မြောက်ဘက်ရှိ ဘုရားများနှင့် ရွှေစည်းခုံ၊ ဒုတိယနေ့တွင် ဝက်ကြီးအင်းတစ်ဝိုက် ပုဂံမြို့ဟောင်းတွင်းနှင့် အာနန္ဒာဘုရား၊ တတိယနေ့တွင် နန်းတော်၊ ပုဂံပြတိုက်၊ မြင်းကပါရွာမြောက်ပိုင်း၊ တောင်ပိုင်းနှင့် သီရိပစ္စယာဝန်းကျင် ဘုရားများ၊ စတုတ္ထနေ့တွင် ဓမ္မရံကြီးနှင့် မင်းနန်သူရွာ ဝန်းကျင်ဘုရားများ၊ ပဉ္စမနေ့တွင် ဖွားစောရွာနှင့် ပုဂံမြို့သစ်ဝန်းကျင်ဘုရားများကို လေ့လာဖူးမြော်နိုင်ကြ၏။




www.burmeseclassic.com

www.burmeseclassic.com

# ၁

# ညောင်ဦးမြို့အနီးဝန်းကျင်ရှိရှေးဟောင်းစေတီပုထိုးများ




www.burmeseclassic.com

www.burmeseclassic.com

## ✓ (၁) ငှက်ပစ်တောင်စေတီ



ဘွဲ့အမည် – ငှက်ပစ်တောင်ဘုရား

တည်နေရာ – ညောင်ဦးမြို့တွင်းအဝင် ကားလမ်းနံဘေးရှိ ဆပဒ ပုထိုး အလွန် အရှေ့ဘက်သို့ ချိုးဝင်သွားသော လမ်းအတိုင်း သွားရောက်ပါက





ငှက်ပစ်တောင် ဘုရားကို ဖူးတွေ့နိုင်ကြပါသည်။

တည်ထားကိုးကွယ်ချိန် – ခရစ်နှစ် ၁၀၅၈

### တည်ဆောက်ပုံ

စေတီ ၂ ဆူရှိရာ မြောက်ဘက်ဥမင်အတွင်း၌ ဉာဏ်တော် ၁၈ ပေရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးအား တည်ထားကိုးကွယ်ပါသည်။ ဂေါတမဘုရားဟူ၍ ခေါ်တွင်ပါသည်။

### သမိုင်းနောက်ခံ

ငှက်ပစ်တောင်ဟုဆိုသော်လည်း တောင်ကုန်းတောင်တန်းကြီးမဟုတ်ပဲ အမြင့် ၂၅ ပေခန့်သာရှိသည့် တောင်ပူစာကလေးဖြစ်ပါသည်။ ယခင်ငှစ်ပစ်တောင်မှာ ပုဂံခေတ်ဦးကာလ ပျူစောထီး ရာဇဝင်နှင့်လည်း ဆက်စပ်လျက်ရှိ၏။ မြန်မာသက္ကရာဇ် ၉၂ ခုနှစ်တွင် ပျူစောထီးမင်းက ငှက်ပစ်တောင်အရပ်၌ ငှက်ကြီးအား လေးဖြင့်ပစ်ခွင်းအောင်နိုင်မှု အထိမ်းအမှတ်အဖြစ် စေတီတည်ထားခဲ့သည်ဆိုပါသည်။

အနော်ရထာမင်း (၁၀၄၄–၁၀၇၇) လက်ထက်တွင် သထုံဒေသမှ ရှင်အရဟံ ပုဂံသို့ကြွရောက်လာကာ ထေရဝါဒဗုဒ္ဓဘာသာ စည်ပင်ပြန့်ပွားစေရန် သာသနာပြုလုပ်ငန်းများလုပ်ဆောင်ခဲ့သည်။ ပုဂံပြည်သူ ပြည်သားများသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြပြီး စေတီပုထိုးအများအပြား



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း တည်ထားကိုးကွယ်ခဲ့ကြ၏။ အနော်ရထာမင်းသည် ခရစ်နှစ် ၁၀၅၈ ခုနှစ်တွင် ညောင်ဦးဒေသ ငှက်ပစ်တောင်ထက်၌ ဉာဏ်တော် (၁၈) ပေရှိ ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို တည်ထားကိုးကွယ်ခဲ့သည်။ ထို့နောက် သထုံဒေသမှ သံဃာတော်အများအပြားအား ပင့်ဆောင်လျက် ညောင်ဦးဒေသ ငှက်ပစ်တောင်တွင် သီတင်းသုံးနိုင်ရန် ဥမင်နှင့်ကျောင်းများ ဆောက်လုပ်လှူဒါန်းခဲ့သည်။

ငှက်ပစ်တောင်တွင် ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်စသည့် ခေတ်အဆက်ဆက်၌ ရဟန်းသံဃာများ သီတင်းသုံးနေထိုင်ခဲ့ကြရာ ငှက်ပစ်တောင်ကျောင်းဟူ၍ ပေါ်ပေါက်လာခဲ့သည်။

### လေ့လာကြည့်ရှုဖွယ်ရာများ

ငှက်ပစ်တောင် ဂေါတမဗုဒ္ဓရုပ်ပွားတော်ကြီးတိုက် အတွင်း၌ ယင်းဒေသတစ်ဝိုက်တွင် အဘယဒါနဘေးမဲ့ပေးကြောင်း ကျောက်စာကိုထိန်းသိမ်း စိုက်ထူထားပါသည်။ အလောင်းမင်းတရားကြီးလက်ထက်တွင် ပဲခူး၊ ဟံသာဝတီကို တိုက်ခိုက်အောင်မြင်ပြီးနောက် ယခင် အနော်ရထာမင်းလက်ထက်က အဘယဒါနအဖြစ်လှူဒါန်းခဲ့သည့် မြေနေရာအား ထပ်မံဆက်ကပ်လှူဒါန်းပါသည်။ အလောင်းမင်းတရား၏ အလှူတော်ကို ၂၇ ဇန်နဝါရီ ၁၇၅၈ ခုနှစ်တွင် ငှက်ပစ်တောင်ကျောင်းဆရာတော် ရှင်ဓမ္မသာသနကိတ္တိအား ဆက်ကပ်ခဲ့ခြင်းဖြစ်ပြီး ကျောက်စာရေးထိုးမှတ်တမ်းတင်ခဲ့၏။





ဂေါတမဗုဒ္ဓရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်တော်မူရာ တိုက်နံဘေးမှ အပေါ်သို့တက်ရောက်ရသည့် ကုန်းမြင့်ထက်တွင် ဂူဘုရားငယ်တစ်ဆူရှိပြီး ယင်းဂူဘုရားအတွင်း၌ ရှေးဟောင်းကမ္ပည်းစာများနှင့် ပန်းချီများရှိပါသည်။ ငှက်ပစ်တောင်စေတီဟူ၍ နှစ်ဆူတည်ရှိရာ တောင်ဘက်စေတီတော်၏ နံရံရှိ ဗုဒ္ဓဆင်းတုတော်မှာ ခရစ်နှစ် ၁၃၆၄ ခုနှစ်က သိုက်တူးသမားများလက်ချက်ဖြင့် ပျက်စီးယိုယွင်းခဲ့သဖြင့် ငှက်ပစ်တောင် ဆရာတော်က ပြန်လည်ပြုပြင်ခဲ့ရကြောင်း ကမ္ပည်းမင်စာလည်း ရေးထိုးထားရှိပါသည်။

ငှက်ပစ်တောင်၏ အနောက်ဘက်တွင် ရှင်အရဟံ အုတ်ကျောင်းကို လေ့လာနိုင်ကြ၏။ အရှေ့ဘက်ဥပစာတွင် ဓမ္မသာလာခေါ် တရားဟောဆောင်ရှိပြီး ယခင်က သစ်သားဆောင်အုတ်ကြွပ်မိုးဖြစ်ဟန်ရှိပါသည်။ နောက်ဘက်၌မူ အုတ်ကျောင်းနှင့် တစ်ဆက်တည်း အုတ်တံတိုင်းကိုပါ တည်ဆောက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com

## ✓ (၂) ရွှေစည်းခုံစေတီ



| | | |
|---|---|---|
| ဘွဲ့အမည် | - | ရွှေစည်းခုံ |
| စေတီပုထိုးအမှတ် | - | ၁/၁ (က) |
| တည်နေရာ | - | ညောင်ဦးမြို့ အနောက်တောင်ဘက် ရောဝတီမြစ်နှင့် မလှမ်းမကမ်းတွင် တည်ရှိပါသည်။ |
| တည်ထားကိုးကွယ်ချိန် | - | ခရစ်နှစ် (၁၁) ရာစု |



### တည်ဆောက်ပုံ

ရွှေစည်းခုံစေတီကို ပစ္စယာသုံးဆင့်၊ ခေါင်းလောင်းပုံ၊ ခါးပတ်၊ ဘီလူးပန်းဆွဲ၊ ဖေါင်းရစ်အဆင့်ဆင့်၊ ကြာမှောက်ကြာလှန်၊ ထုပိကာ၊ ထောင့်စိုက်စေတီ၊ နတ်လှေကားများနှင့် တကွလှပတင့်တယ်စွာ တည်ဆောက်ထားပါသည်။ ရှေးအကျဆုံး မြန်မာစေတီပုံစံဖြစ်ပြီး မူလစေတီတော်မှာ ကျောက်ချပ်များဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။ ဉာဏ်တော်မှာ (၁၆၅) ပေမြင့်ပါသည်။

### သမိုင်းနောက်ခံ

ရွှေစည်းခုံစေတီတော်ကို စတင်တည်ထား ကိုးကွယ်ခဲ့သူမှာ အနော်ရထာမင်းမြတ် (၁၀၄၄–၁၀၇၇) ဖြစ်ပြီး ၁၀၆၀ခု ဇန်နဝါရီလ (၁၄) ရက်နေ့တွင် စတင် တည်ခဲ့ခြင်းဖြစ်သည်။ အနော်ရထာမင်းသည် သရေခေတ္တရာမှ ရရှိသည့် ဗုဒ္ဓမြတ်စွာ၏ နဖူးသင်းကျစ်တော်နှင့် တရုတ်ပြည်မှ ပင့်ဆောင်ခဲ့သော မြဆင်းတုတော်ရှင်တို့အား ပုဂံသို့ပင့်ဆောင်ကာ ရှင်အရဟံမထေရ်မြတ်နှင့် တိုင်ပင်လျက် ရွှေစည်းခုံစေတီ တော်၌ ဌာပနာခဲ့၏။ စေတီတော် ပစ္စယာသုံးဆင့်ပြီးစီးချိန်တွင် သီဟိုဠ် (သီရိလင်္ကာ) မှ ပင့်ဆောင်ရရှိသည့် စွယ်တော်မြတ်အား ထပ်မံဌာပနာ ပြုခဲ့ပါသည်။

စေတီတော်တည်ဆောက်ရာ၌ လိုအပ်သည့် ကျောက်ချပ်များကို တုရင်တောင်မှ လူတန်းကြီးသုံးတန်း တန်းလျက် လက်ဆင့်ကမ်းသယ်ယူခဲ့သည်။ သို့သော် စေတီတော်သည်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်မှုလုပ်ငန်းမှာ အနော်ရထာမင်းလက်ထပ်တွင် မပြီးပြတ်ခဲ့ပေ။ ကျန်စစ်သား (၁၀၈၄–၁၁၁၃) နန်းတက်လာပြီးနောက် ၁၀၈၉ ခု အောက်တိုဘာလ (၁၈) ရက်နေ့တွင် စေတီတော်ကို အပေါ်မှဌာပနာတည်ရာ ၁၀၉၀ ပြည့်နှစ် ဧပြီလ (၁၅) ရက်နေ့တွင်မှ ပြီးစီးခဲ့သည်။

စေတီတော်အရှေ့ဘက်စောင်းတန်းသွယ်၏ တစ်ဖက်တစ်ချက်တွင် မွန်ဘာသာလေးဖက်ဖြင့် အခိုင်အမာ စိုက်ထူရေးထိုးထားသည့် ကျန်စစ်သားမင်းကြီး၏ အထုပ္ပတ္တိကျောက်စာကို စိုက်ထူထားပါသည်။ ထို့ပြင် ဘုရင့်နောင်လက်ထက်၌ လှူဒါန်းခဲ့သည့် ခေါင်းလောင်းကြီးကိုလည်း တွေ့မြင်နိုင်ကြ၏။ ခေါင်းလောင်းထက်၌ မွန်မြန်မာ နှစ်ဘာသာဖြင့် အလှူတော်မော်ကွန်းကို ရေးထိုးထားရှိရာ ယင်းခေါင်းလောင်းစာအရ ၁၅၅၇ ခုနှစ်တွင် ဘုရင့်နောင်မင်းက ရွှေစည်းခုံ စေတီတော်အား ထုပိကာမှမြေသို့တိုင်အောင် ရွှေအပြည့် ထည့်တော်မူကြောင်း သိရှိရ၏။

ရွှေစည်းခုံ စေတီတော်ရင်ပြင် အနောက်မြောက်ထောင့်၌လည်း ကုန်းဘောင်ခေတ်ဦး မြေဒူးမင်း (ဆင်ဖြူရှင်) ၏ အလှူတော်ကျောက်စာ မှတ်တမ်းကိုလေ့လာဖတ် ရှုနိုင်ကြပါသည်။

**လေ့လာကြည့်ရှုဖွယ်ရာများ**

ရွှေစည်းခုံစေတီတော်တွင် လေ့လာကြည့်ရှုဖွယ်ရာများ အထူးများပြားလှပါသည်။





ရွှေစည်းခုံစေတီတော် ပထမပစ္စယံ၊ ဒုတိယပစ္စယံနှင့် တတိယပစ္စယံအသီးသီးထက်တွင် စဉ့်ကွင်းလက်ရာများကိုတွေ့ရှိနိုင်ကြရာ စုစုပေါင်း ၅၉၆ ချပ်ရှိကြောင်း တွေ့ရှိရ၏။ စဉ့်ကွင်းများမှာ အကြမ်းအားဖြင့် ၁၃ ပေ × ၁၃ ပေ အရွယ်ခန့်ဖြစ်ပြီး အချို့မှာ ပျက်စီးယိုယွင်းလျက်ရှိပြီဖြစ်၏။ စဉ့်ချပ် အကောင်းများပါ ဇာတ်သရုပ်ဖော်ပုံများမှာ ဒေဝဓမ္မဇာတ်၊ ဂါမဏိဇာတ်၊ မဃဒေဝဇာတ်၊ လက္ခဏဇာတ်၊ နိဂြောဓဇာတ်၊ ကဏ္ဍိနဇာတ်၊ အာဇညဇာတ်၊ သကုဏဇာတ်၊ တတ္တိရဇာတ်၊ သောမဒတ္တဇာတ်၊ ရောဟိဏီဇာတ်၊ မူလဇနကဇာတ်၊ သခ်ဓမဇာတ်တော်စသည့် ဇာတ်များမှ ထုတ်နုတ် ထားခြင်းဖြစ်ကြောင်း သိရှိရ၏။

စေတီတော်အရှေ့တောင်ထောင့် (၃၇)မင်းနတ်နန်းအတွင်းရှိ အမြင့်(၇)ပေရှိသော သိကြားမင်းရုပ်ထုကြီးမှာ ပုဂံခေတ်ဦးကာလ သစ်သားပန်းပုလက်ရာဖြစ်သည်။ ကြေးဂူတိုက်တံခါးရွက်ထက်မှ ပုဂံခေတ်ပန်းပုလက်ရာများမှာလည်း စိတ်ဝင်စားဘွယ်ဖြစ်သည်။ ယင်းပန်းပုရုပ်များထဲတွင် ပဝါစကိုင်၍က၊ နေဟန် ကခြေသည့်ပုံ၊ ဘင်ကိုကဲ့သို့သော တူရိယာတီးနေဟန်၊ လင်းကွင်းတီးဟန်များကို တွေ့ရှိလေ့လာနိုင်ကြ၏။ ဘုရားအနီးသစ်သားပြာသာဒ်ဆောင်၌မူ သူအို၊ သူနာ၊ သူသေ၊ ရဟန်းပုံ၊ မာရ်နတ်ပုံများ၊ ခြင်္သေ့ပုံ၊ ဂဠုန်၊ ဟနုမာန်မျောက်ရုပ်၊ ဒေါင်းရုပ်၊ ငှက်ရုပ်စသည်တို့ ထုလုပ်ထားသည်ကို တွေ့ရှိရ၏။ ထို့ပြင်လက်ရာမြောက်လှသည့် အခြားပန်းပုလက်ရာအများအပြားကိုလည်း တွေ့ရှိနိုင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်လေးမျက်နှာရှိ ကြေးဂူတိုက်အတွင်း၌ ဉာဏ်တော် (၁၃)ပေခန့်ရှိ ပဥ္စလောဟာမတ်ရပ်ဆင်းတုတော်တစ်ဆူစီကို ဖူးတွေ့နိုင်ကြ၏။ ပုဂံခေတ်ဦးကာလ၏ ကြေးသွန်းအတတ်ပညာကို လေ့လာအကဲခတ်နိုင်ကြသကဲ့သို့ အချိုးအစားကျနလှသဖြင့် များစွာကြည်ညိုဖွယ် ကောင်းလှပါသည်။ ထို့ပြင်ရတနာပုံခေတ် ဗုဒ္ဓဆင်းတုတော် ကျောက်ဆစ်လက်ရာ အများအပြားကိုလည်း ကြည်ညိုဖွယ်ရာ ဖူးတွေ့နိုင်ကြပါသည်။

လေ့လာကြည်ညိုဖွယ်ရာများထဲတွင် ကျန်စစ်သားမင်း၏ ကုသိုလ်တော်ဖြစ်ရှိသော ကျောက်ခြေတော်ရာ တစ်စုံကိုလည်း ဖူးတွေ့နိုင်ကြ၏။ အလျား ၃ ပေ၊ အနံ ၁ ပေ ၃လက်မ အရွယ်ရှိပြီး အမှတ်လက္ခဏာစုံကိုလည်း ထွင်းလုပ်ထားပါသည်။ ထူးခြားလှသည်မှာ အာနန္ဒာဘုရား အနောက်ဘက် အာရုံခံအတွင်းရှိ ကျောက်ခြေတော်ရာနှင့် တစ်ရွယ်တည်း၊ အမှတ်လက္ခဏာ တစ်ပုံစံတည်းတွေ့မြင် ဖူးမြော်ရမှု ဖြစ်ပါသည်။



## (၃) ကျန်စစ်သားဥမင်



ဘွဲ့အမည် – ကျန်စစ်သားဥမင်
သာသနိကအဆောက်အအုံအမှတ် – ၆၅/၅၁
တည်နေရာ – ညောင်ဦးမြို့၊ ရွှေစည်းခုံ စေတီတော်ကြီး၏တောင်ဘက် စောင်းတန်း အဆင်းလမ်းမ၏ အနောက်ဘက်ခြမ်းတွင် တည်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ချိန်　　　　– ခရစ်နှစ် (၁၁) ရာစု

တည်ဆောက်ပုံ

ပုဂံဒေသတွင် တွေ့ရှိရသော ဥမင် (၂၁) ခုအနက် တစ်ခု အပါအဝင်ဖြစ်ပါသည်။ အဝင်တံခါးမုခ်နှစ်ခုနှင့် အလယ်၌ တရားဟောပလ္လင်ထားရှိကာ အတွင်း၌ လိုဏ်ဂူကို စကြံန်လမ်းများနှင့်တကွ ခမ်းနားစွာ တည်ဆောက်ထားပါသည်။ သို့သော် အခြားဥမင်များကဲ့သို့မဟုတ်ဘဲ မြေပြင်ညီတစ်ဝက် မြေအောက်တစ်ဝက် အုတ်များဖြင့် ဥမင်ပုံသဏ္ဍာန် ဖန်တီးတည်ဆောက်ထားပါသည်။ ဥမင်ကျောင်း (Cave Monastery) ဖြစ်သည်။

သမိုင်းနောက်ခံ

ကျန်စစ်သားဥမင်ကို ကျန်စစ်သားဥမင်ဟူ၍ခေါ်ဆိုကြသော်လည်း အနော်ရထာမင်းလက်ထက်ကပင် တည်ရှိခဲ့သည်ဟု မှတ်ယူကြ၏။ ရေးဆွဲထားသော နံရံဆေးရေးပန်းချီများအရ ကျန်စစ်သားဥမင်မှာ (၁၁) ရာစုမှ (၁၃) ရာစုတိုင် တည်ရှိနေခဲ့ဖြစ်ကြောင်း သိရှိရပါသည်။ ဤဥမင်လိုဏ်ဂူအတွင်း ကျန်စစ်သားမင်း ပုန်းအောင်းနေခဲ့ဖူးကြောင်း အဆိုရှိကြသော်လည်း စင်စစ်အားဖြင့် ဗုဒ္ဓဘာသာဝင် ရဟန်းတော်များ သီတင်းသုံးကြရာ ကျောင်းနေရာသာဖြစ်ပါသည်။ ရှေးဟောင်းသုတေသနဌာနမှ ကျန်စစ်သားဥမင်ဟု အမည်ပေးထားသည့်တိုင် အချို့က အနော်ရထာဥမင်ဟုခေါ်ဆိုကြ၏။





လေ့လာကြည့်ရှုဖွယ်ရာများ

ကျန်စစ်သားဥမင်အတွင်း လေ့လာဖွယ်ရာအဖြစ် နံရံဆေးရေးပန်းချီများရှိပါသည်။ နံရံထက်၌ လက်ရာကြမ်းကြမ်းဖြင့် ရေးဆွဲထားခြင်းဖြစ်သော်လည်း များစွာစိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ နံရံဆေးရေးပန်းချီများထဲတွင် စိတ်ပုတီးနှင့် ရဟန်းပုံ၊ ဗုဒ္ဓခြေတော်ရာများ၊ သိမ်းငှက်ပုံ၊ ခွေးခြေငယ်ထက်၌ ထိုင်နေသော မွန်ဂိုတာတာစစ်သည်ပုံ၊ လေးပစ်နေသည့် အခြားမွန်ဂိုစစ်သည်ပုံ စသည်များကို တွေ့ရှိရ၏။ အတွင်းလိုဏ်ပတ်လမ်းဝက်ပါမှာ အလင်းရောင်နည်းပါးသည့် နေရာဖြစ်သော်လည်း နံရံဆေးရေးပန်းချီများကို ပုံဟန်ပေါ်လွင်အောင်ရေးဆွဲနိုင်ခဲ့ကြသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။


ဤတွင် ကျန်စစ်သားဥမင်အတွင်း နံရံထက်မှ ဆေးရေးပန်းချီများထဲတွင် ခရစ်ယာန်ဘာသာအမှတ်အသား လက်ဝါးကပ်တိုင်ပုံကိုလည်း တွေ့ရှိရသည်ဆိုပါသည်။ လက်ဝါးကပ်တိုင်ပုံအား ကြာပွင့်တစ်ပွင့်၏အလယ်တွင် ထည့်သွင်းထားပြီး နံဘေးမှပွင့်ချပ် (၈) ခုထက်တွင်ရှိသော လက်ဝါးကပ်တိုင် (၈) ခုက ဝန်းရံထားသည်ဆို၏။ အဆိုပါဒီဇိုင်းမှာ မတော်တဆ လက်ဝါးကပ်တိုင်နှင့်တူနေခြင်းသာဖြစ်သည့် ပန်းချီဒီဇိုင်း ရိုးရိုးသာဖြစ်သည်။ ရှေ့ဥပစာတွင် ကျောက်တုံးတန်းများ ရှိသဖြင့်လည်းကောင်း၊ အုတ်နံရံတွင် ပြသပုံအရာကျန်ရှိသဖြင့်လည်းကောင်း မူလကဓမ္မသာလာရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ✓ (၄) ကျောက်ဂူဥမင်



ဘွဲ့အမည် – ကျောက်ဂူဥမင်ဟူသည် မူလဘွဲ့မည်ဟုတ်ဟန်မတူပဲ သဲကျောက်ကမ်းပါးယံကို ထွင်း၍ အုတ်၊ ကျောက်များဖြင့် ဥမင်တည်ဆောက်ထားခြင်းကြောင့် ယင်းသို့ ခေါ်ဆိုကြခြင်း ဖြစ်ပါသည်။ ဥမင်ဘုရားဖြစ်သည်။





သာသနိကအဆောက်အအုံအမှတ် – ၁၅၄/၁၂၃

တည်နေရာ – ညောင်ဦးမြို့၏ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာ ရေဝတီမြစ်ကမ်းနံဘေး၌ တည်ရှိပါသည်။

တည်ဆောက်ချိန် – ခရစ်နှစ် ၁၁၈၈ ခုနှစ်

### တည်ဆောက်ပုံ

ရှေ့တွင် ဂန္ဓကုဋီတိုက်မကြီးတည်ရှိပြီး အတွင်းအပြင် အုတ်ကျောက်များဖြင့် တည်ဆောက်ထားပါသည်။ ဥမင်၏ မြောက်ဘက်တွင် အဝင်မုခ်နှင့် အာရုံခံခန်းမတို့ တည်ရှိ၏။ အာရုံခံခန်းမအတွင်း၌ မြောက်ဘက်သို့ မျက်နှာမူနေသော သဲကျောက်ဖြင့်ထုလုပ်ထားသည့် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူလည်း ထားရှိပါသည်။ ထို့ပြင် အရှေ့၊ အနောက်နှင့် မြောက်ဘက်တို့တွင် စင်္ကြံလမ်းများကိုလည်း ဖောက်လုပ်ထား၏။ ကျောက်ဂူဥမင်အတွင်းသို့ ရောက်ရှိပါက ဝင်္ကပါကဲ့သို့ ဖောက်လုပ်ထားသော လမ်းကြောင်းများအပြင် ကမ္မဋ္ဌာန်းတရား အားထုတ်နိုင်ရန် စီမံပြုလုပ်ထားသည့် အခန်းငယ်ကလေးများကို လည်း တွေ့နိုင်ပါသည်။ ကျောက်ဂူဥမင်၏ အရှေ့မြောက်ဘက်၌ အလင်းရောင်ဝင်စေရန် အပေါက်များ ဖောက်လုပ်ထား၏။

### သမိုင်းနောက်ခံ

ကျောက်ဂူဥမင်အတွင်း တွေ့ရှိရသော ကျောက်စာအရ



www.burmeseclassic.com

www.burmeseclassic.com



ပုဂံ နရပတိစည်သူမင်းကြီးသည် သခင်ထံပါး (သခင်ဓမ္မပါလ)၏ ဘုရားကို အလုပ်အကျွေးနှင့်တကွ ဝတ္ထုမြေနှင့် လှူဒါန်းဝတ္ထုများ လှူဒါန်းခဲ့ကြောင်း သိရှိရ၏။ ကျောက်စာကို "သက္ကရာဇ် ၅၅၀၊ သာသနာ ငါးထောင် တည်စိမ့်သောငှာ စည်သူမင်းကြီး နတ်ထမင်းရသော သခင်ထံပါဘုရားအား လှူတော်မူသော"ဟု အစချီလျှက် ရေးထိုးထားပါသည်။ ယင်းဘုရား၌ပင် ဥဇနာမင်း လက်ထက်၌လည်း ဆက်လက်လှူဒါန်းမှုများ ပြုခဲ့ကြောင်း ဆိုပါသည်။

ဤတွင် မြန်မာရာဇဝင်လာ ဓါးမကူးဆရာတော် အကြောင်းမှာလည်း စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။ ပုဂံ နရပတိ စည်သူမင်းလက်ထက်တွင် ရှင်ပဏ္ဍိတ အမည်ရှိသော မထေရ် မြတ်တစ်ပါးသည် မိမိအကျင့်သီလ စင်ကြယ်ကြောင်း သစ္စာ ပြုလျက် ဓါးသွေးကျောက်နှင့် ဓါးမကို ဧရာဝတီမြစ်အတွင်း သို့ ချလိုက်ရာ ဓါးသွေးကျောက်နှင့် ဓါးမတို့ ရေ၌ကူးသွား သည် ဆိုပါသည်။ ဤသို့ဖြင့် "ကျောက်ကူးဓါးမပါ"ဟူ သော စကားရပ် ပေါ်ပေါက်လာခဲ့သည်။ ဤတွင် ဓါးမပါဟူသော ဝေါဟာရမှာ ဓမ္မပါလ် (အရှင်ဓမ္မပါလ)မှ ဆင်းသက်လာဟန် ရှိ၏။ ကျောက်စာ၌ "သခင်ဓံပါ(ထံပါ)"ဟူ၍ ရေးထိုးထား ပါသည်။

## လေ့လာကြည့်ရှုဘွယ်ရာများ

ကျောက်ကူဥမင်သည် ရှေးပုဂံခေတ်ကာလက ရှင်ဓမ္မ ပါလ ကဲ့သို့သော ဆရာတော်များ တရားဘာဝနာ ကျင့်ကြံ





အားထုတ်ရာနေရာ ဖြစ်ခဲ့ပါသည်။ ဥမင်အပြင်ဘက်တွင် ဘီလူးပန်းဆွဲများ၊ နံ့ရံ အလယ်ပန်းတန်းများဖြင့် အလှဆင် ထားပြီး ဝင်ပေါက်အပြင်ဘက်ဝဲယာ ထောင့်ချိုးများ၌လည်း ဂုဏ္ဍာန်ပုံများ၊ ဘီလူးရုပ်များ၊ အမျိုးသမီးရုပ်၊ ကိန္နရာရုပ်များ၊ ပန်းကွက်များကို ဆန်းကျယ်စွာ ထုလုပ်ထား၏။ အတွင်း ဘက်ရှိ ဗုဒ္ဓရုပ်ပွားတော်ကြီး၏အထက်တွင် ကျောက်ဆစ် ရုပ်ကြွ ရုပ်ပွားတော်များကို ဖူးတွေ့နိုင်ကြသည်။

ကျောက်ဆစ်လက်ရာများတွင် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးလယ်ထွန်မင်္ဂလာပြုနေစဉ် ဘုရားလောင်း သိဒ္ဓတ္ထ မင်းသား ဇမ္ဗူသပြေပင်ရိပ်၌နေပုံ၊ မုစလိန္ဒာ သတ္တဟာစံနေပုံ၊ ဘုရားလောင်းဒုက္ကရစရိယာကျင့်နေပုံများကို လေ့လာကြည့်ရှု နိုင်ကြ၏။ ပုဂံခေတ်ကာလက ကျောက်ဂူဥမင်ကို စေတီတော် ပုံစံ တည်ထားခဲ့ဟန်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၅) ကုန်းတော်ကြီးဂူဘုရား



| | |
|---|---|
| ဘွဲ့အမည် | – ကုန်းတော်ကြီးဂူဘုရား |
| စေတီပုထိုးအမှတ် | – ၁၅၁/၁၂၂–က |
| တည်နေရာ | – နတ်သမိကျောင်းပါး၏ အရှေ့တောင်ဘက်ကုန်းထက်၌ တည်ရှိသည်။ |
| တည်ထားကိုးကွယ်ချိန် | – ခရစ်နှစ် ၁၃ ရာစု |





### တည်ဆောက်ပုံ

ကုန်းတော်ကြီးဂူဘုရား၏ တည်ဆောက်ပုံမှာ တစ်မူထူးခြားလှပါသည်။ ကုလားကျောင်းခံ ပစ္စယာများ အထက်၌ စေတီပေါက်ထားပြီး အထက်သို့ တက်ရောက်နိုင်ရန် ကြောင်လိမ်လှေကားလည်းထားရှိ၏။

### သမိုင်းနောက်ခံ

ကုန်းတော်ကြီးဂူဘုရားကို ပုဂံခေတ်နှောင်းကာလတွင် တည်ဆောက်ခဲ့ပြီး ရှေးခေတ် အခါက ဗုဒ္ဓဘာသာဝင်ရဟန်း၊ သံဃာတို့ သီတင်းသုံးနေထိုင်ရာ သာသနိက အဆောက်အအုံတစ်ခုဖြစ်ဟန်ရှိပါသည်။

### လေ့လာကြည့်ရှုဖွယ်ရာများ

ဂူဘုရားအပြင်ဘက်ရှိ ပန်းတမော့လက်ရာ အင်္ဂတေပန်းများမှာ စိတ်ဝင်စားဖွယ်ဖြစ်၏။ ထို့ပြင် ဘီလူးပန်းဆွဲများအတွင်းရှိ နတ်ရုပ်များ၊ နဂါးရုပ်ပုံများမှာလည်း လက်ရာမြောက်လှသည်။ ဂူဘုရားအတွင်းနံရံထက်တွင်မူ နံရံဆေးရေး ပန်းချီများကို လေ့လာကြည့်ရှုနိုင်ကြ၏။ ပန်းချီကားများ၏ အောက်ခြေ၌လည်း အကြောင်းအရာကို မင်စာဖြင့် ရေးသားဖော်ပြထားပါသည်။

တွေ့ရှိလေ့လာနိုင်သည့် ပန်းချီလက်ရာများမှာ နှစ်ကိုပ်ရှစ်ဆူဘုရားများ၊ ဗုဒ္ဓဝင်တောထွက်ခန်း၊ ဆန္ဒ အမတ်ကြီးက မြင်းမြီးဆွဲ၍ လိုက်ပါဟန်၊ မာရ်နတ်တားဆီးဟန်၊ ထိုပုံ



www.burmeseclassic.com

www.burmeseclassic.com




နတ်နှစ်ပါးက မြင်းခွာလေးခုကို ပင့်ကိုင်ထားဟန် သရုပ်ဖော် ရေးဆွဲထား၏။ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်ကို ပန်းချီကွက် ငယ်များဖြင့် သရုပ်ဖော်ထားပုံမှာလည်း လက်ရာမြောက်လှ၏။ ထို့ပြင် မြင့်မိုရ်တောင်နှင့် တောင်စဉ်ခုနစ်ထပ် သီတာ ခုနစ်တန် တို့ကိုလည်း ကမ္ပည်းစာများနှင့်တကွ ရေးဆွဲထားပါသည်။

ကုန်းတော်ကြီးဘုရားတွင်းရှိ မျက်နှာကျက်ပန်းချီ အချို့မှာ ၁၉၇၅ ခုနှစ် ငလျင်ဒဏ်ကြောင့် ကွာကျပျက်စီး ခဲ့ရသည်။ ဂူဘုရားကြီးအနောက်တောင်ထောင့်မှ ဘီလူး ပုံနှင့် နတ်ရုပ်ပန်းတော့လက်ရာများမှာ အဆင့်အတန်း မြင့်မား လှသည်။ ထို့ပြင် ဘုရားမုခ်ဝတံကဲထက်မှ ပန်းတော့ လက်ရာ များနှင့် ဗောဓိသတ္တရုပ်တို့မှာလည်း စိတ်ဝင်စားဖွယ် အနုစိတ် ထုလုပ်ထားသော လက်ရာဖြစ်သည်။

ကုန်းတော်ကြီးဂူဘုရားမှနေ၍ အနီးဝန်းကျင်ရှိ သကျမုနိဘုရားနှင့် ကျောက်ဂူဥမင်တို့သို့လည်း သွားရောက် ဖူးမြော်ကြည်ညိုနိုင်ကြ၏။



## (၆) ဝက်ကြီးအင်းဂူပြောက်ကြီး



ဘွဲ့အမည် - ညောင်ဦးဒေသမှ ဂူပြောက်ကြီး ဘုရားကို မြင်းကပါရပ်ရှိ ဂူပြောက် ကြီးဘုရားနှင့် ကွဲပြားခြားနားမှု ရှိစေရန် ဝက်ကြီးအင်း ဂူပြောက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဟု ခေါ်ဆိုကြ၏။

| | |
|---|---|
| စေတီပုထိုးအမှတ် | – ၂၉၈/၁၉၇ က |
| တည်ရှိနေရာ | – ဝက်ကြီးအင်းကျေးရွာ၏ အရှေ့ဘက်တွင်တည်ရှိပါသည်။ |
| တည်ထားကိုးကွယ်ချိန် | – ၁၃ ရာစု |

တည်ဆောက်ပုံ

ဝက်ကြီးအင်းရွာအနီးရှိ ဂူပြောက်ကြီးဘုရားကို မဟာဗောဓိပုံကွမ်းတောင်ပေါက် လိုဏ်နှစ်ဆင့်ဂူဘုရားအဖြစ် တည်ဆောက်ထားပါသည်။

သမိုင်းနောက်ခံ

ဝက်ကြီးအင်းဂူပြောက်ကြီး ဘုရားကို (၁၃) ရာစု ခေတ်ဦးကာလ၌ တည်ဆောက်ခဲ့သည်ဟု မှန်းဆရ၏။ ဝက်ကြီးအင်းဂူပြောက်ကြီးမှာ နားတောင်းများမင်း၏ ကုသိုလ်တော် ဖြစ်ကြောင်း မှတ်ယူကြပါသည်။ နားတောင်းများမင်းသည် နရပတိစည်သူမင်းနှင့် မိဖုရား စောမြကန်တို့မှ ဖွားမြင်ခဲ့သူ ဖြစ်ပြီး ခရစ်နှစ် ၁၂၁၁ ခုနှစ်မှ ၁၂၃၁ ခုနှစ်အတွင်း ပုဂံ၌ ထီးနန်းစိုးစံခဲ့သည်။

နားတောင်းများမင်းမှာ စာပေကျမ်းဂန်တတ်ကျွမ်းလိမ္မာသူဖြစ်ပြီး သူ၏လက်ထက်တွင် ငယ်ဆရာဖြစ်သော ဓမ္မဝိလာသမထေရ်အား မင်းဆရာအဖြစ် ချီးမြှင့်မြှောက်စားခဲ့သည်။





လေ့လာကြည့်ရှုဖွယ်များ

ဝက်ကြီးအင်းဂူပြောက်ကြီးဘုရားအား အိန္ဒိယဒေသရှိ မဟာဗောဓိစေတီတော်ပုံစံ တည်ဆောက်ထားရာ၌ ဂူအတွင်းနံရံများတွင် ပုဂံခေတ်ပန်းချီလက်ရာများကို လေ့လာကြည့်ရှုနိုင်ကြပါသည်။ ရှေ့ဘက်အာရုံခံအမိုးတွင် ဗုဒ္ဓခြေတော်ရာကွက်နှင့်အတူ လုပသော ပန်းချီကွက်များအား တွေ့မြင်နိုင်ကြ၏။ ထို့နောက် လက်ဝဲလက်ယာနံရံအပေါ် ပိုင်းတို့တွင် နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ဘေးဘက်တွင် ဗုဒ္ဓဝင်ဇာတ်လမ်းများ၊ အခြားဘက်နံရံတွင် (၅၅၀) ဇာတ်ကွက်များကို ကြည့်ရှုဖွယ် ဖူးတွေ့နိုင်ကြသည်။ ဆင်းတုပလ္လင်၏ ဘေးနောက်နံရံ လက်ဝဲလက်ယာ၌မူ မာရ်နတ်စစ်သည်တော်များပုံကို ဆန်းကြယ်စွာရေးဆွဲထား၏။

ပုဂံခေတ်ပန်းချီလက်ရာများကို လေ့လာရန်လွယ်ကူကောင်းမွန်လှသည့် ဝက်ကြီးအင်းဂူပြောက်ကြီးဘုရားမှာ တစ်ချိန်က မသမာသူများ၏ လက်ချက်ကြောင့် နံရံဆေးရေးပန်းချီချပ်ကြီး ပျောက်ဆုံးသွားခဲ့ဖူးပါသည်။ ရှေးဟောင်းသုတေသနဌာန တည်ထောင်ဖွင့်လှစ်ခြင်းမပြုမီ ၁၈၉၉ ခုနှစ်တွင် ဂျာမန်လူမျိုး ထောမန်းဆိုသူ ဦးဆောင်လျက် နံရံဆေးရေးအင်္ဂတေ ဆေးချပ်အား လွှဖြင့် တိုက်ဖြတ်ခိုးယူသွားခဲ့၏။ ယခုမြင်တွေ့နေရသည့် နံရံပန်းချီများမှာ မသမာသူတို့ယူဆောင်ရာ၌ ပါမသွားသည့် ကြွင်းကျန်နေသော လက်ရာအချို့သာဖြစ်ပါသည်။

နံရံအောက်ခြေရှိ မင်စာ စာတမ်းများမှာ ပါဠိဘာသာ



www.burmeseclassic.com

www.burmeseclassic.com




ဖြင့် ရှေးခေတ်မြန်မာစာအရေးအသားများ ဖြစ်ကြ၏။ အခြား စိတ်ဝင်စားဖွယ် နံရံဆေးရေးပန်းချီပုံများမှာ ပေါင်းကူးမျက်နှာကျက်ထက်မှ ပန်းခက်ပန်းနွယ်ပုံ၊ အလှ ပန်းပုံများ၊ နံရံတွင် တွဲလွဲကျနေသော ငှက်ရုပ်ပုံများ၊ သစ်ရွက်ပန်းပုံတန်းများ စသဖြင့် ဖြစ်ကြ၏။ ထို့ပြင် ဘုရားအပြင်ဘက်မုခ်ရှိ စုလစ်ပန်း၊ ရာမလက်ညှိုးမုခ်တံကဲပန်းနှင့် တိုင်ဖုံးပန်းများမှာလည်း လေ့လာဖွယ်ရာများဖြစ်ကြ၏။

အာရုံခံမျက်နှာကြက်၌ ပါဒစက်ခုံခြေတော်ရာတစ်စုကိုလည်း ဖူးတွေ့လေ့လာနိုင်ကြပါသည်။ ထို့ပြင် ငါးရာ့ငါးဆယ်ဇာတ်ကွက်များအကြား သတ္တဌာနခန်းများနှင့် ဗုဒ္ဓဝင်ရုပ်ခန်းများ၊ အာဠာဝကဘီလူးချွတ်ခန်း၊ ဒေါနပုဏ္ဏားဓါတ်တော်ဝေခန်း၊ ပနန္ဒောပနန္ဒ နဂါးမင်းနှင့် နာဠာဂီရိဆင်အောင်ခန်းများကို လက်ရာမြောက် စွာရေးဆွဲထားသည်ကို တွေ့မြင်နိုင်ကြပါသည်။ ဝက်ကြီးအင်း ဂူပြောက်ကြီးဘုရားကို ဖူးမြော်ကြည်ညိုကြပြီးနောက် ဂူပြောက် ကြီးဘုရား၏ အနောက်တောင်ယွန်းယွန်းရှိ ဂူပြောက်ငယ် ဘုရားသို့လည်း သွားရောက်ဖူးမြော်နိုင်ကြပါသည်။



## (၇) ဆပဒစေတီ



ဘွဲ့အမည် – ဆပဒစေတီသည် ပုဂံခေတ်နရပတိ စည်သူမင်းလက်ထက်သီဟိုဠ် (သီရိလင်္ကာ)သို့ သာသနာပြုကြွရောက်ခဲ့သည့် ဆပဒမထေရ်အား အစွဲပြု မှည့်ခေါ်ထားခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| စေတီပုထိုးအမှတ် | – ၁၈၇/၁၄၅ |
| တည်နေရာ | – ညောင်ဦးမြို့ တောင်ဘက်အဝင် အနော်ရထာလမ်းခွဲ၌ တည်ရှိပါသည်။ |
| တည်ထားကိုးကွယ်ချိန် | – ခရစ်နှစ် ၁၂ ရာစုနှောင်းပိုင်း |

တည်ဆောက်ပုံ

သီဟိုဠ် (သီရိလင်္ကာ)ပုံစံဖြစ်ပြီး သီဟိုဠ်နိုင်ငံ အနုရာဓမြို့ရှိ ထူပါရာမစေတီပုံစံကို အတုယူတည်ဆောက်ခဲ့သည်ဆိုပါသည်။

သမိုင်းနောက်ခံ

ဆပဒသာမဏေသည် ပုသိမ်နယ် ဆပဒရွာ ဇာတိဖြစ်၏။ ယင်းရှင်သာမဏေငယ်သည် ပုဂံနရပတိစည်သူမင်းလက်ထက် ခရစ်နှစ် ၁၁၇၀ ပြည့်နှစ်တွင် ဥတ္တရာဇီဝမထေရ်နှင့်အတူ သီဟိုဠ် (သီရိလင်္ကာ) သို့ လိုက်ပါသွားခဲ့၏။ ထိုနောက် သီဟိုဠ်၌ ရဟန်းခံခဲ့သည်။ သီဟိုဠ်တွင် နှစ်နှစ်ခန့်ကြာသောအခါ ဥတ္တရာ ဇီဝမထေရ် ပုဂံသို့ပြန်လည်ကြွရောက်လာခဲ့၏။

ခရစ်နှစ် ၁၁၈၁ ခုနှစ်တွင် ရှင်ဆပဒမထေရ်သည် အခြား သီဟိုဠ်ဆရာတော် များဖြစ်ကြသည့် ရှင်သီဝလိ၊ ရှင်တာမလိန္ဒ၊ ရှင်အာနန္ဒာနှင့် ရှင်ရာဟုလာတို့ကိုပင့်ဆောင်လျက် ပုဂံသို့ပြန်ကြွလာပါသည်။ ပုဂံသို့ရောက်ရှိသောအခါ





သီဟိုဠ်သံဃာ့အဖွဲ့အစည်းကို ထူထောင်ခဲ့သည်။ ထို့နောက် သီဟိုဠ် ပုံစံစေတီတော်ကို တည်ထားကိုးကွယ်ခဲ့ပါသည်။

လေ့လာကြည့်ရှုဖွယ်ရာများ

စေတီတော်ကို မဟာရံတံတိုင်းပတ်လည် ဝန်းရံထားပြီး ခေါင်းလောင်းပုံ၏ အထက်၌ ဓါတ်တော်တိုက်ကို ထည့်သွင်းထားပုံမှာ သီဟိုဠ်ပုံစံအဖြစ် လေ့လာဖွယ်ကောင်းလှ၏။ ထို့ပြင် စေတီတော်၏ ခေါင်းလောင်းပုံနှင့် ငှက်ပျောဖူးတို့အကြား၌ လေးထောင့်စပ်စပ်ဓါတ်တော်တိုက်ကို ကြားညှပ်ခံပုံမှာလည်း ထူးခြားလှပါသည်။ စေတီတော်မှာ ငလျင်ဒဏ်ကြောင့် ဖောင်းရစ်ပတ်လည် ပြိုကျပျက်စီးသွားခဲ့ဖူးပါသည်။ သီဟိုဠ်သာသနာနှင့် ပုဂံသာသနာပေါင်းကူးပေးသော စေတီတော်အဖြစ် ကြည်ညိုဖွယ်ဖြစ်သည်။ အချို့က ဆပဒစေတီကို ဘုရားနီဟုခေါ်ဆိုကြ၏။


ဆပဒစေတီနှင့် မလှမ်းမကမ်းရှိ ဆပဒေါပုထိုး (၁၆၄/၁၃၁–က)မှာလည်း ဆပဒစေတီနှင့် ဆက်စပ်လျက်များစွာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ၎င်းဆပဒေါပထိုးမှာ ခရစ်နှစ် ၁၄၄၂ ခုနှစ် အင်းဝခေတ်တွင် သီဟိုဠ်ပြန် ဆပဒ္ဓောသ မထေရ်ပင့်ဆောင်လာသော သရီရဓါတ်တော်များအား ဌာပနာပြုတည်ထားခဲ့ခြင်းဖြစ်သည်ဆို၏။ သို့သော် ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံမှုများကြောင့် ရှေးဟောင်းခေတ်ဟူ၍ မသိမြင်နိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

## (ဂ) သကျမုနိဘုရား



| | |
|---|---|
| ဘွဲ့အမည် | – သကျမုနိဘုရား |
| စေတီပုထိုးအမှတ် | – ၁၄၇ / ၁၁၈ |
| တည်နေရာ | – သကျမုနိဘုရားသည် ညောင်ဦးမြို့၏ အရှေ့မြောက်ဘက်၌ တည်ရှိပါသည်။ |
| တည်ထားကိုးကွယ်ချိန် | – ခရစ်နှစ် (၁၂) ရာစု |





### တည်ဆောက်ပုံ

မုခ်အနောက်လှည့်ဂူဘုရားဖြစ်ပြီး ကွမ်းတောင်ပေါက်လိုက်ဏ် တစ်ဆင့်ခံတည်ဆောက်ထားပါသည်။ ယင်းသကျမုနိဘုရား၏ တောင်ဘက်ကပ်လျက်ရှိ ဘုရားမှာလည်း သကျမုနိကဲ့သို့ပင် အနောက်လှည့် တည်ဆောက်ထားသည့် ဂူငယ်ဖြစ်၏။ သကျမုနိဘုရား၏ အတွင်းဘက် ပလ္လင်ထက်၌ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တည်ရှိပါသည်။ ထို့ပြင်ပစ္စယာသို့ တက်သည့်အတွင်းလှေကားနှင့် အလင်းဝင်ပေါက်များကိုလည်း ထည့်သွင်းတည်ဆောက်ထား၏။

### သမိုင်းနောက်ခံ

သကျမုနိဘုရားသည် နရပတိ စည်သူမင်းကြီး၏ မိဖုရား ဝေဠုဝတီ တည်ထားကိုးကွယ်ခဲ့သည့် ဝေဠုဝတီဘုရားနှင့်လည်း နီးကပ်စွာတည်ရှိပါသည်။ (ဝေဠုဝတီဘုရားကို ရွှေသပိတ်ဘုရားဟူ၍လည်း ခေါ်ဆိုကြ၏။) ထို့ပြင် ချောက်ဘုရားလှ (ချောက်ဖလ)မှာ နရပတိ စည်သူမင်း၏ ကုသိုလ်တော်ဖြစ်သဖြင့် သကျမုနိမှာ နရပတိစည်သူ၏ ကုသိုလ်ကောင်းမှု ဘုရားတစ်ဆူဖြစ်ဟန်ရှိပါသည်။

### လေ့လာကြည့်ရှုဖွယ်ရာများ

သကျမုနိဘုရားကို လေ့လာကြည့်ပါက ကွမ်းတောင်ပုံပန်းတော့ လက်ရာမှာထူးခြားလှသည်ကို တွေ့ရှိရ၏။ ထို့ပြင် ဘုရားတောင်ဘက်မုခ်ဆောင် မြောက်ဘက်အာရုံခံ ဒေါက်ကဲ



www.burmeseclassic.com

www.burmeseclassic.com



များမှာလည်း အနုစိတ်လက်ရာမြောက်စွာ ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ ထူးခြားချက်တစ်ရပ် အနေဖြင့် နံရံဆေးရေးပန်းချီနှင့် မင်စာများကိုလည်း လေ့လာနိုင်ကြပါသည်။ အသောကမင်းကြီးသည် စေတီတော်ပေါင်း (၈၄၀၀၀) တည်ခဲ့ကြောင်း၊ အာသောကရာမ တိုက်ကြီးကို တည်ခဲ့ကြောင်း၊ အသောကမင်းကြီး၏သမီး သင်္ဃမိတ္တာသည် မဟာဗောဓိညောင်ပင်မှ အပင်ပျိုအား သိန်းဃိုကျွန်း (သီရိလင်္ကာ)သို့ ရွှေ့ပြောင်းစိုက်ပျိုးခဲ့ကြောင်း စသည်တို့ကို မင်ဆေးရေးကဗ္ဗ ည်းစာများနှင့်တကွ ဖေါ်ပြထားပုံမှာ အမှန်ပင်ထူးခြားလှ၏။ ပန်းချီလက်ရာမှာလည်း အထူးလက်ရာမြောက်လှပါသည်။

သကျမုနိဘုရားအတွင်း ရှေးဟောင်းကျောက်စာတိုင်နှစ်တိုင်လည်း ရှိပါသည်။



## ✓ (၉) သမီးဝှက်နှင့် မြားသဂူ



| | | |
|---|---|---|
| ဘွဲ့အမည် | – | သမီးဝှက်နှင့်မြားသဥမင် (ဝမ်းဘဲကျဥမင်) |
| စေတီပုထိုးအမှတ် | – | ၁၅၂/၁၂၅ ယနှင့် ၁၅၁/၁၃၅ ဂ |
| တည်နေရာ | – | ငှက်ပစ်တောင်၏ အရှေ့မြောက်ဘက်၌ သမီးဝှက်ဥမင် တည်ရှိပြီး ယင်းသမီးဝှက်ဥမင်၏ မြောက်ဘက်၌ မြားသဥမင်တည်ရှိပါသည်။ |



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ချိန် - ခရစ်နှစ် (၁၂) ရာစု

တည်ဆောက်ပုံ

သမီးဝုက်နှင့် မြားသဂူများမှာ ထူးခြားစွာတည်ဆောက်ထားသော လိုဏ်ဂူများဖြစ်ကြပါသည်။ သဲကျောက်တောင်နံရံများကို ထွင်းဖောက်လျက် အပြင်မှ အုတ်ရိုးနံရံဖြင့် ခိုင်မာစွာ စီကာတည်ဆောက်ထား၏။ အိန္ဒိယနိုင်ငံရှိ လိုဏ်ဂူများကို အတုယူ၍ တည်ဆောက်ထားဟန်ရှိပါသည်။

မြားသဂူတွင်လည်းအတွင်း ဥမင်ခန်းများကို ဝက်ဘာကဲ့သို့ ဆောက်လုပ်ထားပြီး ဗုဒ္ဓရုပ်ပွားတော်များကိုလည်း တစ်ပါတည်း ထုလုပ်ထားပါသည်။

သမိုင်းနောက်ခံ

ပုဂံခေတ်နရပတိစည်သူမင်း (၁၁၆၅ -၁၂၁၁) လက်ထက်တွင် ဗုဒ္ဓသာသနာ စည်ပင်ထွန်းကားခဲ့ရာ သမီးဝုက်ဂူနှင့် မြားသဂူများမှာ ရဟန်းသံဃာများ တရားအားထုတ်ရာ လိုဏ်ဂူများဖြစ်ဟန်ရှိပါသည်။ သို့သော် ဒဏ္ဍာရီပုံပြင်အရ သမီးဝုက်ဂူနှင့် မြားသဂူများမှာ ပျူစောထီး အကြောင်းနှင့် ဆက်စပ်လျက်ရှိပါသည်။

သမုဒ္ဒရာဇ်မင်းလက်ထက်တွင် ပျူစောထီးသည် ပုဂံတွင်ပေါ်ပေါက်နေသည့် ကျား၊ ဝက်၊ ငှက်၊ နှင့်ရှူးပျံတို့အား နှိမ်နင်းရန်အတွက် ထွက်ခွာလာခဲ့ရာ ငှက်ကြီးကို ပစ်ရန်မြားချွန်သည့်နေရာကို မြားသဥမင်၊ ငှက်ကြီး၏ ရန်





ကြောင့်ပုဂံပြည်သူပြည်သားတို့က သမီးကညာများဝုက်ထားရာနေရာကို သမီးဝုက်ဥမင်ဟုလည်းကောင်း အမည်ပေးခဲ့ကြောင်း ဆိုပါသည်။

လေ့လာကြည့်ရှုဖွယ်ရာများ

သမီးဝုက်ဥမင်၏ တောင်ဘက်မျက်နှာကမ်းပါးနံရံတွင် အဝင်တံခါးပေါက် (၇)ပေါက်ရှိပြီး ဥမင်အတွင်း၌ ဘဲဥပုံ ဂန္ဓကုဋီလိုဏ်ဂူငါးခုရှိပါသည်။ ယင်းဂန္ဓကုဋီတိုက်တွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များနှင့် ပုဂံခေတ်နှင့် အင်းဝခေတ် နံရံဆေးရေးပန်းချီများမှာ လေ့လာကြည့်ရှုဖွယ် ကောင်းလှပါသည်။ သမီးဝုက် လိုဏ်ဂူအတွင်း အင်းဝခေတ် ၁၄၃၅ ခုနှစ် မိုးညှင်းမင်းတရား လက်ထက်တွင် ရေးထိုးခဲ့သည့် မော်ကွန်းကျောက်စာ တစ်ချပ်ကို တွေ့ရှိရပါသည်။ ယင်းကျောက်စာအရ ၎င်းတောင်တွင်း သခ်ယာက ကုသိုလ်ကောင်းမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရှိရပြီး ထိုစဉ်က ''ဝမ်းဘဲကျဥမင်'' ဟုခေါ်ဆိုကြောင်း သိရှိရပါသည်။ အလားတူ မြားသဥမင် အတွင်းနံရံများ၌လည်း ပုဂံခေတ်နံရံ ဆေးရေးပန်းချီများကို လေ့လာနိုင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

## (၁၀) အလိုတော်ပြည့်ဘုရား



| | | |
|---|---|---|
| ဘွဲ့အမည် | - | အလိုတော်ပြည့် |
| စေတီပုထိုးအမှတ် | - | ၃၇၄ / ၂၂၈ |
| တည်နေရာ | - | ထီးလိုမင်းလိုဘုရား၏ အရှေ့တောင်ဘက်၊ အနော်ရထာလမ်းမကြီး၊ မြောက်ဘက်အေး ရှိစဉ့်စေတီ၏ အရှေ့ဘက်၌ တည် ရှိသည်။ |





ထည်ထားကိုးကွယ်ချိန် - ခရစ်နှစ် (၁၁) ရာစု

### တည်ဆောက်ပုံ

မုန်ကိုအရှေ့ဘက်ကို လှည့်ထားပြီး စေထီပေါက်ဂူဘုရားအဖြစ် တည်ဆောက်ထားပါသည်။ အထက်ပစ္စယာများသို့ တက်ရောက်ရန် ကြောင်လိန်လှေကားလည်း ထည့်သွင်း တည်ဆောက်ထား၏။ အမိုးစောင်းများနှင့် အုတ်ဇာပေါက်ပြတင်းများမှာ ပုဂံခေတ်ဦးလက်ရာများဖြစ်ပါသည်။

### သမိုင်းနောက်ခံ

အလိုတော်ပြည့်ဘုရားကို ကျန်စစ်သားမင်း နန်းတက်စကာလ၌ပင် တည်ထားကိုးကွယ်ခဲ့ကြောင်း အဆိုရှိပါသည်။ ကျန်စစ်သားမင်းသည် ဘုရင်မဖြစ်မီ အနော်ရထာမင်းလက်ထက်၌ စစ်သူကြီးတစ်ဦးဖြစ်ခဲ့ရာ တစ်နေ့တွင် စစ်ထွက်လုနီးပါးကာလ၌ ယခုဘုရားတည်ရာနေရာ ရောက်လာပြီး အဓိဋ္ဌာန်ပြုခဲ့သည်ဟုဆို၏။ ယင်းသို့ အဓိဋ္ဌာန်ပြုစစ်ထွက်ရာ စစ်အောင်နိုင်ခဲ့သဖြင့် ရှင်အရဟံနှင့် တိုင်ပင်လျှက် စေတီတော်တည်ခဲ့ခြင်း ဖြစ်သည်ဆိုပါသည်။

အလိုတော်ပြည့်ဟူသော အမည်မှာ မူလအမည်ဟုဆိုနိုင်ပါသည်။ သင်္ကြီးတော့တ်သင်က အလိုတော်ပြည့်ဘုရားဂန္ဓကုဋိတိုက်အဝင်နံရံတွင် စာကြောင်းရေ (၁၆) ကြောင်းပါ မင်စာရေးထိုးထားရာ၌ . . .



www.burmeseclassic.com

www.burmeseclassic.com



"သင်ကြီးတေ့တ်သင်က အလိုဝ်ပြည့်မည်သော ဂူဘုရားနှင့် စဥ့်ပုထိုးတော်အား ကောဇာသက္ကရာဇ် ၅၅၆ခု နယုန်လဆန်း ၁၁ ရက်နေ့တွင် ပြုပြင်ပြီးစီးပါကြောင်း" ဟူ၍ဖော်ပြထား၏။ ယင်းမှတ်တမ်းအရ ၁ မေ ၁၁၉၄ တွင် ပြုပြင်ပြီးစီးခဲ့ကြောင်း သိရှိရ၏။

အလိုတော်ပြည့်ဘုရားသည် သင်ကြီးတေ့တ်သင် ပြုပြင်ပြီးနောက်ပိုင်း မထင်မရှားမေးမှိန်ခဲ့ရသည်။ ခြုံနွယ် ပိတ်ပေါင်းများဖြင့် ဖုံးလွှမ်းနေပြီး လူသူအရောက်အပေါက် လည်းမရှိသလောက်ဖြစ်ခဲ့၏။ ၈ ဇူလိုင် ၁၉၇၅ ခုနှစ်တွင် ငလျင်ဒဏ်ကြောင့် ကွဲအက်ပျက်စီးခဲ့သည်။ ထို့နောက် ၁၉၉၂ ခုနှစ်တွင် ရှေးဟောင်းသုတေသနဌာနမှ တာဝန်ရှိ သူများနှင့် ဆရာတော်ဘဒ္ဒန္တအရိယဝံသ၏ အမိဋ္ဌာန်ပြု ထုတ်ဖော်မှုကြောင့် စည်ပင်ထွန်းကားလာခဲ့သည်။ ယခုအခါ အလိုတော်ပြည့်စေတီတော်မှာဘုရားဖူးခရီးသည်များဖြင့် အမြဲမပြတ်စည်းကားလျက်ရှိပြီ ဖြစ်ပါသည်။


**လေ့လာကြည့်ရှုဖွယ်ရာများ**

အလိုတော်ပြည့်ဘုရားအတွင်းရှိ ဓမ္မစက္ကမုဒြာဟန် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီးစီးပါက လေသာ ပြူတင်းနှင့် တံကဲများ၏ ပန်းတော့လက်ရာများကို လေ့လာ နိုင်ကြ၏။



၂

# ပုဂံမြို့အနီးဝန်းကျင်ဒေသရှိ စေတီပုထိုးများ




www.burmeseclassic.com

www.burmeseclassic.com

## (၁) ဂေါ်တော့ပလ္လင်



| | |
|---|---|
| ဘွဲ့အမည် | - ဂေါ်တော့ပလ္လင် (ကန့်တော့ပလ္လလင်) |
| စေတီပုထိုးအမှတ် | - ၁၆၂၂/ ၉၃၀-က |
| တည်နေရာ | - ပုဂံမြို့တောင်ဘက် ကဗ္ဗာရာ လမ်းဘေးတွင် တည်ရှိပါသည်။ |
| တည်ထားကိုးကွယ်ချိန် | - ၁၁ ရာစု နှောင်းပိုင်း |





### တည်ဆောက်ပုံ

ဂေါ်တော့ပလ္လင် ဘုရားသည် ပုဂံရှိ ကြီးမားသော ဂူဘုရားကြီးများအနက် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ယခင်က လိုဏ်သုံးဆင့်ရှိဘုရားဟု သတ်မှတ်ထားသော်လည်း ၁၉၇၅ ခုနှစ် မြေငလျင်ကြောင့် လျှို့ဝှက်လိုဏ်ပတ်လမ်း တစ်လမ်းထပ်မံ ပေါ်ပေါက်လာရာ လိုဏ်လေးဆင့် ဘုရားဟုဆိုနိုင်ပါသည်။ ကွမ်းတောင်ပေါက်လိုဏ်ဂူဘုရားဖြစ်၍ ဉာဏ်တော်ပေ (၁၈၀) ခန့်မြင့်ပါသည်။

### သမိုင်းနောက်ခံ

ဂေါ်တော့ပလ္လင်ခေါ်ကန့်တော့ပလ္လင် ဂူဘုရားကို နရပတိစည်သူမင်းလက်ထက် ခရစ်နှစ် ၁၂၀၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပါသည်။ သို့သော် ဘုရားတည်ဆောက်ဆဲကာလ၌ပင် နရပတိစည်သူမင်းကြီး နတ်ရွာစံလွန်သွားခဲ့၏။ သို့ဖြင့် သားတော်နားတောင်းများမင်းလက်ထက်၌ ဆက်လက်တည်ထောင်ခဲ့ရာ ၂၆ မတ် ၁၂၂၇ တွင် ပြီးစီးခဲ့သည်။ ဂူဘုရားကြီး၏ မူလဘွဲ့အမည်မှာ ကန့်တော့ပလ္လင်ဖြစ်ပြီး အလောင်းစည်သူမင်းလက်ထက်က မိဘဘိုးဘွားများ ကန်တော့ရာနေရာတွင် နရပတိစည်သူမင်းက တည်ထားကိုးကွယ် ခဲ့ခြင်းဖြစ်သည်။ နောင် ကာလကြာရှည်သောအခါ ကန့်တော့ပလ္လင်မှ ဂေါ်တော့ပလ္လင်ဟူ၍ အမည်ပြောင်းလဲ ခေါ်ဆိုလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



လေ့လာကြည့်ရှုဖွယ်ရာများ

ဂေါ်တော့ပလ္လင်ဘုရားအတွင်း ဗုဒ္ဓဆင်းတုတော်များကို ကြည့်ညိုဖူးမြော်နိုင်ကြပါသည်။ အောက်ထပ်သို့ ဝင်လျှင်ဝင်ခြင်း အရှေ့ဘက်ခန်း၌ ဗုဒ္ဓရုပ်ပွားတော်ကြီးကို စတင် ဖူးမြော်နိုင်ကြသည်။ အပေါ်ထပ်တွင်လည်း ခန်းမ အတွင်း ရုပ်ပွားတော်ကြီးတည်ရှိပါသည်။ အောက်မှ အထက်သို့တက်နိုင်ရန် လှေကားထားရှိပါသည်။

ရှေးခေတ်အခါက နံရံဆေးရေးပန်းချီများရှိခဲ့သော်လည်း စေတနာရှင်များက ထုံးသုတ်လိုက်သဖြင့် ပျက်စီးသွားသည်မှာ များစွာနှမြောဖွယ်ကောင်းလှ၏။



# ၆ (၂) ကျွဲနားတောင်းစေတီ



ဘွဲ့အမည် – ကျွဲနားတောင်း
စေတီပုထိုးအမှတ် – ၁၆၀၃/၉၁၁
တည်နေရာ – နတ်လျောင်းကျောင်း၏ အနောက်



www.burmeseclassic.com

www.burmeseclassic.com



မြောက်ယွန်းယွန်း၌ တည်ရှိပါသည်။

တည်ထားကိုးကွယ်ချိန် – ခရစ်နှစ် (၁၀)ရာစု

တည်ဆောက်ပုံ

ငကျွဲနားတောင်းစေတီတော်ကို ရှေးကျသော ပုဂံဘုရားတည်ပုံအဖြစ် တွေ့ရှိရ၏။ သရေခေတ္တရာတွင် ပျူတို့တည်ခဲ့သည့် ဘောဘောကြီးဘုရား၊ ဘုရားကြီး၊ ဘုရားမာစသည့် စေတီပုံများနှင့်တူညီပြီး လုံးစောက်သော ပုံသဏ္ဍာန်ရှိကာ အောက်ခြေ၌ အုတ်ခုံအဝိုင်းဖြင့် ခံထားပါသည်။ စေတီဉာဏ်တော်မှာ (၄၄) ပေရှိပြီး စေတီတစ်ခုလုံးကိုလည်း စဉ့်စိမ်းရောင်သုတ်လိမ်းထားပါသည်။

သမိုင်းနောက်ခံ

ငကျွဲနားတောင်းဟူသော အမည်မှာ မူလကနားတောင်းကြီးအား ထောင်ထားဟန်နှင့်တူ၍ ရှေးဒဏ္ဍာရီပုံပြင်ပါ ပုဂံသားငကျွဲ၏ နားတောင်းပုံဟု ရယ်ရွှင်ဘွယ်ပြောဆိုကြရာမှ အမည်တွင်လာခဲ့ခြင်းဖြစ်၏။ ငကျွဲနားတောင်းစေတီကို တောင်သူကြီးမင်း (၉၃၁- ၉၆၄) ကတည်ထားခဲ့ကြောင်း အစဉ်အဆက်မှတ်သားထားကြသည်။ သူ့ရဲ စဉ့်ပုထိုးဟူ၍ ခေါ်ဆိုကြသည်ကိုလည်း တွေ့ရှိကြ၏။





လေ့လာကြည့်ရှုဖွယ်ရာများ

ငကျွဲနားတောင်းစေတီသည် စဉ့်ရည်သုတ်အုတ်ချပ်များစီ၍ တည်ဆောက်ထားသော စေတီဖြစ်သဖြင့် ပုဂံခေတ် စဉ့်ရည်သုတ်လုပ်ငန်း၏ ထူးခြားပြောင်မြောက်ပုံကို လေ့လာနိုင်ကြသည်။ ယင်းစဉ့်ရည်သုတ်အုတ်ချပ်များမှာ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ဝန်းကျင်က လုပ်ဆောင်ခဲ့သည့် လုပ်ငန်းဖြစ်သဖြင့် များစွာစိတ်ဝင်စားဖွယ်ကောင်းလှ၏။ ငကျွဲနားတောင်းစေတီမှာ ငလျင်ဒဏ်ကိုလည်း ခံခဲ့ရပြီး ယခုအခါ အောက်ပစ္စယာဆင့်များနှင့် အထက်သပိတ်မှောက်အရှည်၏ အပေါ်ထိပ်အထိမျှသာကျန်ရှိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၃) တုရင်တောင်စေတီ



| | |
|---|---|
| ဘွဲ့အမည် | – တုရင်တောင်စွယ်တော်မြတ် စေတီ |
| စေတီပုထိုးအမှတ် | – ၂၂၂၃ |
| တည်နေရာ | – ပုဂံမြို့သစ်၏ အရှေ့ဘက် (၇) မိုင်ခန့်အကွာ ပုဂံ–ညောင်ဦး၊ ကျောက်ပန်းတောင်းသွား ကားလမ်း၏အနောက်ဘက် ပုဂံဘူတာ၏ အနောက်တောင်ဘက် (၂) မိုင်ခန့်အကွာ တုရင်တောင်ပေါ်၌ တည်ရှိပါသည်။ |





| | |
|---|---|
| တည်ထားကိုးကွယ်ချိန် | – ခရစ်နှစ် (၁၁)ရာစု |

### တည်ဆောက်ပုံ

တုရင်တောင်စွယ်တော်မြတ်စေတီကို တုရင်တောင်ထိပ်၌တည်ထားပါသည်။ တုရင်တောင်မှာ လွန်ခဲ့သည့်နှစ်ပေါင်း ၂၅ သန်းက ဖြစ်ပေါ်ခဲ့သည့် သဲကျောက်တောင်ကြီးဖြစ်ပြီး သက်လူမျိုးများနေထိုင်ရာ သက်စိုးတောင်နှင့်ဆက်စပ်လျက်ရှိပါသည်။ တုရင်တောင်ဟူသော အသုံးအနှုန်းကို ပုဂံခေတ်ကျောက်စာများ၌ပင် တွေ့ရှိရ၏။ ပါဠိဘာသာ တုရဂ် မှဆင်းသက်လာပြီး ''မြင်းနှင့်တူသော တောင်''ဟူ၍ အဓိပ္ပါယ်ရပါသည်။

တုရင်တောင်စေတီတော်သည် သေးသွယ်ချွန်တက်သွားသည့် ဖောင်းရစ်အဆင့်ဆင့်၊ ခေါင်းလောင်းအောက်ခြေနှင့်ရှစ်မြှောင့် ပစ္စယာရှိ ကာဆင် ၃၂ ရုပ်ခံတည်ဆောက်ထားပါသည်။ မူလပုံသဏ္ဍာန်မှာ ရိုးစင်းလှသော်လည်း ခေတ်အဆက်ပြုပြင်မှုများကြောင့် ပုံစံပြောင်းလဲသွားပါသည်။

### သမိုင်းနောက်ခံ

အနော်ရထာမင်းသည် သီဟိုဠ် (သိရိလင်္ကာ) နိုင်ငံမှ ဝိဇယဗာဟု (၁) (၁၀၅၉–၁၁၁၄) ဆက်သလိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွယ်တော်ကို ထပ်မံပွားပြီးနောက် ရတနာ ပန်းတောင်းတွင်ထည့်ကာ ရတနာဆင်ဖြူထက်သို့ တင်လျက် အမိဋ္ဌာန်ဖြင့် စေလွှတ်ခဲ့သည်။ စွယ်တော်မြတ် ကိန်းဝပ်လိုရာ အရပ်၌ ဆင်ဖြူတော် တုံ့ဝပ်စေရန် အမိဋ္ဌာန်ပြုခဲ့ခြင်းဖြစ်သည်။ ဆင်ဖြူတော်သည် တုရင်တောင်ထက်သို့ တက်၍တုံ့ဝပ်ရာ ယင်းနေရာ၌ စွယ်တော်မြတ်ကို ဌာပနာပြုလျက် စေတီတော် တည်ခဲ့ခြင်းဖြစ်၏။

**လေ့လာကြည့်ရှုဖွယ်ရာများ**

တုရင်တောင်စေတီတော်ကို ဖူးမြော်ပြီးစီးပါက တုရင်တောင်ထက်မှ ရဟန္တာ ရုပ်ထုတော်များကို ကြည်ညို ဖူးမြော်နိုင်ကြသကဲ့သို့ စေတီတော်အနီး ကျောက်စာရုံမှ ကျောက်စာများကိုလည်း လေ့လာကြည့်ရှုနိုင်ပါသည်။ ကျောက်စာတိုင် သုံးတိုင်ရှိရာ စာကြောင်းရေ ၂၉ ကြောင်း ရှိ စောရဟန်းသိမ်ကျောက်စာ (အလယ်တိုင်) မှာ မြန်မာ စာပေသမိုင်းအတွက် အရေးပါလှ၏။ တုရင်တောင်ထက်ရှိ စောရဟန်းသိမ်ပျက်စီးနေသည်ကို မောင်းမနူတ်ဆက် အမွန်းရ အိုင်ပန်းဦးသင်နှင့် စာချီဗိုလ်တို့က ဥဇနာမင်းကြီး ခွင့်ပြုချက်ဖြင့် ၁၂၀၂ ခုနှစ်တွင် ပြင်ဆင်ဆောက်လုပ်ခဲ့ပုံ မှတ်တမ်းဖြစ်၏။



## (၄) တန့်ကြည့်တောင်စေတီ



ဘွဲ့အမည် – တန့်ကြည့်တောင်စွယ်တော်မြတ် စေတီ

တည်နေရာ – ဧရာဝတီမြစ်၏ အနောက်ဘက် ကမ်း တန့်ကြည့်တောင်ထက်၌ တည်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တည်ထားကိုးကွယ်ချိန် – ၁၁ ရာစု နှောင်းပိုင်း

တည်ဆောက်ပုံ

တန့်ကြည့်တောင် စွယ်တော်မြတ်စေတီကို တန့်ကြည့်တောင်ထက်၌ တည်ထားပါသည်။ ထီး၊ ငှက်ပျောဖူး၊ ဖေါင်းရစ်အဆင့်ဆင့်ဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ခေါင်းလောင်းပုံတွင် ရင်စည်းကိုလည်း ထည့်သွင်းတည်ဆောက်ထားပါသည်။ ခေါင်းလောင်းပုံအောက်ခြေတွင် ပစ္စယာ အဆင့်ဆင့်ခံထား၏။

သမိုင်းနောက်ခံ

တန့်ကြည့်တောင်ကို ရှေးခေတ်အခါက ဟိရညကတောင် (ရွှေငွေသတ္တု ထွက်ရာတောင်)ဟူ၍ ခေါ်ဝေါ်ခဲ့ကြ၏။ အနော်ရထာမင်းလက်ထက်တွင် သီဟိုဠ် (သီရိလင်္ကာ)ဘုရင် ဝိဇယ ဗဟု (၁) (၁၀၅၉–၁၁၁၄) ဆက်သလိုက်သောမြတ်စွယ်တော်အား ရွှေစည်းခုံစေတီတော်တွင် ဌာပနာခဲ့ပြီးနောက်အဓိဋ္ဌာန်ပြုခဲ့ရာ စွယ်တော်ပွားတစ်ဆူထပ်မံ ရရှိခဲ့၏။

အနော်ရထာမင်းသည် စွယ်တော်မြတ်အား ရတနာပန်းတောင်းတွင်ထည့်လျက် ရတနာဆင်ဖြူထက်တင်၍ အဓိဋ္ဌာန်ပြင့် စေလွှတ်ခဲ့သည်။ ဆင်ဖြူတော်သည် ဧရာဝတီမြစ်ကိုကူးသွားပြီးနောက် တန့်ကြည့်တောင်ထက်၌ တုံ့ဝပ်သဖြင့် ယင်းနေရာတွင် စွယ်တော်မြတ်ကို ဌာပနာပြုလျက် စေတီတော်တည်ထားကိုးကွယ်ခဲ့သည်။





လေ့လာကြည့်ရှုဖွယ်ရာများ


တန့်ကြည့်တောင်စေတီအား ဖူးမြော်ပြီးစီးပါက မြတ်စွာဘုရား ဗျာဒိတ်ပေးတော်မူဟန် ရုပ်ပွားတော်ကြီးကိုလည်း ကြည့်ရှုဖူးမြော်နိုင်ကြပါသည်။ ထို့ပြင် တန့်ကြည့်တောင်စေတီ၌ လေ့လာဖွယ်ရာ ရှေးဟောင်းကျောက်စာများလည်းရှိပါသည်။ တန့်ကြည့်တောင်စွယ်တော်မြတ်စေတီသည် ၁၉၇၅–ခုနှစ် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရာ အပြင်စေတီအတွင်းမှ စေတီတစ်ဆူပေါ်ပေါက်လာခဲ့၏။ ထို့ပြင် အနော်ရထာမင်း၏ကောင်းမှုတော် အုတ်ခွက်ဘုရားအများ အပြားကိုလည်း တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၅) ထီးလိုမင်းလို



ဘွဲ့အမည် - ထီးလိုမင်းလို
စေတီပုထိုးအမှတ် - ၁၈၁၂/၁၁၁၀
တည်နေရာ - ပုဂံမြို့ဟောင်းအတွင်း ညောင်ဦးမြို့သွား ကားလမ်းနံဘေး၌





တည်ရှိပါသည်။

တည်ထားကိုးကွယ်ချိန် - ခရစ်နှစ် ၁၂၁၈ ခု

**တည်ဆောက်ပုံ**

ထီးလိုမင်းလို ဂူဘုရားကို ကွမ်းတောင်ပေါက်သုံးဆင့်လိုဏ်ဂူဘုရားအဖြစ်တည်ဆောက်ထားပါသည်။ အလယ်လိုဏ်ဂူတွင် လျှို့ဝှက်ပတ်လမ်းရှိပြီး ကြောင်လိမ်လှေခါးထိပ်ရှိ လျှို့ဝှက်ပေါက်မှတစ်ဆင့် သွားရောက်နိုင်၏။ စေတီတော်နှင့် တံတိုင်းအုတ်စီလက်ရာတို့မှာ အလွန်ကောင်းမွန်လှပြီး သစ်သားတန်းမပါသည့် လေးထောင့်ပေါင်းကူးများကိုလည်း တွေ့မြင်နိုင်ကြပါသည်။ အောက်ထပ်လိုဏ်မဏ္ဍိုင်ပတ်လည်တွင် ယခင်ကမှန်ကပ် အချိုင့် (၂၂) ခုရှိပြီး ဗုဒ္ဓရုပ်ပွားတော်များလည်းရှိခဲ့၏။ အောက်ခြေပတ်လည် ၁၄၀ပေ၊ ဉာဏ်တော်မှာ ၁၅၀ပေခန့် ရှိပါသည်။

**သမိုင်းနောက်ခံ**

ထီးလိုမင်းလိုဟူသော ဝေါဟာရနှင့်ပတ်သက်၍ မြန်မာရာဇဝင်ဇာတ်လမ်းမှာ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ နရပတိစည်သူမင်းသည် နတ်ရွာစံလုနီးအချိန်တွင် အများကျေနပ်မှုရှိစေရန် သားတော်ငါးပါး၏အလယ်၌ ထီးဖြူကိုစိုက်လျက်မင်းဖြစ်ထိုက်သူ၏ ဘက်သို့ ထီးတော်ညွှတ်စေရန် အဓိဋ္ဌာန် ပြုခဲ့သည်ဆို၏။ ဤတွင်ထီးဖြူတော်မှာ ဇေယျသိခ်မင်းသား (နောင် နားတောင်းများမင်း)ရှိရာဘက်သို့ ညွှတ်ကျခဲ့သည် ဆိုပါသည်။ သို့ဖြင့် ထီးကလည်းလို မင်းက



www.burmeseclassic.com

www.burmeseclassic.com



လည်းလို၍ မင်းဖြစ်လာရသည်ကို အစွဲပြုလျက် ထီးလို မင်းလိုမင်းဟု ခေါ်ဆိုခဲ့ကြသည်ဆို၏။ ဤတွင်ထီးလို မင်းလိုသည် နောင်တော်လေးပါးအား ကျေနပ်မှုရှိစေရန် တိုင်းပြည်အုပ်ချုပ်ရေးကိစ္စအဝဝကို အမတ်များအဖြစ် ဆောင်ရွက်စေခဲ့သည်ဆိုပါသည်။ ကျောက်စာ အထောက်အထားများပါ ဇေယျသိခ်မင်း၏ အမတ်(၅)ပါး (လေးပါး မဟုတ်ပါ)သည် ရာဇဝင်ဇာတ်လမ်းထဲကကဲ့သို့ ညီအစ်ကိုများ မဟုတ်ကြပေ။ ယင်းအမတ်(၅)ပါးမှာ အသခ်ရာ၊ အနန္တသူရ၊ အသဝတ် အမတ်၊ ရာဇသင်္ကြန်နှင့် စတ္တလက်သူရတို့ဖြစ်ကြပါသည်။ ဇေယျသိခ် နားတောင်းများမင်း နန်းတက်စဉ်ပင် အမိကွဲညီနောင်များက ပုန်ကန်ခြားနားခဲ့ကြရာ အမတ်(၅) ပါးက အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့၏။ နားတောင်းများမင်း၏ ကုသိုလ်တော် ထီးလိုမင်းလိုဘုရားမှာ ပုဂံသုတေသန လမ်းညွှန် (ဦးဗိုကေ)စာအုပ်အရ ၂၈ ဖေဖော်ဝါရီ ၁၂၀၇တွင် စတင်တည်ခဲ့ကြောင်း သိရှိရရာ နရပတိစည်သူမင်း လက်ထက်တွင် စတင်တည်ခဲ့ပြီး နားတောင်းများမင်း လက်ထက်၌ အဆုံးသတ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ထီးလိုမင်းလိုဟူသော အမည်မှာလည်း တိလော ကမင်္ဂလာ (သုံးလောက၏ ကျက်သရေဆောင်) ဟူသော မွန်ဘာသာအရေးအသားကို အဖတ်မှားရာမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။





လေ့လာကြည့်ရှုဖွယ်ရာများ

ထီးလိုမင်းလိုဘုရားအတွင်း အပေါ်ထပ် လိုဏ်ဂူ၌ ဗုဒ္ဓရုပ်ပွားတော် (၄)ဆူ၊ အောက်ထပ်လှိုဏ်ဂူ၌ ရုပ်ပွားတော် (၄)ဆူထုလုပ် ကိုးကွယ်ထားရာ ဘုရားဖူးခရီးသည်များ ဖူးမြော်ကြည်ညိုနိုင်ကြပါသည်။ အပေါ်ထပ် အောက်ထပ် မုဒ်ကပ်ငယ်ပေါင်းများစွာ ပတ်လည်ရှိပြီး ဆင်းတုငယ်များလည်းရှိသည်။ စကြံန်ပတ်လမ်း မျက်နှာကျက်တို့တွင် မူလလက်ရာဖြစ်သော နံရံဆေးရေး ပန်းချီများ၊ ဇာတာခွင်များ၊ မင်စာများကို လေ့လာနိုင်ကြ ပါသည်။ နံရံမင်စာမှာ စာကြောင်းရေ (၃၄) ကြောင်း ရှိပြီး မိဖုရားစောတောကျောင်းနေ သဒ္ဓမ္မဒီဝါကရ မထေရ် မြတ်၏ ဆုတောင်းမေတ္တာ ကဗ္ဗည်းစာဖြစ်ပါသည်။


ထို့ပြင်ထီးလိုမင်းလိုဂူဘုရားကြီး၌ စဥ္စလက်ရာ၊ ပန်တော့လက်ရာများ ကိုလည်းလေ့လာနိုင်ကြပါသည်။ သဲကျောက်ပြားပေါ် စဥ္စသုတ်လက်ရာများရှိသော ဘုရားများ အနက် တစ်ဆူအပါအဝင်ဖြစ်သည်။ ထိုအပြင် အင်္ဂတေ ပန်းတော့လက်ရာကောင်းများရှိသော ဘုရားများအနက် တစ်ဆူအပါအဝင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၆) ဓမ္မရံကြီး



| | |
|---|---|
| ဘွဲ့အမည် | – ဓမ္မရံကြီးဘုရား |
| စေတီပုထိုးအမှတ် | – ၇၁၁/၃၆၅ |
| တည်နေရာ | – ပုဂံမြို့မှ မင်းနန်းသူဘက်သို့သွားရာ လမ်းအတိုင်း သွားရောက်ပါက လက်ယာဘက်ခြမ်း မလှမ်းမကမ်းတွင် ဓမ္မရံကြီးဘုရားကို ဖူးတွေ့နိုင်ကြ၏။ |





| | |
|---|---|
| တည်ထားကိုးကွယ်ချိန် | – ခရစ်နှစ် (၁၂)ရာစု |
| တည်ဆောက်ပုံ | |

"ထု–ဓမ္မရံ၊ဉာဏ်–သဗ္ဗညု၊ အနု အာနန္ဒာ" ဟူသော စကားနှင့်အညီ ကွမ်းတောင်ပေါက်လိုဏ်တစ်ဆင့်ဂူအဖြစ် ထုထည်အကြီးမားဆုံး တည်ဆောက်ထားသောဘုရားဟုဆိုနိုင်ပါသည်။ ပုံသဏ္ဍာန်ကိုအဝေးမှ ကြည့်ပါက အီဂျစ်ပိရမစ်ပုံစံ တွေ့မြင်နိုင်၏။ ပန္နက်ပုံစံမှာ ပုဂံအာနန္ဒာဘုရားနှင့် ဆင်တူပြီး စကြံန်နှစ်ထပ်ပတ်လည်နှင့် အာရုံခံလေးဘက်ပါရှိပါသည်။ အုတ်စီလက်ရာမှာ အထူးကောင်းမွန်လှပြီး မြေလျှင်ဒဏ်အကြိမ်ကြိမ်ခံရသည့်တိုင် ထိခိုက်မှုမရှိပေ။

### သမိုင်းနောက်ခံ

ဓမ္မရံကြီးဘုရားကို ခရစ်နှစ်၁၁၆၅ ခုနှစ်တွင် နရသူခေါ် ကုလားကျမင်းက တည်ခဲ့သည်ဟုဆို၏။နရသူမင်း သည်ဖခင်အလောင်းစည်သူမင်းအား သတ်ဖြတ်ခဲ့မိသည့် အတွက်နောင်တရရှိသဖြင့် မကောင်းမှု ပြေပျောက်စေရန်အတွက်ဓမ္မရံကြီး ဘုရားကို တည်ခဲ့ကြောင်းဆိုပါ သည်။ သို့သော်ဓမ္မရံကြီးဟူသော ဝေါဟာရမှာ ပုဂံခေတ် ကာလကဘုရားကြီး ၏အနောက် ဘက် အနီးတွင် သီတင်း သုံးခဲ့သောဓမ္မရံသီအရှင်သူမြတ်အား အစွဲပြုခေါ်ဆိုခြင်းသာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်ထုတ်ထားသော အဆောင်များအနက် အနောက်ဘက်ဆောင်၏ အလယ်တွင် ဗုဒ္ဓဆင်းတုတော်များနှင့်အတူ ကျောက်စာတိုင် အချို့ကိုလည်းတွေ့ရှိရ၏။ ကျောက်စာများမှာ ၁၁၆၅ ခု၊ ၁၂၁၆ခုနှင့် ၁၂၂၀ ခုနှစ်ထိုးကျောက်စာများဖြစ်ကြ၏။

လေ့လာကြည့်ရှုဖွယ်ရာများ

ဓမ္မရံကြီးဘုရားအတွင်း အရှေ့ဘက်မှဝင်ရောက်လိုက်သည်နှင့် ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဖူးမြော်နိုင်ကြ၏။ ယင်းအဆောင်မှအတွင်းအပေါ်ဆင့်သို့ တက်ရောက်ပါက ပဓာနဆင်းတုတော်ကြီးရှိရာ အခန်းသို့ရောက်ရှိနိုင်ပါသည်။ ဓမ္မရံကြီးဘုရားတွင် အရပ်လေးမျက်နှာသို့ ရှေ့ဘက်အဆောင်များထုတ်ထား၏။ ပေါင်းကူးနံရံထောင့်များတွင် သဲကျောက်များကို ကျင်တွယ်ပုံ ခုတ်လှီး၍ သံကူကွန်ကရစ်သဖွယ် ထည့်သွင်းထားပုံမှာ လေ့လာဖွယ် ဖြစ်ပါသည်။ထောင့်လေးထောင့်တွင်လည်း နံရံများအား တွဲဆက်နေစေရန်ထောင့်ချုပ်ပေါင်းကူးများ ပြုလုပ်ထား၏။

ဓမ္မရံကြီးဘုရားတွင် နံရံဆေးရေး ပန်းချီများကိုလည်းကြည့်ရှုနိုင်ကြ၏။ အထူးသဖြင့် ဆင်းတုတော်ပုံများကို ဖူးတွေ့နိုင်ကြသည်။ အလားတူ အင်္ဂတေပန်းများ၊ ရုပ်ထုများမှာလည်း လက်ရာမြောက်လှပါသည်။ ဓမ္မရံကြီးဘုရား မြောက်ဘက် အာရုံခံအတွင်းရှိ ကျောက်စာမှာ ၁၁၆၅ ခုနှစ်က အစောလတ် ဆိုသူကမြေနွား၊ ဉယျာဉ်၊ကန်၊ ကျွန် များပေးလှူကြောင်း ဖော်ပြရေးထိုး





ထား၏။ အနောက်ဘက် အာရုံခံအတွင်းရှိ ကျောင်းစာ၌ ဓမ္မရံသခင်မင်းဆရာပဏ္ဍိတ် ဟူသော စာတမ်းကို တွေ့ရှိရပါသည်။

ဓမ္မရံသခင်မှပင် ဓမ္မရံကြီးဟူ၍ ဖြစ်ပေါ်လာဟန်ရှိ၏။ အချို့ကလည်း ဓမ္မရံသီ (တရားရောင်ခြည်) ဟူသော ဝေါဟာရမှ တစ်ဆင့် ဓမ္မရံကြီးဟု ပေါ်ပေါက်လာကြောင်း အဆိုရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com

၆

## (၇) နတ်လှောင်းကျောင်း



| | | |
|---|---|---|
| ဘွဲ့အမည် | – | နတ်လှောင်းကျောင်း |
| အဆောက်အအုံအမှတ် | – | ၁၆၀၀/၉၀၈ |
| တည်နေရာ | – | သဗ္ဗညုဘုရားကြီး၏ အနောက်ဘက်၌ တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ် (၁၁)ရာစု |





### တည်ဆောက်ပုံ

နတ်လှောင်းကျောင်းကို လေးထောင့်အုတ်တိုက်ပုံ အထက်ကွန်းတောင်ဖြင့် တည်ဆောက်ထား၏။ အပြင်ပတ်လည်မုခ်ကပ် အချိုင့်များအတွင်း၌ ဗိဿနိုးနတ်မင်းဝင်စားခဲ့သော ဆယ်ဘဝဖြစ်စဉ်များကို ရုပ်ထုများဖြင့် သရုပ်ဖေါ်ထားပါသည်။

### သမိုင်းနောက်ခံ

နတ်လှောင်းကျောင်းသည် ပုဂံခေတ်ဦး ပြဟ္မဏ အယူရှိသူတို့ကိုးကွယ် ဝတ်ပြုရာအဆောက်အဦဖြစ်ပါသည်။ အနော်ရထာမင်းလက်ထက်တွင် ထေရဝါဒဗုဒ္ဓ ဘာသာပြန့်ပွားလာစေရန်ဆောင်ရွက်ရာ၌ အစဉ်အလာ ကိုးကွယ်ခဲ့သည့် နတ်များအား လှောင်ထားချုပ်နှောင်ရာ ကျောင်းဖြစ်ကြောင်း အဆိုရှိကြသည်၊ သို့သော် စင်စစ်အားဖြင့် နတ်လှောင်းကျောင်းသာဖြစ်ပါသည်။ နတ်လှောင် ကျောင်းမဟုတ်ပါ။ အတွင်း၌ လဲလှောင်းအိပ်စက်ဟန် ဗိဿနိုး နတ်မင်းကြီး ရုပ်ထုရှိသောကြောင့် နတ်လှောင်း ကျောင်းဟုခေါ်ဆိုကြခြင်း ဖြစ်ပါသည်။ နတ်လှောင်းကျောင်းအတွင်း တမီလ်ဘာသာဖြင့် ရေးထိုးထားသော ကျောက်စာတစ်ချပ်ကို တွေ့ရှိရရာ ယင်းကျောင်းအကြောင်း တစ်စွန်းတစ်စ သိရှိရပါသည်။ ကျောက်စာအရ နတ်လှောင်းကျောင်း၏ ဘွဲ့အမည်မှာ "နာနာ ဒေစီဗွင်နာဂရအလဝါဘုရားကျောင်း" ဖြစ်သည်။ ယင်းကျောင်း၌ ခရစ်နှစ် (၁၁)



www.burmeseclassic.com

www.burmeseclassic.com



ရာစုနှစ်က မဟာဒယာပတ္တနမ် မြို့နေ စရိကုလဆေခရစ်၏ တပည့် အိုင်ယာယီရန်စီရိယန်အမည်ရှိ ဗိသနိုးနတ် ကိုးကွယ်သူ သူတော်စင်တစ်ဦးက အရှေ့ဘက်ဝင်ဝင်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့ကြောင်းသိရှိရ၏။

ကျောက်စာ၌ ဘုရားကျောင်း ဆောက်လုပ်ရာဒေသကို အရိမဒ္ဒန ပုရမ်ဟုဖော်ပြထားပါသည်။ အနော်ရထာမင်း အနေဖြင့် ဗိသနိုးနတ်ကိုးကွယ်သူ တမိလ်လူမျိုးများ၏ ဆန္ဒအရ ပုဂံ၌ကျောင်းဆောက်ခွင့် ပြုခဲ့ဟန်တူပါသည်။ ထို့ကြောင့်လည်း နှောင်းခေတ်ကာလတွင် နတ်လှေျာင်း ကျောင်းကို အနော်ရထာမင်း၏ ကုသိုလ်တော်အဖြစ် ဖော်ပြကြခြင်း ဖြစ်ဟန်ရှိ၏။ တမိလ်ဘာသာ ကျောက်စာနှင့်ပတ်သက်၍ အနောက်တိုင်း သုတေသန ပညာရှင် Mr. Hultzch ကဖော် ထုတ်ခဲ့သဖြင့် သမိုင်းအချက်အလက်များ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

လေ့လာကြည့်ရှုဘွယ်ရာများ

နတ်လှေျာင်းကျောင်းကို ဗိသနိုးနတ်ဆိုင်ရာ ရုပ်ထုများနှင့် သေချာကျနစွာ တည်ဆောက်ထား၏။ နတ်လှေျာင်းကျောင်းအတွင်း အနန္တနဂါးထက်၌ ဗိသနိုး နတ်လဲလှေျာင်းအိပ်စက်နေဟန်၊ ချက်မှ ကြာရိုးထွက်၍ ကြာပွင့်များထက်၌ ဗြဟ္မာဘာသာနတ်များ တည်နေဟန် တို့ကိုတွေ့မြင်နိုင်ကြသည်။ သို့သော်အလယ်တွင် ဌာပနာတိုက် ဖောက်သူတို့ကြောင့် အပျက်အစီးများ ရှိနေပါသည်။





နံရံမုခ်ကပ်များအတွင်းတွင် ဗိသနိုးနတ်မင်း၏ ကိုယ်ပွားများဖြစ်ကြသော မစ္ဆ(ငါးမင်း)၊ ကုရ်မ(လိပ်မင်း)၊ ဝါရဟ(ဝက်မင်း)၊ နရသိဟ(ခြသေ့်မင်း)ပုံများနှင့် ကြာပလ္လင် ထက်၌ သီဝရုပ်ထုထိုင်နေဟန်၊ ဗိသနိုးနတ်ရုပ်များ မတ်တပ် ရပ်နေဟန်တို့ကို လေ့လာကြည့်ရှုနိုင်ကြသည်။ ဗိသနိုး နတ်မင်း၏ ဘဝဖြစ်စဉ် (၁၀)ဘဝတွင် နဝမမြောက်မှာ ဂေါတမဘုရားသခင်၏ ဆင်းတုတော်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## (ဂ) ပိဋကတ်တိုက်



| | |
|---|---|
| ဘွဲ့အမည် | – ပိဋကတ်တိုက် |
| သာသနိကအဆောက်အအုံအမှတ် | – ၁၅၈၇/၈၉၉ |
| တည်နေရာ | – သရပါတံခါး၏ အနောက်ဘက်၌ တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | - ခရစ်နှစ် (၁၁) ရာစု |





### တည်ဆောက်ပုံ

ပိဋကတ်တိုက်သည် အကျယ်အဝန်း (၅၀) စတုရန်းပေ၊ အမြင့်ပေ (၆၀) ခန့်ရှိပြီး လှပတင့်တယ်သည့် လက်ရာမြောက်လှသော အဆောက်အဦဖြစ်ပါသည်။ ထူးခြားချက်မှာ အမိုး (၅)ဆင့်နှင့်အထက်တွင် ထုပိကာထည့်သွင်းကာ ပြဿဒ် ပုံသဏ္ဌာန်တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ထို့ပြင် ကျောက်ဆစ်လက်ရာ လေသာပြတင်းများမှာလည်း လက်ရာမြောက်လှ၏။

### သမိုင်းနောက်ခံ

ပိဋကတ်တိုက်သည် အနော်ရထာမင်းလက်ထက်တွင် သုဝဏ္ဏဘူမိသထုံပြည်မှ ပင့်ဆောင်လာသော ပိဋကတ်တော်များထားရှိရာနေရာ ဖြစ်သည်ဆို၏။ ဤတွင် အနော်ရထာမင်းသည် သုဝဏ္ဏဘူမိသို့ သွားရောက် တိုက်ခိုက်ခဲ့သည် ဟူသောအဆိုမှာ မမှန်ပါ။ စင်စစ်အားဖြင့် အနော်ရထာမင်းသည် ခမာတို့အန္တရာယ်နှင့် ရင်ဆိုင်နေရသော သထုံအား သွားရောက်စစ်ကူပေးခဲ့ခြင်းသာဖြစ်ပါသည်။

အနော်ရထာမင်းသည် ၁၀၅၇ ခုနှစ်တွင် သထုံသို့ စစ်ချီခဲ့ခြင်းဖြစ်ပြီး အပြန်ခရီးတွင် ခမာတို့၏ အန္တရာယ်မှ ကင်းလွတ်စေရန် သထုံဘုရင် မနုဟာမင်းကိုပါ ပုဂံသို့ခေါ်ဆောင်လာခဲ့လေသည်။ ထိုစဉ်က ပိဋကတ် ကျမ်းစာများအား ပိဋကတ်တိုက်အတွင်း ထိန်းသိမ်းထားရှိခဲ့ဟန်တူ၏



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပိဋကတ်တိုက် အဆောက်အဦထောင့် ဒေါင်းရင်းများကို ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် ၁၇၈၃ ခုနှစ်တွင် အသစ်ပြင်ဆင်ခဲ့ရ၏။

**လေ့လာကြည့်ရှုဖွယ်ရာများ**

ပိဋကတ်တိုက်၏ ပုံသဏ္ဌာန်မှာ မိုးလျှော့ဂုံးများအရ ပုဂံခေတ်ဦး၊ အဆောက်အဦပုံသဏ္ဌာန်ဖြစ်ရာ တစ်မူထူးခြားနေပါသည်။ ရှေ့မျက်နှာစာမှ အတက်လှေခါးနှင့် အဆောက်အအုံ အမိုးထောင့်ရှိ ဒေါင်းရင်းအားလုံးမှာ ကုန်းဘောင်ခေတ်တွင် ပြင်ဆင်ခဲ့သည့် လက်ရာများသာ ဖြစ်ပါသည်။



## (၉) ပုထိုးသားများ



ဘွဲ့အမည် – ပုထိုးသားများ
စေတီပုထိုးအမှတ် – ၁၆၁၅/၉၁၃
တည်နေရာ – ပုထိုးသားများ ဘုရားသို့ ကျွဲနားတောင်းစေတီမှ အနောက်ဘက်သို့သွားရာလမ်းအတိုင်း သွားရောက် ကြည့်ညှိုနိုင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တည်ထားကိုးကွယ်ချိန် – ခရစ်နှစ် (၁၁) ရာစု

တည်ဆောက်ပုံ

ပုထိုးသားများဘုရားကို အပေါ်ပိုင်း သိဟိုဠ်ပုံ လိုဏ်တစ်ဆင့်ဂူဘုရားအဖြစ် တည်ဆောက်ထား၏။ အမိုးလျှောပစ္စယာ သုံးဆင့်တွင် (၁၂)မြှောင့် ခေါင်းလောင်းပုံ၊ ယင်းအထက်တွင် ဓါတ်တော်တိုက် ဖရုံတုံးခံ၍ ထီးရစ်ပေါက် ထား၏။ သပိတ်မှောက် (၁၂) မြှောင့်၏ အခြေတွင် မူလကနဂါးဦးခေါင်းများ တပ်ဆင်ထားဟန်ရှိသည်။ နံရံတစ်ဖက်စီတွင် မူလလက်ရာဖြစ်သော ဇာပြုတင်းပေါက် (၅)ပေါက်စီတည်ရှိပါသည်။ ထို့ပြင် အထက်ထပ်သို့ တက်ရောက်ရန် ကြောင်လိန်လှေကားတစ်ခုကိုလည်း ထည့်သွင်းတည်ဆောက်ထား၏။

သမိုင်းနောက်ခံ

ပုထိုးသားများ ဘုရားသည် ပုဂံခေတ်ဦးကာလတောင်သူကြီးမင်း၏ ကောင်းမှုကုသိုလ်ဟု အဆိုရှိကြ၏။ ပုထိုးကြီး၊ ပုထိုးငယ်၊ သင် လည်ပုထိုး၊ စိတ်တည်ပုထိုး၊ ပုထိုးသားများဟူသော ပုထိုး (၅) လုံးတွင် တစ်လုံးအပါအဝင်ဖြစ်သည်ဆိုပါသည်။ ပုံပန်းသဏ္ဌာန်အနေအထားအရမူ စောလူးမင်း လက်ထက်လက်ရာများနှင့် ဆင်တူနေပေသည်။ ပုထိုးသားများဟု အမည်တွင်ပုံမှာ အပေါ်တွင်





ပေါက်ထားသော အရံစေတီပုထိုးငယ်များ စီတန်းနေသောကြောင့်ဖြစ်၏။ ပုထိုးကြီး၏ သားများ၊ ပုထိုးသားများဟုဆိုလိုရင်းဖြစ်ပါသည်။

လေ့လာကြည့်ရှုဖွယ်ရာများ


ပုထိုးသားများ ဘုရားအပေါ်ထပ် စေတီရံ လိုဏ်ငယ်များအတွင်းတွင် အုတ်၊ အင်္ဂတေဆင်းတုတော်များကို ကြည့်ရှုဖွယ်ရာဖူးတွေ့နိုင်ကြပါသည်။ စေတီရံများ အတွင်းနံရံထက်၌လည်း နံရံဆေးရေး ပန်းချီများကို လေ့လာနိုင်ကြ၏။ နံရံထက်တွင် မယ်တော်မာယာ သားဖွားခန်း၊ ဘုရားလောင်းအား ပုဏ္ဏားများက လက္ခဏာကြည့်နေပုံ၊ ဥယျာဉ်တော်သို့ထွက်ခန်း၊ တောထွက်ခန်း၊ ဆံပယ်ခန်းစသည့် ဇာတ်ကွက်များကို ရေးဆွဲထား၏။ ထို့ပြင် ဂန္ဓကုဋိတိုက်အဝင်ဝဲယာရှိ မုခ်ကာပ်များအတွင်း၌ မူလလက်ရာကျောက်ဆင်းတုတော်နှစ်ဆူကို ကြည့်ရှုဖွယ်ဖူးတွေ့နိုင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

## (၁၀) ဗူးဘုရား



| | | |
|---|---|---|
| ဘွဲ့အမည် | – | ဗူးဘုရား |
| စေတီပုထိုးအမှတ် | – | ၁၆၅၇/၉၆၁ |
| တည်နေရာ | – | ပုဂံမြို့ဟောင်း၏ မြောက်ဘက် ဧရာဝတီမြစ်ကမ်း နံ့ဘေးတွင် တည်ရှိပါသည်။ |





တည်ထားကိုးကွယ်ချိန် – ခရစ်နှစ် (၃) ရာစု

တည်ဆောက်ပုံ

ဗူးဘုရားကို ရှေးပျူလက်ရာ များဖြစ်သော သရေခေတ္တရာရှိ ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာစသည့် ပုံစံများကဲ့သို့ ထုလုံးရှည်ခါတ်တော်ကြုတ်ပုံ တည်ဆောက်ထားပါသည်။ ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ထားသဖြင့် မြစ်ရေတိုက်စားမှု ဒဏ်ကို အကြိမ်ကြိမ်ခံခဲ့ရကာ ၁၉၇၅ ခုနှစ်တွင် စေတီတစ်ခုလုံးမြစ်တွင်းသို့ ပြိုကျခဲ့ရ၏။ ယခု ဖူးတွေ့ကြရသည့် ဗူးဘုရားမှာ ၁၉၇၈ ခုနှစ်တွင် ပြန်လည် တည်ဆောက်ပြီးစီးခဲ့သည့် စေတီတော်ဖြစ်ပါသည်။

သမိုင်းနောက်ခံ

ဗူးဘုရားသည် ပျူစောထီး အထုပ္ပတ္တိနှင့် ဆက်စပ်လျက်ရှိ၏။ ပျူစောထီးသည် ဗူးပင်များ အများအပြား ပေါက်ရောက်ရာအရပ်အား ရှင်းလင်းခုတ်ထွင်ခဲ့ပြီးနောက် ဗူးသီးပုံသဏ္ဌာန်စေတီကို တည်ခဲ့ကြောင်းဆိုပါသည်။ ခေတ်အဆက်ဆက်တွင်လည်း ဗူးဘုရားအား ပြုပြင်မွမ်းမံမှု များရှိခဲ့၏။ ပျူစောထီးမင်းက ရန်သူဗူးရိုင်းပင်များအား နှိမ်နင်းနိုင်သည့်အထိမ်းအမှတ် အဖြစ်တည်ခဲ့သည် ဆိုသော်လည်း မူလလက်ရာမှာ ခရစ်နှစ် (၉)ရာစုခန့် ပျူလက်ရာဟု မှန်းဆကြ၏။



www.burmeseclassic.com

www.burmeseclassic.com




လေ့လာကြည့်ညှိဖွယ်ရာများ

ဗုဒ္ဓဘုရားဝန်းကျင်မှာ အသစ်ပြုပြင်မှုများကြောင့် မူလလက်ရာများ ပျောက်ကွယ်သလောက်ဖြစ်နေပြီဖြစ်၏။ မူလက ဗုဒ္ဓဘုရားအနီးတွင် သစ်သားပြသာဒ်နှင့် ရွှေတန်ဆောင်းများရှိခဲ့ဖူးသော်လည်း ယခုအခါ အုတ်အဆောက်အဦများအဖြစ်ပြောင်းလဲသွားပြီဖြစ်ပါသည်။ ယခုလက်ရှိ ဗုဒ္ဓဘုရားကို အုတ်ခုံအဝိုင်းခံတည်ဆောက်ထားပြီး ဘုရားအား မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် စိန်တောင်ပတ်လမ်းများကိုလည်း အဆင့်ဆင့်တည်ဆောက်ထားပါသည်။ ဧရာဝတီမြစ်တွင်းမှ ကြည့်လျှင် ဗုဒ္ဓဘုရားအား မြစ်ကမ်းထက်၌ ကြည့်ညှိဖွယ်ဖူးတွေ့နိုင်ကြပါသည်။ ရှေးယခင်က ဘုရားပရဝုဏ် အရှေ့မြောက်ထောင့်ရှိ မုန်တိုင်းနတ်ကွန်းငယ်တွင် ရေကြောင်းခရီးသွားတို့ ဝင်ရောက်ပူဇော်လေ့ရှိကြ၏။



(၁၁) မဟာဗောဓိ



ဘွဲ့အမည် – မဟာဗောဓိ
စေတီပုထိုးအမှတ် – ၁၆၇၀/၉၇၃
တည်နေရာ – ဈေးဆိပ်သို့သွားရောက်ရာ လမ်းထက်၌ တည်ရှိပါသည်။
တည်ဆောက်ချိန် – ခရစ်နှစ် ၁၂၁၅ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ပုံ

မဟာဗောဓိဘုရားသည် ကွမ်းတောင်ပေါက်လိုဏ်နှစ် ဆင့်ဂူဘုရားဖြစ်၏။ အိန္ဒိယ နိုင်ငံ၊ ဘီဟာနယ်၊ ဗုဒ္ဓဂါယာရှိ မဟာဗောဓိညောင် ပင်အနီးမှ မဟာဗောဓိပုထိုး၏ ပုံစံကိုယူလျှက် တည်ဆောက်ထားပါသည်။ ဗုဒ္ဓဂါယာရှိ မဟာဗောဓိပုံစံကဲ့သို့ပင် အရှေ့ဘက်သို့ လှည့်၍ တည်ဆောက်ထား၏။ အပေါ်ထပ်သို့ တက်ရန် ကြောင်လိမ်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထား ပါသည်။

သမိုင်းနောက်ခံ

မဟာဗောဓိဘုရားကို နားတောင်းများမင်းက တည်ထား ကိုးကွယ်ခဲ့ရာ ၂၆ မတ် ၁၂၁၆ ခုနှစ်တွင် ပြီးစီးပါသည်။ ပုဂံသားတို့သည် မဇ္ဈိမဒေသ ဗုဒ္ဓဂါယာရှိ မဟာဗောဓိစေတီတော် ပျက်စီးယိုယွင်းလျှက်ရှိသည်ကို သွားရောက်ပြင်ဆင်ခဲ့ကြရာမှ မဟာဗောဓိပုံစံကိုရရှိခဲ့ကြောင်း လည်းအဆိုရှိကြ၏။ သို့ကြောင့်လည်း မဟာဗောဓိစေတီတော်ဝန်းကျင်တွင် သတ္တဋ္ဌာနဆိုင်ရာ အမှတ်အသားအဆောက်အအုံများကို အိန္ဒိယဒေသဗုဒ္ဓဂါယာမှာကဲ့သို့ ထည့်သွင်း တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ နေရာအနေအထားမှာမူ အနည်းငယ် ကွဲပြားလျက်ရှိ၏။

ရတနာ့ဃရအဖြစ် သတ်မှတ်ထားသည့် ဘုရားကျောင်းဆောင်ကြီးမှာ မဟာဗောဓိစေတီတည်ဆောက်ချိန်ထက် နှစ် (၂၀၀) ခန့် စောနေခဲ့သည်ဆို၏။





လေ့လာကြည့်ရှုဖွယ်ရာများ

မဟာဗောဓိလိုဏ်ဂူတော်အတွင်း အပေါ်ထပ်နှင့်အောက်ထပ်တို့တွင် ဗုဒ္ဓဆင်းတုတော်ကြီးတစ်ဆူစီရှိပါသည်။ ထို့ပြင် တိုက်မကြီးအပြင်နံရံများ၌ ဗုဒ္ဓဂါယာရှိ မဟာဗောဓိကဲ့သို့ မှန်ကပ်အချိုင့်များအတွင်း ရုပ်ပွားတော်များစွာထည့်သွင်းပြုလုပ်ထားပါသည်။ အပေါ်ထပ်လိုဏ်ဂူနံရံအရှေ့ဘက်ခြမ်းတွင် အင်းဝခေတ်လက်ရေးဖြင့် စာ (၁၃)ကြောင်းပါစာရေးထိုးထားပါသည်။ စာအရ မဟာဗောဓိဘုရားမှာနားတောင်းများမင်း၏ ကုသိုလ်ကောင်းမှုဖြစ်ကြောင်း၊ ကောင်းမှုကိုဖျက်ဆီးသူများအား ကျိန်စာထားရစ်ကြောင်းများသိရှိရ၏။

မဟာဗောဓိစေတီတော်၏ တိုက်မတောင်ဘက်၊ အနောက်ဘက်နှင့် မြောက်ဘက်တွင် အင်္ဂတေပန်းတန်းများဖြင့် ငှက်ရုပ်၊ နတ်ရုပ်များပုံသရုပ်ဖော်ထားရှိပါသည်။ ငှက်ရုပ်များမှာ တောင်ဘက်မျက်နှာ၌ (၁၅)ရုပ်၊ မြောက်ဘက်မျက်နှာ၌ (၁၈)ရုပ်ရှိ၏။ နတ်ရုပ်များမှာမူ တောင်ဘက်မျက်နှာ၌ (၃၅) ရုပ်၊ အနောက်ဘက်မျက်နှာ၌ (၁၀)ရုပ်၊ မြောက်ဘက်မျက်နှာ၌ (၃၅) ရုပ် အသီးသီးရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)မင်္ဂလာစေတီ



| | |
|---|---|
| ဘွဲ့အမည် | – မင်္ဂလာစေတီ |
| စေတီပုထိုးအမှတ် | – ၁၄၃၉/၇၅၂ |
| တည်နေရာ | – မြင်းကပါရွာသို့သွားရာ လမ်း၏ အနောက်ဘက်တွင် တည်ရှိပါသည်။ |
| တည်ထားကိုးကွယ်ချိန် | – ခရစ်နှစ် ၁၂၈၄ ခုနှစ် |





### တည်ဆောက်ပုံ

မင်္ဂလာစေတီတော်မှာ ညောင်ဦးမြို့ရှိ ရွှေစည်းခုံဘုရားပုံစံအတိုင်း တည်ထားခြင်းဖြစ်၏။ စေတီကို အုတ်ခုံထက်တွင်တည်ထားပြီး ယင်းအုတ်ခုံ၏ မျက်နှာစာ၌ အကွက်အချိုင့်များပြုလုပ်၍ စဉ့်ချပ်များကပ်ထားပါသည်။ စေတီ၏ ပစ္စယာသုံးဆင့် ပတ်လည်နှင့် အခြေပတ်လည်၌လည်း ဇာတ်တော် စဉ့်ချပ်များ ကပ်ထား၏။

### သမိုင်းနောက်ခံ

စေတီတော်ကို နရသီဟပတေ့မင်းက ပန်းပွတ်ရပ်၌ တည်ခဲ့ရာ ပန်းပွတ်ပုထိုးဟုအမည် အတွင်ပါသည်။ သို့သော် စေတီတည်နေစဉ် ''ဘုရား လည်းပြီး၊ ပြည်ကြီးလည်းပျက်''ဟူသော တဘောင်ပေါ်လာသဖြင့် ဟူးရားတော်တို့၏ တားမြစ်မှုကြောင့် နရသီဟပတေ့မင်းက စေတီတည်ဆောက်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့သည် ဆိုပါသည်။

ပံ့သကူမထေရ်သည် နရသီဟပတေ့မင်းအား ဆုံးမသြဝါဒပေးသောအခါမှသာလျှင် စေတီကို ဆက်လက်တည်ဆောက်ခဲ့ရာ ခရစ်နှစ် ၁၂၈၃ ခုနှစ်တွင် ပြီးစီးခဲ့၏။ မင်္ဂလာစေတီ၌ ကျောက်စာတိုင် နှစ်တိုင်တွေ့ရှိရရာ ယခုအခါ ပုဂံပြတိုက်သို့ ပြောင်းရွှေ့ထားပြီးဖြစ်ပါသည်။ ယင်းကျောက်စာတိုင်နှစ်တိုင်အနက် တစ်တိုင်မှာ ခရစ်နှစ် ၁၂၈၅ ခုနှစ်တွင်ရေးထိုးခဲ့သည့် ရှင်ဒိသာပါမောက္ခကျောက်စာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com




လေ့လာကြည့်ရှုဖွယ်ရာများ

နရသီဟပတေ့မင်း၏ မင်္ဂလာစေတီမှာ ပုဂံခေတ်နောက်ပိုင်းကာလစေတီများအတွက် စံပြုစရာ စေတီတော်ပုံစံဟု ဆိုစမှတ်ပြုကြပါသည်။ စေတီတော်ရှိ စေတီရံများကိုလည်း စဥ့်စိမ်း၊ စဥ့်ဝါစသည့် စဥ့်ရည်သုတ်အုတ်ချပ်များဖြင့် တည်ဆောက်ထားသည်ကို ကြည့်ရှုဖွယ်ဖူးတွေ့ကြရ၏။ အုတ်ခုံကြီး၏ အရှေ့မျက်နှာတွင် နတ်ဒေဝါများ၊ အနောက်မျက်နှာတွင် နဂါးများ၊ တောင်မျက်နှာတွင် ဘီလူးများ၊ မြောက်မျက်နှာတွင် ဂဠုန်များလာရောက်ပူဇော်ကြဟန်ကို မှန်ကူကွက်များဖြင့် သရုပ်ဖော်ထားပါသည်။ စဥ့်သုတ်အုတ်ချပ်များကို ၁၉၀၀ ပြည့်နှစ်ဝန်းကျင်က ဂျာမန်လူမျိုး ဒေါက်တာ ဖရစ်ဗွန်နဝက်ကလင်းနှင့် ထောမန်တို့အဖွဲ့က ခိုးယူသွားခဲ့ကြ၏။



## (၁၃) မီးမလောင်ကျောင်း



| | | |
|---|---|---|
| ဘွဲ့အမည် | - | မီးမလောင်ကျောင်း |
| သာသနိကအဆောက်အအုံအမှတ် | - | ၁၆၁၁/၉၁၉ |
| တည်နေရာ | - | ပုထိုးသားများ စေတီတော်၏ အနောက်ဘက်တွင် တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | - | ခရစ်နှစ် ၁၁၇၄ ခုနှစ် |



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ပုံ

မီးမလောင်ကျောင်းကို စေတီ ပေါက်လိုဏ်တစ်ဆင့် သဏ္ဍာန် ဂူဘုရားအဖြစ် တည်ဆောက်ထား၏။ အုတ်ခုံမှာ ကျယ်ဝန်းလှပြီး ဗုဒ္ဓရုပ်ပွားတော်တည်ရှိရာ တိုက်မှာ အရွယ်အစားသေးငယ်နေသဖြင့် မူလပုဂံခေတ်လက်ရာ မဟုတ်ဟု ကောက်ချက်ချကြ၏။ လက်ရှိမျက်မြင် အဆောက်အအုံမှာ ကုန်းဘောင်ခေတ် ၁၈၁၇ ခုနှစ်တွင်မှ ဆရာတော်ရှင် ပညာဒိဗ္ဗ ဦးစီးတည်ဆောက်ခဲ့ ခြင်းဖြစ်သည် ဆိုပါသည်။

သမိုင်းနောက်ခံ

မီးမလောင်ကျောင်းကို နရပတိစည်သူမင်းကြီး စတင် တည်ခဲ့ခြင်းဖြစ်သည်။ မီးမလောင်ကျောင်းဟုအမည် တွင် နေပုံမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ မူလအုတ်ခုံ တော်တွင် ကုန်းဘောင်ခေတ်၌ ဆရာတော်ရှင်ပညာ ဒိဗ္ဗ က အုတ်တိုက်တော်လုပ်ခဲ့ခြင်းဖြစ်ပါသည်။

ပုဂံမြို့နွားပြဂူဘုရား အတွင်းရှိ နံရံမင်စာတွင် "မီးမလောင်ကျောင်းဘုရားသခင် သည် ပျက်စီးယိုယွင်း၍ အုတ်ပုံမြေတောင်သာရှိသော ဘုရားကိုလည်း အထက် တည်ရင်းထက်ကောင်းအောင် ကျောင်းဆောင်၊ ပြဿဒ်၊ ဆင်ကတ်လက်ရမ်း၊ လှေကားချပ်သေးပါအရာရာပြီး ပျက်သမျှကို လုပ်ပြီးလျှင် တင်ပလ္လင်ခွေ ၈ တောင်ရှိ ရုပ်ထု တော်ကြီးကိုလည်း ရွှေစင်ပိန်းချတော်မူသည်။ အထက် စေတီကိုလည်း အကုန်ရွှေချ၍ ရွှေထီးတင်ပြီးလျှင်......" စသဖြင့် ဖော်ပြပါရှိပါသည်။





လေ့လာကြည့်ညိုဖွယ်ရာများ

မီးမလောင်ကျောင်းကို ယခုအခါ လေးထောင့် စပ်စပ်ဂူဘုရားငယ်ထက်၌ အမိုးသုံးဆင့် ဒယင်တို့ဖြင့် လုပ်ဆောင်လျက် အထက်တွင် စေတီတော်တစ်ဆူတည် ထားသည်ကို ဖူးတွေ့နိုင်ကြ၏။ စကြံပလ္လင်ထက် စေတီ တော်မှာ ဉာဏ်တော် (၃၂)ပေခန့်မြင့်ပါသည်။ အုတ်ခုံမှာမူ (၁၃)ပေခန့်အမြင့်ရှိ၏။ မူလကပင် မီးဘေးအန္တရာယ်မှ ကင်းလွတ်စေရန် အမြင့်၌တည်ခဲ့ဟန်ရှိ၏။




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## (၁၄) ရွှေဟောင်းသုတေသနပြတိုက်



ပုဂံမြို့ရှိ ရွှေဟောင်းသုတေသနပြတိုက်ကို အာနန္ဒာဘုရားကြီး၏ မြောက်ဘက်မုခ်အနီး၌ ၁၉၀၄ ခုနှစ် တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထိုစဉ်က ကမ္ဘည်းကျောက်စာဝန်တော် စိန်ခိုစုဆောင်းထားသော ရွှေဟောင်းပစ္စည်းများ၊ အာနန္ဒာကျောင်းတိုက်မှ ဆရာတော်ဦးစိန္တာဝါသနာအရ စုဆောင်းထားသော ရွှေဟောင်းပစ္စည်းများကို စုစည်းပြသ ထားခဲ့၏။ ထို့ပြင် ပုဂံဘုရားများမှ ပြောင်းရွှေ့ပြသထားသည့် ဆင်းတုများ၊ ရုပ်ပွားတော်များ၊ ရွှေစည်းခုံစေတီတော်မှ





ကြေးဖားစည်၊ ဝသုန္ဓြေရရုပ်တုများပါဝင်ခဲ့ပါသည်။

ပြတိုက်ဖွင့်လှစ်ပြီး နှစ်ပေါင်း (၆၀) အတွင်း ပစ္စည်းများမှာ တစ်စစများပြားလာရာ ပြတိုက်နှင့် မဆံ့အောင်ဖြစ်လာခဲ့၏။ သို့ဖြင့် ပုဂံမြို့ဟောင်းအတွင်း ကန်တော့ပလ္လင်ဘုရားတောင်ဘက်၌ ရှင်မြောင့်သဏ္ဍာန် ပြတိုက်တစ်ခုနှင့် ကျောက်စာရုံ (၃)ရုံ တို့ကို တိုးချဲ့ဆောက်လုပ်ကာ ၁ အောက်တိုဘာ ၁၉၇၉ ခုနှစ်တွင် ဖွင့်လှစ်ပြသပါသည်။ ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက် ၁၉၉၅ ခုနှစ်တွင် ရှစ်မြောင့်သဏ္ဍာန် အဆောက်အအုံငယ်တစ်ခုကိုသာ ချန်လှပ်ပြီး ကျန်မြေနေရာ၌ ခေတ်မီပြတိုက်သစ်ကြီးကို ဆောက်လုပ်ကာ ၁၇ မေ ၁၉၉၈ ခုနှစ်တွင် ဖွင့်လှစ်ခဲ့၏။

ရွှေဟောင်းသုတေသနပြတိုက်အတွင်း မြေညီထပ်၌ အထူးပြခန်း (သို့မဟုတ်) ပင်မခန်းမဆောင်၊ ပုဂံခေတ်လက်မှုအနုပညာပြခန်း၊ ပုဂံခေတ်စာပေပြခန်း၊ ပုဂံခေတ်လူမှုရေးနှင့် စစ်ရေးပန်ချီပြခန်း၊ ပုဂံခေတ်ပိသုကာပြခန်းများကိုလည်းကောင်း၊ ပထမထပ်၌ ပုဂံခေတ်ဘုရားပုထိုး ပန်းချီပြခန်း၊ ပုဂံခေတ်နံရံဆေးရေးပန်းချီပြခန်း၊ ပုဂံခေတ် ဗုဒ္ဓအနုပညာပြခန်းနှင့် ပုဂံခေတ် ဗုဒ္ဓဆင်းတုတော်များ ပြခန်းများကိုလည်းကောင်း၊ လေ့လာကြည့်ရှုနိုင်ကြပါသည်။


ပုဂံဒေသသို့ ဘုရားဖူးလာရောက်ကြသူများအနေဖြင့် ပုဂံဘုရားများကို ဖူးမြော်ကြည်ညိုကြရုံမျှမက ရွှေဟောင်းသုတေသနပြတိုက်သို့လည်းဝင်ရောက် လေ့လာနိုင်ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၅) ရှင်ပင်သာလျောင်း



| | | |
|---|---|---|
| ဘွဲ့အမည် | – | ရှင်ပင်သာလျောင်း |
| စေတီပုထိုးအမှတ် | – | ၁၅၇၀ |
| တည်နေရာ | – | ရွှေဆံတော်ဘုရားကြီး၏ အနောက်ဘက်၌တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ် ၁၁ ရာစု |

တည်ဆောက်ပုံ

ရှင်ပင်သာလျောင်းဘုရားမှာ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးဖြစ်၏။ ဗုဒ္ဓရုပ်ပွားတော်ထားရှိရာ အုတ်





တိုက်မှာ ၈၄ ပေ ရှည်ပြီး ရုပ်ပွားတော်ကြီးမှာ ပေ (၇၀) ရှည်လျားပါသည်။

### သမိုင်းနောက်ခံ

ဆင်းတုတော်ကြီး၏ အသွင်အပြင်ကို ကြည့်၍ (၁၁) ရာစုလက်ရာဟု ပညာရှင်များက ခန့်မှန်းကြပါသည်။ အစဉ်အလာအားဖြင့်ဆိုလျှင် ဗုဒ္ဓမြတ်စွာဘုရားသည် လက်ျာဘက်သို့ စောင်း၍ လက်ယာလက်ထက်၌ ပါးတင်ကာ မြောက်ဘက်သို့ ဦးခေါင်းပြုပရိနိဗ္ဗာန်စံလွန်ကြောင်း အဆိုရှိပါသည်။ သို့သော်ရှင်ပင်သာကျောင်းရုပ်ပွားတော်မြတ်မှာမူ တောင်ဘက်သို့ ဦးလှည့်ထားသဖြင့် အရှေ့ဘက်ရှိ ရွှေဆံတော်ဘုရားအား မျက်နှာမူနေစေရန် ရည်ရွယ်တည်ဆောက်ထားဟန်ရှိပါသည်။

### လေ့လာကြည့်ရှုဖွယ်ရာများ

ရှင်ပင်သာလျောင်းရုပ်ပွားတော်ကြီးအား အများအားဖြင့် မူလက်ရာအတိုင်းပင် ဖူးမြော်နိုင်ပါသေးသည်။ သင်္ကန်းတွန့်များမှာမူ ပြုပြင်ထားပြီးဖြစ်ပါသည်။ ဗုဒ္ဓရုပ်ပွားတော်ထားရှိရာ အုတ်တိုက်အတွင်း နံရံများ၌ နံရံဆေးရေးပန်းချီအချို့ကိုလည်း လေ့လာတွေ့ရှိနိုင်ကြ၏။ ယင်းပုံများမှာ ဝါးပင်ပုံများဖြစ်သဖြင့် ဝေဠုဝန်၌သီတင်းသုံးသည့်ပုံဖြစ်ဖွယ်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၆) ရွှေဂူကြီး



ဘွဲ့အမည် - ရွှေဂူကြီး

စေတီပုထိုးအမှတ် - ၁၅၈၉/၉၀၁-က

တည်နေရာ - ပုဂံမြို့အဝင်သရပါတံခါးပေါက်၏ အတွင်းပိုင်းနောက်ဘက်ရှိတည်ရှိပါသည်။





တည်ဆောက်ချိန် - ခရစ်နှစ်၁၁၃၁ ခုနှစ်

### တည်ဆောက်ပုံ

အမြင့် ၁၂ ပေရှိ အုတ်ခုံထက်၌ တည်ထားသော ကွမ်းတောင်ပေါက်ဂူဘုရားဖြစ်ပြီး အာရုံခံကို မြောက်ဘက်သို့လှည့်ထားပါသည်။ အုတ်ခုံမှာအမြင့်(၁၂)ပေရှိသည်။ အလောင်းစည်သူမင်း၏ ကုသိုလ်တော်ဖြစ်၏။ အုတ်ခုံထက်သို့တက်ရန်လှေကားနှင့် ဂူဘုရားထက်သို့တက်ရန်လှေကားတို့အား အနောက်မြောက်ထောင့်၌ထားရှိပါသည်။

### သမိုင်းနောက်ခံ

အလောင်းစည်သူမင်းသည် နန်းတက်လာပြီးနောက် ရဟန်းသံဃာတော်တို့နှင့် ညှိနှိုင်းတိုင်ပင်လျက် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းရှိ ဂန္ဓကုဋီတိုက်ပုံစံကို အတုယူကာ နန်းဦးစေတီအဖြစ် တည်ခဲ့သည်ဆိုပါသည်။ ကျောက်စာမှတ်တမ်းအရ ရွှေဂူကြီးဘုရားကို ၁၃မေ ၁၁၃၁ ခုနှစ်တွင် စတင်တည်ခဲ့ပြီး (၇)လအကြာ၁၃ ဒီဇင်ဘာလ ၁၁၃၁ တွင် ပြီးစီးခဲ့သည်ဆိုပါသည်။

မူလထိုးပါဠိကျောက်စာနှစ်ချပ်ကို ရွှေဂူကြီးဘုရားနံရံ၌မြုပ်ထားပါသည်။ အရှေ့ဘက်ကျောက်စာမှာ စာကြောင်းရေ (၄၅)ကြောင်းအနောက်ဘက်ကျောက်စာမှာ (၄၇)ကြောင်းရှိပါသည်။ ကျောက်စာများမှာ ပါဠိကဗျာလင်္ကာ



www.burmeseclassic.com

www.burmeseclassic.com



ပိဒ်ရေ (၁၀၀)ကိုရေးဖွဲ့ထားပြီး အလောင်းစည်သူမင်းကြီးက မြေမှပေါက်လာသကဲ့သို့တင့်တယ်သပ္ပါယ်သော ဤဂန္ဓကုဋိတိုက်ဖြစ်သော ရွှေဂူကို တည်ထားကြောင်းဖေါ်ပြရေးထိုးထား၏။ ကျောက်စာပါ အလောင်းစည်သူမင်း၏ ဘွဲ့အမည်မှာ ''သိရိတိဘုဝနာ ဒိတျပဝရဓမ္မရာဇာ'' ဖြစ်ပါသည်။

ရွှေဂူကြီးဘုရားနှင့်ပတ်သက်၍ အလောင်းစည်သူမင်းကြီးအား သားတော်နရသူက ဘုရားအတွင်း၌ အဝတ်ပုဆိုးတို့ဖြင့် ဖိ၍စီရင်ခဲ့ကြောင်း မြန်မာရာဇဝင်ကျမ်းများတွင်တွေ့ရှိရပါသည်။ နရသူမှာ အလောင်းစည်သူမင်းနှင့် မိဖုရားရတနာပုံတို့မှ ဖွားမြင်သူဖြစ်၏။ နရသူမင်းသည် ဒေါသအမျက်ကြီးသူဖြစ်ပြီး ရက်စက်ကြမ်းကြုတ်တတ်ကြောင်းရာဇဝင်ကျမ်းများက ဖေါ်ပြကြ၏။ သီဟိုဠ် (သီရိလင်္ကာ)သားတို့၏ လုပ်ကြံမှုကြောင့် အနိစ္စရောက်ခဲ့ရကြောင်းအဆိုရှိပါသည်။

### လေ့လာကြည့်ညိုဖွယ်ရာများ

ရွှေဂူကြီးဘုရားအတွင်း လေ့လာကြည့်ညိုဖွယ်ရာများ များပြားလှပါသည်။ လိုဏ်အတွင်းအလယ်မဏ္ဍိုင်လေးမျက်နှာ၌ ဗုဒ္ဓရုပ်ပွားတော် လေးဆူရှိပါသည်။ ဂူဘုရားကြီး၏ အုတ်ခုံပတ်လည်၌မူ မူလက အုတ်အင်္ဂတေဖြင့် ပြုလုပ်ထားသော နတ်ရုပ်များရှိပါသည်။ ယခုတောင် မျက်နှာစိန်တန်းတွင် အချို့လေ့လာတွေ့ရှိနိုင်သေး၏။





ဘုရားအပေါ်ဘက် ပစ္စယာစိန်တန်းနှင့်မှန်ကူကွက်များ၊ ဘုရားအခြေပတ်လည်မှန်ကူကွက်များတွင် မူ အစိမ်းရောင်စဉ့်ချပ်များ ကပ်ထားပါသည်။ ထို့ပြင် အာရုံခံမုခ်တို့၌ ခြေတစ်ဖက်တင်တစ်ဖက်ချ ဒွါရပါလနတ်ရုပ်များကို လေ့လာနိုင်ကြ၏။

တိုက်မနံ့ရံထက်ရှိ နံရံဆေးရေးပန်းချီများမှာ ထုံးသုတ်လိုက်သဖြင့် မေးမှိန်သွားပါသည်။ အာရုံခံအနောက်တောင်ထောင့်၌ဘုရင့်နောင်မင်းရေးထိုးသည့် စာကြောင်းအရ (၁၁)ကြောင်းပါကျောက်စာတစ်ချပ်ကို တွေ့ရှိရ၏။ ကျောက်စာတွင် ''ဘဝရှင်မင်းတရားကြီးနောင်တော်မင်းဖြစ်တော်မူလျှင် တိုင်းနိုင်ငံတွင်ဖြစ်သရွေ့သော ကျောင်း၊ တန်ဆောင်း၊ အမွေသံဃာရံကို လွှတ်တော်မူသည်။ ကင်းဆိပ်လည်း အစဉ်အတိုင်းကိုသာဆောက်စေသည်။ သည်အတိုင်းကလွန်၍ ကောက်သူတို့သည် ဘုရားမြတ်စွာသာသနာကိုလည်း ဖျက်သည်၊ပြည်သူ ရဟန်းတို့ကိုလည်း ဖျက်သည်မည်၏။'' ဟူ၍ ဖေါ်ပြပါရှိ၏။ ဂူဘုရားတိုက်မ အကူးမုခ်တို့တွင် ဘုရင့်နောင်လက်ထက် လက်ရာသစ်သားတံခါး အစိတ်အပိုင်းအချို့ကျန်ရှိပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၇) ရွှေဆံတော်ဘုရား



| | | |
|---|---|---|
| ဘွဲ့အမည် | - | ရွှေဆံတော်ဘုရား |
| စေတီပုထိုးအမှတ် | - | ၁၅၃၆ |
| တည်နေရာ | - | အာနန္ဒာဘုရား၏ အနောက်ဘက်မုခ်မှထွက်၍တောင်ဘက်သို့ ခရီးဆက်ပါက နှစ်ဖါလုံခန့်အကွာတွင် ရွှေဆံတော်ဘုရားကို ဖူးတွေ့နိုင်ကြ၏။ |
| တည်ဆောက်ချိန် | - | ခရစ်နှစ် ၁၀၅၇ ခုနှစ် |





### တည်ဆောက်ပုံ

ရွှေဆံတော်စေတီကို လေးထောင့် ပစ္စယာငါးဆင့် အထက်ရှစ်ထောင့်ကြာ ဝန်းခံလျက် ခေါင်းလောင်းပုံ၊ ရင်ဖွဲ့ ခါးပတ်၊ သပိတ်မှောက်ဖေါင်းရစ် စသည်တို့ဖြင့် အထွတ်တင်တည်ဆောက်ထားပါသည်။

### သမိုင်းနောက်ခံ

ရွှေဆံတော်စေတီကို ခရစ်နှစ် ၁၀၅၇ ခုနှစ်တွင် အနော်ရထာမင်း ကတည်ထားကိုးကွယ်ခဲ့သည်ဆို၏။ အနော်ရထာမင်းသည် ဥဿပဲခူးအား ခမာတို့ဝန်းရံတိုက်ခိုက်စဉ် စစ်ကူပေးခဲ့သဖြင့် ဥဿာမင်းက ဆက်သသော ဆံတော်ကိုရရှိခဲ့ရာ ဌာပနာပြုလျက် စေတီ တည်ထားကိုးကွယ်ခဲ့၏။

### လေ့လာကြည့်ညိုဖွယ်ရာများ

ရွှေဆံတော်ဘုရား၏ စေတီတော်ပစ္စယာအဆင့်ဆင့် ပတ်လည်တွင် စဥ့်ချပ်များရှိပြီး ၅၅၀ ဇာတ်နိပါတ်သရုပ်ဖော်ပုံများ ရှိပါသည်။ ထူးခြားချက်တစ်ရပ်မှာ စေတီတော်မျက်နှာလေးဘက် ပေ(၅၀)ခန့်အကွာစီ၌ ညောင်ဦးရွှေစည်းခုံဘုရားကြေးဂူတိုက်ကဲ့သို့ ဂန္ဓကုဋီတိုက်များ တည်ထားခြင်းဖြစ်ပါသည်။ ယင်းဂန္ဓကုဋီတိုက်များအတွင်း၌ သဲကျောက်အမာစားဖြင့် ပြုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်များကို လေ့လာကြည့်ညိုဖူးမျှော်နိုင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်ရှိ ဂူတိုက်အတွင်း၌ ပလ္လင်တစ်ခုတည်း အရပ်လေးမျက်နှာကို မျက်နှာမူလျှက်ရှိသည့် ဘုရားလေး ဆူ ကျောခြင်းကပ်လျက် ဆန်းကြယ်စွာ ထုလုပ်ထား ပါသည်။



## (၁၈) သရပါတံခါး



အမည် – သရပါတံခါး
တည်နေရာ – အာနန္ဒာဘုရားအနီး၌ တည်ရှိသည်။
တည်ဆောက်ချိန် – ခရစ်နှစ် (၉)ရာစု

တည်ဆောက်ပုံ

သရပါတံခါးကို အုတ်ဖြင့်အခိုင်အမာ တည်ဆောက်ထားပါသည်။ ပုဂံမြို့ တည်စဉ်က တံခါး(၁၂)ခုပ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း တည်ဆောက်ခဲ့ရာ ယခုအခါသရပါ တံခါးတစ်ခုသာ အကောင်းပကတိ အတိုင်းကျန်ရှိပါတော့သည်။

### သမိုင်းနောက်ခံ

ပျဉ်ပြားမင်းသည် ၂၃ ဒီဇင်ဘာ ၈၄၉တွင် ပုဂံမြို့တော်သစ်ကို တည်ခဲ့၏။ ယင်းပုဂံကို စတုဗ္ဗမြောက် တည်ခဲ့သည့် ပုဂံဟုအဆိုရှိပါသည်။ ပုဂံမြို့မှာ ၁၁၄၂တာ ကျယ်ဝန်းပြီး တံခါး၁၂ရပ်ပါရှိရာ သရပေ၊ သရပါ၊ သရဝတီ၊ သာတန်း၊ ငါးမြီးယပ်၊ ညောင်ဖြူ၊ သာစည်၊ မင်္ဂလာ၊ မကြည်သာ၊ ဝင်းမနား၊ မတောင့်တ၊ ကလေးတံခါး စသည့် တံခါးများဖြစ်သည် ဆိုပါသည်။ ယင်းတံခါးများ အနက် အရှေ့မျက်နှာအလယ်ဗဟိုရှိ တံခါးသည် သရပါ တံခါး ဖြစ်ပြီး ''မြွားကိုဆီးကာသောတံခါး''ဟု အဓိပ္ပါယ်ရ၏။

### လေ့လာကြည့်ရှုဖွယ်ရာများ

သရပါတံခါး၏ဘေးတစ်ဘက်တစ်ချက်တွင် မဟာဂီရိနတ်မောင်နှမရုပ် (လက်ဝဲဘက်၌ မောင်တော်ရုပ်နှင့် လက်ျာဘက်၌ နှမတော်ရုပ်)များ ထုလုပ်ထားရှိရာ ပုဂံခေတ် အနုပညာလက်ရာကို လေ့လာကြည့်ရှုနိုင်ကြ၏။ ပုဂံမြို့ရိုးသည် အချို့နေရာများ၌ အထင်အရှားတွေ့ရှိရသေးသော်လည်း အချို့နေရာများတွင် အုတ်ကုန်းတန်းများအသွင် ပြောင်းလဲသွားပြီ ဖြစ်ပါသည်။

အာနန္ဒာဘုရားအနောက်ဘက်မှခ်မှ သဗ္ဗ ညုဘုရား






သို့သွားရောက်ရာ လမ်းရှိပုတ္တလင်ဘုရားအနီးအပေါက်နှင့် ပုဂံမြို့တွင်းမှ တောင်ဘက်သို့ ဖြတ်သန်းသွားရာ အပေါက်တို့သည်လည်းကောင်း၊ ပုဂံမြောက်ဘက်မှ မြစ်ဆိပ်သို့ ဆင်းရာလမ်း ယွန်းပညာသင်ကျောင်းအနီးနှင့် အရှေ့မြောက်ဘက် ဂူဘုရားအနီးနေရာတို့သည်လည်းကောင်း၊ မူလမြို့ တံခါးပေါက်နေရာများဟု မှန်းဆရပါသည်။ ပုဂံမြို့ရိုးများအား ပုဂံခေတ်နှောင်းကာလမွန်ဂိုစစ်ပွဲ မတိုင်မီက ပြုပြင်ခဲ့သည့် နည်းတူခေတ်အဆက်ဆက်တွင်လည်း ပုဂံမြို့စားများက အချို့သော အစိတ်အပိုင်းများအား ပြုပြင်ခဲ့ကြကြောင်း မှတ်ယူရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၉) သံတော်ကြားဘုရား



ဘွဲ့အမည် - သံတော်ကြားဘုရား

စေတီပုထိုးအမှတ် - ၁၅၉၂/ ၉၀၃





တည်နေရာ - သံတော်ကြားဘုရားသည် ရွှေဂူကြီးဘုရား၏ အရှေ့တောင်ဘက်၌ တည်ရှိပါသည်။

တည်ဆောက်ချိန် - ခရစ်နှစ် (၁၃)ရာစု

တည်ဆောက်ပုံ

သံတော်ကြားဘုရားသည် အမြင့်ပေ ၂၀ခန့် ဉာဏ်တော်ရှိသော ဗုဒ္ဓရုပ်ပွားတော်ကြီး ဖြစ်ပါသည်။ ယင်းရုပ်ပွားတော်ကြီးကို ပုပ္ပါးတောင်ရှိ အစိမ်းရောင်ချော်ကျောက် (Tuff stone)များဖြင့် တည်ဆောက်ထား၏။ ၁၉၇၅ ခုနှစ် ပုဂံမြေငလျင်ကြောင့် ဦးခေါင်းတော်ပြိုကျ ပျက်စီးခဲ့ရာ ရှေးဟောင်း သုတေသနဦးစီးဌာနမှ ပြန်လည် ပြုပြင်ခဲ့၏။

သမိုင်းနောက်ခံ

သံတော်ကြားဘုရားကို နရသီဟပတေ့မင်း လက်ထက် ၁၂၈၄ ခုနှစ်တွင် တည်ခဲ့သည်ဆိုပါသည်။ ပုဂံ နန်းတော်အနီးဘုရင့်အသံတော်ကို ကြားနိုင်သည့် နေရာ၌ တည်ထားသဖြင့် သံတော်ကြားဘုရားဟု ခေါ်ဆိုကြကြောင်း အဆိုရှိပါသည်။

နရသီဟပတေ့မင်းသည် ၁၂၅၆ခုနှစ်တွင် ပုဂံ၌ နန်းတက်ခဲ့ပြီးနောက် မွန်ဂိုနှင့် ပုဂံမင်းနေပြည်တော်အကြား ဆက်ဆံရေး မပြေမပြစ်ဖြစ်ခဲ့၏။ ထို့နောက်မွန်ဂိုတို့ ကျူးကျော်ဝင်ရောက်ခဲ့ခြင်းဖြင့် တိုက်ပွဲများအကြိမ်ကြိမ် ဖြစ်ပွားခဲ့ပါသည်။ ယင်းကာလအတွင်း၌ပင် သံတော်ကြား ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ကိုတည်ခဲ့ပါသည်။

**လေ့လာကြည့်ညိုဖွယ်ရာများ**

သံတော်ကြားဘုရားကို ရှေးကျလှသည့် ရုပ်ပွားတော်ကြီးတစ်ဆူအဖြစ် ကြည်ညိုဖွယ် ဖူးတွေ့နိုင်ကြ၏။ ပုဂံခေတ်က ဆင်းတုကြီးငယ် ဟူသမျှကို အုတ်၊ သစ်သား စသည်တို့ဖြင့် ထုလုပ်လေ့ရှိရာ ကျောက်အုတ်များဖြင့်စီထားပုံမှာ လေ့လာဖွယ်ဖြစ်၏။ ရုပ်ပွားတော်ကြီး၏ မူလ အမိုးမှာ ပျက်စီးသွားသဖြင့် အမိုးသစ်ထပ်မံ ဆောက်လုပ်ခဲ့ရသည်။ နန်းတော်မှာ အနောက်ဘက်တွင် တည်ရှိပြီး သံတော်ကြားဘုရားသည် အနောက်ဘက်သို့ မျက်နှာမူလျက်ရှိသည် ဆိုပါသည်။



## (၂၀) သဗ္ဗညု



ဘွဲ့အမည် – ''သဗ္ဗညု''ဟူသော ဘွဲ့အမည်သည် ဗုဒ္ဓမြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်အား ရည်ညွှန်းလျက် ပေးအပ်ခဲ့သည့် အမည်ဖြစ်ပါသည်။

စေတီပုထိုးအမှတ် – ၁၉၉၇ / ၉၀၆ က



www.burmeseclassic.com

www.burmeseclassic.com



တည်နေရာ - ပုဂံမြို့ဟောင်းအတွင်း အရှေ့တောင်ထောင့်တွင် တည်ရှိပါသည်။

တည်ထားကိုးကွယ်ချိန် - ခရစ်နှစ် (၁၂)ရာစု

တည်ဆောက်ပုံ

သဗ္ဗ ညုဘုရားသည် ပုဂံဒေသ တဝိုက်တွင် ထုထည်ကြီးမားလှသည့် ဘုရားများရှိသည့်အနက် ထင်ရှားကျော်ကြားသော ဉာဏ်တော် အမြင့်ဆုံး ဘုရားကြီးဖြစ်သည်။ ပြင်ပမှ ကြည့်လျှင် (၂) ထပ်ဂူဘုရားဟု ထင်မြင်ရသော်လည်း စင်စစ်အားဖြင့် (၄) ထပ်ဂူဘုရား ဖြစ်၏။ အပေါ်ဆုံးထပ်သို့ တိုင်အောင် တက်ရောက်နိုင်သည့် အတွင်းလှေခါးများလည်း ရှိပါသည်။ ဉာဏ်တော်အမြင့်မှာ ပေ (၂၀၀) ခန့် ရှိ၏။

သမိုင်းနောက်ခံ

သဗ္ဗ ညုဘုရားကြီးမှာ အလောင်းစည်သူမင်း၏ ကုသိုလ်တော်ဖြစ်ပါသည်။ အလောင်းစည်သူမင်းသည် ပုဗ္ဗါရုံကျောင်းတော်ကြီးအား အတုယူလျက်သဗ္ဗညုဘုရားကြီးကို တည်ဆောက်ခဲ့သည်ဟု အဆိုရှိပါသည်။ ရှေးခေတ်အခါက ဝတ်ပြုကိုးကွယ်ရန်မျှသာမက သံဃာတော်များ ပရိယတ္တိစာပေလေ့လာရန်နှင့် ပိဋကတ်တိုက်ကဲ့သို့ အသုံးပြုခဲ့ကြောင်းလည်း သိရှိရ၏။





လေ့လာကြည့်ရှုဖွယ်ရာများ

သဗ္ဗ ညုဂူဘုရားကြီး၏ အပေါ်ဆင့်တွင်ကြာပလ္လင်ခံဘယ်တင်ညာချအုတ်ဆင်းတုတော်ကြီးကို ဖူးတွေ့နိုင်ကြ၏။ ယင်းဆင်းတုတော်ကြီး၏ ဦးခေါင်းတော်မှာ ၁၉၇၅ခုနှစ် ပုဂံမြေ ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့ရာ ပြန်လည်ပြုပြင်ခဲ့ရ၏။ ဆင်းတုတော်ကြီးထားရှိရာ ဂန္ဓကုဋီတိုက်ခေါင်မိုးမှာ သစ်သား၊ သံလုံးဝမပါဘဲ အုတ်များဖြင့်သာ တည်ဆောက်ထားခြင်းဖြစ်ရာ ဗိသုကာလက်ရာမှာ စိတ်ဝင်စားဖွယ်ဖြစ်၏။ အောက်မြေညီထပ်တွင်လည်း မူလလက်ရာဆင်းတုတော်များကို ဖူးမြော်ကြည့်ရှုနိုင်ကြ၏။ ဆင်းတုတော်ကြီး၏ ဂန္ဓာရင်္ဂတိုက်ကို ကျောက်များဖြင့်စီထားသည်။

သဗ္ဗ ညုဂူဘုရား၏ အနောက်ဘက်မျက်နှာမုခ်လိုဏ်ဂူအတွင်း မျက်နှာကြက်နှင့် နံရံများတွင် နံရံဆေးရေးပန်းချီများရှိပါသည်။ ထို့ပြင်မျက်နှာကြက်၌ ခြေတော်ရာတစ်စုံနှင့် ဘုရားပူဇော်နေဟန် သိကြား၊ ပြဟ္မာပုံများအားလည်း ဖူးတွေ့နိုင်၏။ မုခ်တံကဲများရှိ အင်္ဂတေ၊ ပန်းတော့လက်ရာများမှာလည်း လေ့လာဖွယ်ဖြစ်ပါသည်။ သဗ္ဗညုဘုရား၏ အရှေ့တောင်ဘက်တွင် အလောင်းစည်သူမင်း၏ ကုသိုလ်တော် ခေါင်းလောင်းချိတ်ဆွဲရာ တိုင် ၂တိုင် ကြွင်းကျန်နေ၏။ ခေါင်းလောင်းမှာမူ မရှိတော့ပေ။ ကျောက်တိုင်နှစ်တိုင်မှာ ၁၈ပေကျယ်သဖြင့် အနည်းဆုံး (၁၅)ပေရှိ ခေါင်းလောင်းကို ချိတ်ဆွဲခဲ့လိမ့်မည်ဟု မှန်းဆရ၏။



www.burmeseclassic.com

www.burmeseclassic.com

## (၂၁) အာနန္ဒာဘုရား



| | | |
|---|---|---|
| ဘွဲ့အမည် | – | အာနန္ဒာ |
| တည်နေရာ | – | အာနန္ဒာဘုရားသည် သရပါတံခါး၏ အရှေ့တောင်ဘက်၌ တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ် ၁၀၉၀ ခုနှစ် |





### တည်ဆောက်ပုံ

အာနန္ဒာဘုရားကို ကွမ်းတောင်ပေါက်လိုဏ် တစ်ဆင့်ခံ ဘုရားအဖြစ်တည်ဆောက်ထား၏။ အလယ်မဏ္ဍိုင်ခံထားပြီး တိုက်မဂူအပေါ်တွင် ပစ္စယာ၊ မိုးလျှောအဆင့်ဆင့်ဖြင့် ဆောက်လုပ်ထားပါသည်။ အတွင်း၌ စင်္ကြံန်ပတ်လမ်း ၂လမ်းရှိပြီး ဗိသုကာလက်ရာမြောက်စွာ တည်ဆောက်ထားပါသည်။

### သမိုင်းနောက်ခံ

ကျန်စစ်သားမင်းကြီးသည် နန္ဒမူ လိုဏ်ဂူမှ ကြွရောက်လာသော ရဟန္တာများထံမှ လိုဏ်ဂူတော်အကြောင်း သိရှိရပြီးနောက် သဘောကျနှစ်သက်ကာ နန္ဒမူလိုဏ်ဂူပုံစံ အာနန္ဒာစေတီကို တည်ခဲ့သည်ဆို၏။ စေတီတော်အား ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တွင် အိမ်ရှေ့ဥပရာဇာရွှေတောင်မင်းသား ကြီးကမွမ်းမံပြင်ဆင်ခဲ့ပါသည်။

### လေ့လာကြည့်ရှုဖွယ်ရာများ

အာနန္ဒာ ဂူဘုရားပန္နက်ပုံမှာ ပုဂံရှိမည်သည့် ဘုရားများနှင့်မျှ တူညီမှု မရှိသော ဂရိကြက်ခြေပုံဖြစ်ပါသည်။ ပုဂံဘုရားအများစုမှာ အာရုံခံတစ်ဘက်စီသာရှိသော မြောက်ဘက်လှည့်ဂူဘုရားများဖြစ်ကြ၏။ အာနန္ဒာမှာမူ အာရုံခံလေးဘက်၌ မုခ်လေးမုခ်ရှိသော ဂူဘုရားဖြစ်ပါသည်။ လိုဏ်ဂူတော်အတွင်း အလယ်မဏ္ဍိုင်လေးမျက်နှာတွင်



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓရုပ်ပွားတော် (၄)ဆူ တည်ရှိပါသည်။ ယင်းလေးဆူမှာ အောက်ပါအတိုင်းဖြစ်၏။

အရှေ့မျက်နှာ -- ကောဏာဂုံဘုရား
အနောက်မျက်နှာ -- ဂေါတမဘုရား
တောင်မျက်နှာ -- ကဿပဘုရား
မြောက်မျက်နှာ -- ကကုသန်ဘုရား တို့ဖြစ်ပါသည်။

ဗုဒ္ဓရုပ်ပွားတော် လေးဆူအနက် တောင်မျက်နှာနှင့် မြောက်မျက်နှာနှစ်ဆူသာ ပုဂံခေတ်လက်ရာဖြစ်၏။ အရှေ့မျက်နှာ ရုပ်ပွားတော်မှာ မီးလောင်ပျက်စီးသွားသဖြင့် ၁၈၆၇ ခုနှစ်တွင် ပုဂံမြို့ဝန်ဦးဘိုးက အသစ်ထပ်မံပြုလုပ်ထားရပြီး အနောက်မျက်နှာရုပ်ပွားတော်မှာလည်း အင်းဝဟံသာဝတီ စစ်ပွဲ (၁၃၄၂-၅၂)အတွင်း ဖျက်ဆီးခံခဲ့ရသည်ဆို၏။ လက်ရှိ ရုပ်ပွားတော်မှာ ၁၈၉၂တွင် ပုဂံမြို့ကုန်သည်ဦးစံငြိမ်းက အသစ်ထပ်မံ ထုလုပ်လှူဒါန်းထားခြင်းဖြစ်ပါသည်။ ဂူဘုရား နံရံမုခ်ထက်များတွင်လည်း ဗုဒ္ဓရုပ်ပွားတော်များကို ဖူးတွေ့နိုင်ကြ၏။

အာနန္ဒာဘုရားအပြင်ဘက်အောက်ခြေနှင့် ပစ္စယာများတွင် စဥ့်စိမ်းသုတ် စဥ့်ကွင်းများကို လေ့လာကြည့်ရှုနိုင်ကြပါသည်။ အများအားဖြင့် ၅၅၀ဇာတ်တော် သရုပ်ဖော်ပုံများဖြစ်ကြပြီး စုစုပေါင်းစဥ့်ကွင်း ၁၄၂၃ ရှိကာ ရှေးဟောင်းမွန်ကမ္ပည်းစာများလည်း ရေးသားထား၏။ ယခင်က နံရံဆေးရေး ပန်းချီများရှိခဲ့ဖူးသော်လည်း ထုံးသုတ်လိုက်သဖြင့် ပျက်စီးသွားပါသည်။



## (၂၂) အာနန္ဒာအုတ်ကျောင်း



ဘွဲ့အမည် – အာနန္ဒာအုတ်ကျောင်း
တည်နေရာ – အာနန္ဒာဂူဘုရားကြီး၏ မြောက်ဘက် ကပ်လျက်၌ တည်ရှိပါသည်။
တည်ဆောက်ချိန် – ခရစ်နှစ် ၁၇၇၆ ရာစု



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ပုံ

အာနန္ဒာအုတ်ကျောင်းသည် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ဖြစ်ပြီး ပုဂံဒေသရှိ ကုန်းဘောင်ခေတ်လက်ရာ ဖြစ်ပါသည်။ အုတ်ကျောင်းကြီးကို အုတ်၊ အင်္ဂတေတို့ဖြင့် (၁၀)နှစ်ကြာ တည်ဆောက်ခဲ့ရ၏။

သမိုင်းနောက်ခံ


အုတ်ကျောင်းကြီးအား ၄ ဇန်နဝါရီ ၁၇၇၆တွင် စတင်တည်ဆောက်ခဲ့၏။ တာဝန်ယူကြီးကြပ်သူမှာ ပုဂံမော်ကွန်းထိန်း ဥတ္တနရာဇာဖြစ်ပြီး ၂၁ဇွန် ၁၇၈၅ခုနှစ်တွင် ပြီးစီးခဲ့ပါ သည်။ ကျောင်းတည်ဆောက်ရာ၌ ပစ္စည်းဖိုးငွေ ၂၁၅၀ကျပ်၊ လက်ခ ၁၈၀၀ ကျပ်၊ ပေါင်း ၃၉၅၀ကျပ် ကုန်ကျပြီး ပန်းရံဆရာမှာ ဦးရွှေရ (ရွှေဘို)ဖြစ်ပါသည်။ ပုဂံမော်ကွန်း ထိန်းသည် ကျောင်းဆောက်လုပ် ပြီး နောက် ရေမြိန်ရွာ ဇာတိသင်္ကန်း ရုံအနွယ် အရှင်သုခမ္မာလင်္ကာရကို တင်လှူခဲ့၏။

လေ့လာကြည့်ရှုဖွယ်ရာများ

အာနန္ဒာ ဘုရားအနီးရှိ၍ အာနန္ဒာအုတ်ကျောင်း ဟုခေါ်ဆိုကြ၏။ ကျောင်းဝင်းနံရံအတွင်း ပန်းချီအပြည့် ရေးဆွဲထားရာ ကုန်းဘောင်ခေတ်ပန်းချီလက်ရာများကို လေ့လာနိုင်ကြသည်။



## (၂၃) ဥပါလိသိမ်



| | | |
|---|---|---|
| ဘွဲ့အမည် | - | ဥပါလိသိမ် |
| သာသနိကအဆောက်အအုံအမှတ် | - | ၂၁၂၁/၁၄၁၆ |
| တည်နေရာ | - | ပုဂံညောင်ဦးသွား ကားလမ်းနံဘေး ထီးလိုမင်းလိုဘုရား၏ အနောက်မြောက်ဘက်၊ လမ်းမြောက်ဘက်၌တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | - | ခရစ်နှစ် (၁၁)ရာစု |



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ပုံ

ဥပါလိသိမ်ကို ခရစ်နှစ်(၁၁)ရာစု၌ တည်ဆောက်ခဲ့သည်ဆို၏။ ပုဂံခေတ် ဥပါလိသိမ်မှာ ပျက်စီးသွားခဲ့ပြီးနောက် မူလအုတ်ခုံထက်တွင် ကုန်းဘောင်ခေတ်၌ သိမ်အသစ် ထပ်မံဆောက်လုပ်ခဲ့ပါသည်။ ပန္နက်ပုံစံမှာ လေးထောင့်ပုံရှည်လျားလျားဖြစ်၏။ အမိုးကို စိန်တန်း နှစ်သွယ်ဖြင့်ဆောက်လုပ်ထားပြီး အလယ်၌ စေတီငယ် တစ်ဆူထားရှိပါသည်။

သမိုင်းနောက်ခံ

ဥပါလိသိမ်ကို အနော်ရထာမင်းကြီးနှင့် ဥပါလိမထေရ်တို့က သိမ်သမုတ်ခဲ့ကြောင်း အဆိုရှိသကဲ့သို့ နားထောင်းများ မင်းနှင့်ကျစွာမင်းတို့ လက်ထက်၌ ထင်ရှားခဲ့သည့် ဥပါလိမထေရ်က သမုတ်ခဲ့ကြောင်းလည်း အဆိုရှိကြ၏။ ကုန်းဘောင်ခေတ်နံရံ ဆေးရေးမှတ်တမ်းတွင် ''ပန်းချီဆွဲခ ၁၉၂၀ကျပ်နှင့် ၁၁၅၆ခုနှစ်တွင် သိမ်ကိုဆေးရေးဝင်သည်''ဟု ရေးမှတ်ထားရာ ကုန်းဘောင်ခေတ်၌ အသစ် ပြန်လည်တည်ဆောက်ခဲ့ကြောင်း သိရှိရ၏။

လေ့လာကြည့်ညိုဘွယ်ရာများ

ဥပါလိသိမ်လိုဏ်ဂူအတွင်း အုတ်နံရံတစ်ခု၏ အရှေ့ဘက်နှင့်အနောက်ဘက်တွင် ဗုဒ္ဓဆင်းတုတော်နှစ်ဆူကို





ကြည်ညိုဖွယ်ဖူးတွေ့ရပါသည်။ ထို့ပြင်နံရံဆေးရေးပန်းချီများကိုလည်း လေ့လာနိုင်ကြ၏။ နံရံပတ်လည်တွင် နှစ်ကျိပ်ရှစ်ဆူဘုရားများ၏ တောထွက်ခန်းပုံများ ရေးဆွဲထားပါသည်။ တောထွက်ခန်းများတွင် ဆင်ဖြူဖြင့်တောထွက်ခြင်း၊ မြင်းရထားဖြင့် တောထွက်ခြင်း၊ ခြေလျင်ဖြင့်တောထွက်ခြင်း၊ မြင်းစီး၍တောထွက်ခြင်း စသဖြင့် မျိုးစုံတွေ့ရပါသည်။ မူလက အရှေ့ဘက်မုခ် အထက်တွင်ပါဒခြေတော်ရာ တစ်ခုရှိခဲ့ဖူးပါသည်။

ဥပါလိသိမ်နံရံအောက်တန်းများတွင် ဂေါတမမြတ်စွာဘုရား၏ ဝါဆိုစဉ်များ၊ ဝါဆိုရာဌာနများကို ရေးဆွဲထား၏။ ထို့ပြင် အပြင်ဘက်စိန်တောင်ပန်းခက်များ၏ ပန်းတော့လက်ရာများမှာလည်း လေ့လာဖွယ်ကောင်းလှသည့် အနုစိတ် လက်ရာများဖြစ်ကြ၏။




www.burmeseclassic.com

www.burmeseclassic.com

# ၃

## ဖွားစောရွာအနီးဝန်းကျင်ဒေသရှိ စေတီပုထိုးများ




www.burmeseclassic.com

www.burmeseclassic.com

## (၁) ဆုတောင်းပြည့်အုတ်ကျောင်း



| | | |
|---|---|---|
| ဘွဲ့အမည် | – | ဆုတောင်းပြည့်အုတ်ကျောင်း |
| တည်နေရာ | – | အနောက်ဖွားစောရွာ၏ အနောက်ဖက်၌ တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ် (၁၃)ရာစု |

### တည်ဆောက်ပုံ

ဆုတောင်းပြည့်အုတ်ကျောင်းကို ထုထည်ကြီးမား





လှသော မဟာရာမ် တံတိုင်းများနှင့်တကွ ခမ်းနားစွာ တံတိုင်းကာလျှက် တည်ဆောက်ထားတတ်ကြ၏။ တံတိုင်းအတွင်း၌ ဘုန်းတော်ကြီးများ သီတင်းသုံးရန် နှစ်ထပ်ကျောင်း၊ သစ်သားဆောင်ဓမ္မသာ၊ သိမ်တက်ဆောင်၊ စာသင်ဆောင်များ ထည့်သွင်းဆောက်လုပ်ကြပါသည်။

### သမိုင်းနောက်ခံ

ဆုတောင်းပြည့် အုတ်ကျောင်းကြီးကို ခရစ်နှစ် ၁၂၉၉ ခုနှစ်တွင် စောနှစ်မင်း၏မိဖုရားကြီးဖွားစောက ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

### လေ့လာကြည့်ရှုဖွယ်ရာများ


ဆုတောင်းပြည့်အုတ်ကျောင်းတွင် စာပေကျမ်းဂန်ထားရှိသည့် ပရိယတ္တိများ လေ့လာသင်ယူကျက်မှတ်ရန်အတွက် ခန်းမဆောင်ကို လေ့လာကြည့်ရှုနိုင်သကဲ့သို့ထို သံဃာတော်အပါး (၄၀)ခန့် သီတင်းသုံးနိုင်သည့် ကျောင်းဆောင်ငယ်ကလေးများကိုလည်း စိတ်ဝင်စားဖွယ် လေ့လာနိုင်ကြပါသည်။ ထို့ပြင် ဆုတောင်းပြည့်အုတ်ကျောင်းကြီး၏ ရှေ့ဘက်ရှိ အဆောင်မြင့်မိုရ်စွန်းမှ အင်္ဂတေပန်းများမှာ အထူးလက်ရာ ပြောင်မြောက်လှကြောင်း တွေ့ရှိရ၏။



www.burmeseclassic.com

www.burmeseclassic.com

## (၂) ဓမ္မရာဇိကဘုရား



| | | |
|---|---|---|
| ဘွဲ့အမည် | – | ဓမ္မရာဇိကဘုရား |
| စေတီပုထိုးအမှတ် | – | ၉၃၇ / ၄၁၂ – က |
| တည်နေရာ | – | ဖွားစောရွာအနီး၌ တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ် ၁၁၉၈ ခု |





**တည်ဆောက်ပုံ**

ဉာဏ်တော် (၁၈၀)ပေ မြင့်မားသော အခုံခံမှန် ငါးခုဖြင့် တည်ဆောက်ထားသည့် ဘုရားဖြစ်ပါသည်။

**သမိုင်းနောက်ခံ**

ဓမ္မရာဇိက ဘုရားကို နရပတိစည်သူမင်းက ၁၈ စက်တင်ဘာ ၁၁၉၈ တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ပုဂံတွင် ငါးမျက်နှာဘုရား (၁၇) ဆူအနက် အကြီးဆုံး ငါးမျက်နှာစေတီကြီးဖြစ်သည်။ စေတီတော်တည်ရန် မြေနေရာကို ၆ အောက်တိုဘာ ၁၁၉၆ တွင် သစ်မထီး အရပ်၌ စတင်တွေ့ရှိခဲ့ရာ ယင်းမြေနေရာအတွက် သစ်မထီး ရပ်တွင် သီတင်းသုံးနေထိုင်ကြသည့် မထေရ်မြတ်တို့ထံ ခွင့်ပန်ခဲ့ကြ၏။ ထို့နောက် ၁ စက်တင်ဘာ ၁၁၉၇ ခုနှစ်တွင် အုတ်မြစ်ချခဲ့ပါသည်။

စေတီတော်၌ ဌာပနာပြုရန် ဓါတ်တော်များကို သီဟိုဠ်(သီရိလင်္ကာ)သို့ စေလွှတ်တောင်းခံခဲ့ကြောင်း၊ ပင့်ဆောင်ရရှိလာသည့် ဓါတ်တော်(၄)ဆူအား စေတီတော်၌ ဌာပနာမှုပြုခဲ့ကြောင်း ဘုရားတည်ရာ၌ ငွေ(၄၄၀၂၇)ကျပ် ပဲ(၁၈)လုံး ကုန်ကျခဲ့ကြောင်းများကို ကျောက်စာရေးထိုး မှတ်တမ်းတင်ခဲ့၏။ ထူးခြားချက်တစ်ရပ်အနေဖြင့် ယင်း ကျောက်စာ၌ ပုဂံခေတ်မြန်မာနိုင်ငံနယ်နိမိတ်၊ ခရိုင်နှင့်တိုက် များအမည်၊ စစ်အင်အားတို့ကို ထည့်သွင်းဖေါ်ပြရေးထိုး ထားကြောင်းတွေ့ရှိရ၏။



www.burmeseclassic.com

www.burmeseclassic.com




လေ့လာကြည့်ရှုဖွယ်ရာများ

မင်္ဂလာဇီကဘုရားမှာ ဉာဏ်တော်မြင့်မားလှသဖြင့် အဝေးမှပင် ကြည့်ရှုဘွယ်ဖူးတွေ့နိုင်ကြ၏။ စေတီတော် ပထမ ပစ္စယာမှစ၍ ပစ္စယာအဆင့်ဆင့်ဘေးဘက်တွင် ဇာတ်ကွက်နှင့် ပုဒ္ဒဝင်ခန်းတို့ကို စဥ့်သုတ်အုပ်ချပ်များဖြင့် ကမ္ပည်းထိုးထားရှိပါသည်။ စေတီတော်ကြီးနှင့်တွဲဆက်နေသည့် ဂူဘုရားများအတွင်း နံရံဆေးရေးပန်းချီနှင့်မင်စာများကိုလေ့လာနိုင်ကြ၏။ မင်စာကမ္ပည်းမှတ်တမ်းတွင် စေတီတော်ကြီးအား နှစ်နှစ်ကျော်ကြာတည်ခဲ့ရပုံကို ဖော်ပြထား၏။ ပုဂံစူဠာမဏိဂူဘုရားကြီးအောက်ထပ် မြောက်ဘက်မျက်နှာတွင် ခရစ်နှစ် ၁၃၁၇ ခုနှစ်က စတ္တာလင်ကပိုလ်ဆရာရေးဆွဲပူဇော်ထားသည့် မင်္ဂလာဇီကစေတီပုံကို ဖူးတွေ့နိုင်ပါသည်။



# ၄


## မင်းနန္ဒသူရွာအနီးဝန်းကျင်ဒေသရှိ စေတီပုထိုးများ




www.burmeseclassic.com

www.burmeseclassic.com

## (၁) စူဠာမဏိ



| | | |
|---|---|---|
| ဘွဲ့အမည် | – | စူဠာမဏိ (ဇောတမဏိ) |
| စေတီပုထိုးအမှတ် | – | ၄၇၈ / ၃၆၄ – က |
| တည်နေရာ | – | မင်းနန်သူရွာ၏ အနောက်ဘက်လမ်းမဘေး၌ တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | – | ၁၁၈၃ ခုနှစ် |





### တည်ဆောက်ပုံ

စူဠာမဏိဘုရားကို ကွမ်းတောင်ပေါက် လိုဏ်နှစ်ဆင့်ဂူ ဘုရားအဖြစ် တည်ဆောက်ထားပါသည်။

### သမိုင်းနောက်ခံ

နရပတိစည်သူမင်း (၁၁၇၄–၁၂၁၁) သည် ၂၀အောက်တိုဘာ ၁၁၈၃ ခုနှစ်တွင် ပုဂံမြို့အရှေ့ဘက် (၆)မိုင်အကွာ၌ တုရင်တောင်သို့ ထွက်ခွာခဲ့ရာ တောက်ပသော အရောင်ကို မြင်မိလေသည်။ ထိုအခါမင်းကြီးက မှူးမတ်များအား ''ထိုတောက်ပသော အရာသည်မီးလော'' ဟုမေးမြန်းလေ၏။ မှူးမတ်တို့ကလည်း ''မီး''ဖြစ်ကြောင်း လျှောက်တင်ကြသည်။

နရပတိစည်သူမင်းသည် တုရင်တောင်မှ အပြန်တွင် ပတ္တမြားတောက်ပသော အရောင်ထွက်ပေါ်သည့်နေရာ၌ ဂူဘုရားတည်ရန်ဆန္ဒဖြစ်ပေါ်လာခဲ့၏။ သို့ဖြင့် လိုဏ်နှစ်ဆင့်ဂူဘုရားကို တည်ထားကိုးကွယ်ခဲ့ပါသည်။ ကျောက်စာ၌ ပတ္တမြားတောက် စသည်ဟု ဖော်ပြပါရှိ၏။

နရပတိစည်သူမင်းကြီးသည် ဘုရားတည်ဆောက်ပြီးစီးသောအခါ သာသနာအနှစ်ငါးထောင် တည်စေရန် ရည်ရွယ်လျက် လယ်၊ ယာ၊ မြေများကို လှူဒါန်းခဲ့သည်။

### လေ့လာကြည့်ရှုဖွယ်ရာများ

စူဠာမဏိစေတီတော်သည် ပုဂံမြို့အရှေ့ဘက်



www.burmeseclassic.com

www.burmeseclassic.com




တစ်မိုင်ကျော်အကွာ၌တည်ရှိပြီး ထုထည်ကြီးမားလှသော ဂူဘုရား ကြီးဖြစ်ပါသည်။ ဂူဘုရားအောက်ထပ်မြောက်ဘက် နှင့် တောင်ဘက်တို့တွင် နံရံကပ်လှေကားများရှိရာ အထွတ် ပိုင်းသို့တက်ရောက်နိုင်ကြ၏။ အထက်တွင် ဗုဒ္ဓရုပ်ပွားတော် ကြီးကို ကြည်ညိုသပ္ပါယ်ဖွယ် ဖူးတွေ့ကြရပေမည်။ နံရံ ထက်တွင်လည်း နံရံဆေးရေးပန်းချီများ၊ မင်စာများကို လေ့လာနိုင်ကြ၏။ ခရစ်နှစ် (၁၅)ရာစုတွင် ရေးထိုးခဲ့သည့် မင်စာအရ ဘုရားဘွဲ့တော်ကို "ဇေတမဏိ ပတ္တမြားရောင် လျှံ"ဟူ၍ တွေ့ရှိရပါသည်။ နံရံဆေးရေးပန်းချီများမှာ ကုန်းဘောင်ခေတ်လက်ရာများ ဖြစ်ကြ၏။ ဗုဒ္ဓမြတ်စွာ ဝါဆို စဉ်များ၊ အသီတိရှစ်ကျိပ်သော သာဝကပုံများကို နံရံပြည့် ရေးဆွဲထား၏။

ရှုဥ္စာမဏိဂူဘုရား၌ ပုဂံခေတ်စဥ့်ချပ်များစွာ ကပ် ထားသည်ကိုလည်း လေ့လာနိုင်ကြသည်။ စဥ့်ချပ်များမှာ အစိမ်းရောင်နှင့် အဝါရောင်ရှိကြသည်။ ဂူဘုရားကြီးမှာ ပုဂံခေတ်လယ်ပိုင်းလက်ရာဖြစ်သဖြင့် ပိုမိုခိုင်ခန့်စေရန် ယက်မ၊ ထောင့်ချုပ်၊ စိန်တောင်၊ သပ်စီပေါင်းကူးစသည် တို့ဖြင့် ထည့်သွင်းတည်ဆောက်ထား၏။ အုတ်အစီအရင်မှာ လည်း အလွန်ကောင်းမွန်လှသည်။



## (၂) နရသီဟပတေ့မင်းကောင်းမှုဘုရား



| | | |
|---|---|---|
| ဘွဲ့အမည် | – | နရသီဟပတေ့မင်းကောင်းမှုဘုရား |
| စေတီပုထိုးအမှတ် | – | ၅၃၉ / ၂၉၅ – က |
| တည်နေရာ | – | မင်နန်းသူရွာမြောက်ဘက် ဘုရား သုံးဆူ နှင့် တည့်တည့်လမ်းအတိုင်း သွားရောက် ဖူးမြော်နိုင်ကြသည်။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ် (၁၃) ရာစု |



www.burmeseclassic.com

www.burmeseclassic.com



### တည်ဆောက်ပုံ

နရသီဟပတေ့မင်းကောင်းမှုဘုရားကြီးကို ကွမ်းတောင်ပေါက် လိုဏ်သုံးဆင့်ဂူဘုရားအဖြစ် တည်ဆောက်ထားပါသည်။

### သမိုင်းနောက်ခံ

နရသီဟပတေ့မင်းကောင်းမှုဘုရားမှာ အစဦအလာမှတ်သားချက်အရ နရသီဟပတေ့မင်း၏ ကုသိုလ်တော်ဖြစ်ပြီး ကာမှုည်းမင်စာ၌လည်း ဤသို့ပင်တွေ့ရှိရ၏။ ၁၂၉၀ ပြည့်နှစ်တွင် သီရိတြိဘဝနာ ဒိတျပဝရဓမ္မရာဇာ(ကျော်စွာ) မင်းသိင်္ဃသူ ကျောင်းသို့ လာရောက်ခိုက် သံပျံကြီး အဘယအဂ္ဂသူရက ဘုရင်မင်းမြတ်အား ခမည်းတော်နရသီဟပတေ့မင်းတည်ခဲ့သည့် ဤဂူကြီးတွင် ကျွန်၊ မြေစသည်တို့နေသားတကျမရှိသဖြင့် ထပ်မံလှူဒါန်းပါရန် လျှောက်ထားခဲ့၏။

ကျော်စွာမင်းကြီး ကွန်းပြောက် နန်းတော် ရောက်လျှင် ပန်ကြားပါဦးဟုဆိုလေရာ မထေရ်ကြီး အဓိရာဇဂုရုအရိယာဝံသ ဆရာတော်နှင့် သံဃျင်ကြီး အဂ္ဂသူရတို့နန်းတွင်းသို့ဝင်၍ ပန်ကြားကြပြန်သည်။ သို့ဖြင့် ကျော်စွာမင်းက ရာဇသကြံန်ကို စစ်ဆေးစေကာ ထပ်မံလှူဒါန်းပါသည်။





### လေ့လာကြည့်ရှုဖွယ်ရာများ

ဂူဘုရား၏အတွင်းနံရံတွင် နှစ်ကျိပ်ရှစ်ဆူ ဘုရားများ ဆိုင်ရာ ပန်းချီကွက်များ၊ ဗုဒ္ဓဝင်ခန်းများကို လေ့လာကြည့်ရှုနိုင်ကြ၏။ ထို့ပြင်ကမ္ဘ ည်းစာတမ်းရှည်ကြီးများကိုလည်း တွေ့ရှိနိုင်ကြပါသည်။ တောင်ဘက်နံရံတွင် အမတ်ကြီး ကက်ပြစ်က ကျောင်းကို မြေလှူခဲ့ကြောင်း မှတ်တမ်းတင်ထားပါသည်။ ၁၂၄၈ ခုနှစ်တွင် ရေးဖွဲ့ထားခြင်းဖြစ်ရာ ကျစွာမင်းလက်ထက်ကပင် ဂူဘုရားကိုတည်ခဲ့ပြီး နရသီဟပတေ့မင်းလက်ထက်၌ အပြီးသတ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

ဂူဘုရားကြီးအပေါ်ထပ်သို့ လှေကားကြီးများမှ တက်ရောက်ရပြီး အထက်သို့တက်ရန် လှေကားလည်းရှိပါသေးသည်။ မှုလကွမ်းတောင်နေရာမှာ ပျက်စီးသွားခဲ့၏။ ဂူဘုရားအပေါ်ထပ်ထောင့် စေတီများတွင် အင်္ဂတေပန်းတော့လက်ရာများကို လေ့လာနိုင်ကြ၏။ ထို့ပြင်အပေါ်ဆင့်စိန်တန်းများ၌ စဥ့်ကွက်များရှိပါသည်။ ဂူဘုရား၏အပြင်နံရံပတ်လည်၌လည်း တိုင်ဖုံးပန်းများ၊ ပန်းဆွဲများနှင့် တိရစ္ဆာန်ပုံများကို လေ့လာနိုင်ကြ၏။ နရသီဟပတေ့မင်းကောင်းမှုဂူဘုရားမှာ မင်းနန်းသူတပိုက်တွင် အမြင့်ဆုံးဖြစ်သဖြင့် အပေါ်ထပ်မှ နေ၍ပုဂံရှုမျှော်ခင်းကို လေ့လာကြည့်ရှုခံစားနိုင်ကြလေသည်။ သဲကျောက်ပေါ်တွင် စဥ့်သုတ်လက်ရာရှိသည့်ဘုရားများအနက် တစ်ဆူအပါအဝင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၃) ပြသာဒ်ကြီး



| | | |
|---|---|---|
| ဘွဲ့အမည် | – | ပြသာဒ်ကြီး (ပြဿဒါးကြီး) |
| စေတီပုထိုးအမှတ် | – | ၈၀၃ / ၃၈၄ – က |
| တည်နေရာ | – | အနောက်ဖွားစောရွာသို့သွားရာ လမ်းနံ့ဘေးအတွင်းဘက်၌ တည်ရှိသည်။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ် (၁၃) ရာစု အစောပိုင်း |





### တည်ဆောက်ပုံ

ပြသာဒ်ကြီးဘုရားကို ကွမ်းတောင်ပေါက် လိုဏ်နှစ်ဆင့်ဂူဘုရားအဖြစ် တည်ဆောက်ထားပါသည်။

### သမိုင်းနောက်ခံ

ပြသာဒ်ကြီးဂူဘုရားကို ကျစွာမင်းက ခရစ်နှစ် ၁၂၄၉ ခုနှစ်တွင် စတင်တည်ထားကိုးကွယ် ခဲ့သည်။ ကျစွာမင်းသည် သီဟိုဠ်(သီရိလင်္ကာ)မှ ပြန်လည်ကြွရောက်လာသော မွေ့သီရိမဟာထေရ်အတွက် တည်ခဲ့ခြင်းဖြစ်၏။ ဘုရားတည်ပြီး မကြာမီကျစွာ မင်းနတ်ရွာစံလွန်ခဲ့ရာ ဘုရားမှာ အပြီးမသတ်ခဲ့ပေ။ ပြဿဒါးနေ့တွင် စတင်တည်ခဲ့သဖြင့် ပြဿဒါးဘုရားဟူ၍လည်း ခေါ်ဆိုကြပါသည်။

### လေ့လာကြည့်ရှုဖွယ်ရာများ

ပြသာဒ်ကြီးဘုရားတွင် အုတ်စီလက်ရာကောင်းမွန်လှပြီး ပေါင်းမိုး(အမိုးခုံး)များနှင့် အဝင်မုခ်၌ အမိုးခုံးနှစ်ခုကြားလေဟာနယ်အဖြစ် အလေးချိန်လျော့သည့် အနေဖြင့် တည်ဆောက်ထားပုံတို့ကို လေ့လာကြည့်ရှုနိုင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

## (၄) ဘုရားသုံးဆူ



| | | |
|---|---|---|
| ဘွဲ့အမည် | – | ဘုရားသုံးဆူ |
| စေတီပုထိုးအမှတ် | – | ၄၇၇/၂၇၈ က၊ ၄၇၈/၂၇၈ ခ/ ၄၇၉/ ၂၇၈ ဂ |
| တည်နေရာ | – | မင်းနန်သူရွာ၏ မြောက်ဘက်၌ တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ် (၁၃)ရာစု |





### တည်ဆောက်ပုံ

ဘုရားသုံးဆူဂူဘုရားများကို ကွမ်းတောင်ပေါက် လိုဏ်တစ်ဆင့်အဖြစ် အုတ်ခုံတစ်ခုတည်းတွင် တွဲလျက် တည်ဆောက်ထားပါသည်။ ဂူများမှာမူ အလတ်စား ဂူများဖြစ်ကြ၏။

### သမိုင်းနောက်ခံ

ဘုရားသုံးဆူ ဂူဘုရားကို ပုဂံခေတ် နှောင်းလက်ရာ အဖြစ်မှန်းဆကြ၏။ ၁၉၁၅–၁၆ ခုနှစ်များက ကျောက်စာဝန် မစ္စတာချားလ်စ်ဒူရွိုင်းဆယ်က ဘုရားသုံးဆူအတွင်း နံရံဆေးရေးပန်းချီများကို လေ့လာလျက် တန္တရဗုဒ္ဓဘာသာဆိုင်ရာပုံများ၊ မဟာယာနဗုဒ္ဓ ဘာသာဝင် အရည်းကြီး ရဟန်းတို့နှင့် သက်ဆိုင်သောပုံများဟု မှတ်ချက်ပြုခဲ့ပါသည်။ ဗြိတိသျှခေတ်ကပင် ဤဘုရားသုံးဆူ ဂူဘုရားကို စနစ်တကျ ပြုပြင်ထိန်းသိမ်းခဲ့ပြီး နှစ်ချုပ် အစီရင်ခံစာများ၊ စာအုပ်စာတမ်းများ၌ ထည့်သွင်းဖော်ပြခဲ့သည်။

### လေ့လာကြည့်ရှုဘွယ်ရာများ

ဘုရားသုံးဆူဂူဘုရားများအတွင်းနံရံ ဆေးရေး ပန်းချီများမှာ များစွာလေ့လာကြည့်ရှုဘွယ်ကောင်းလှပါသည်။ ဂူ(၃)ဆူအနက် အရှေ့ဘက်ဂူနှင့် အလယ်ဂူတို့တွင်သာ နံရံပန်းချီများရှိပြီး အနောက်ဘက်ဂူ၌မူ ပန်းချီမရေးခဲ့ရသေးပေ။ ပန်းချီရှိသော အရှေ့ဘက်ဂူနှင့် အလယ်ဂူတို့



www.burmeseclassic.com

www.burmeseclassic.com



သည့်ပင် လက်ရာများမှာ တစ်ပိုင်းတစ်စဖြစ်နေသဖြင့် အကြောင်းကြောင်းကြောင့် လက်စမသတ်နိုင်ခဲ့ကြောင်း သိရှိရ၏။ မွန်ဂိုစစ်သည်များ ပုဂံသို့ရောက်ရှိလာသဖြင့် လုပ်ငန်းများ ရပ်ဆိုင်းသွားရဟန် ရှိပါသည်။

နံရံပန်းချီများထဲတွင် ဗုဒ္ဓဝင်ဆိုင်ရာ ဇာတ်ကွက်များကို အဓိကထားရေးဆွဲထားပါသည်။ ထို့ပြင်နှစ်ကျိပ်ရှစ်ဆူ ဘုရားများပုံ၊ ဗုဒ္ဓမြတ်စွာအားဘေးမှ နတ်များခြံရံထားပုံ၊ နံရံထောင့်တို့တွင် ဘေးမှနတ်သမီးတစ်ယောက်စီကို ဖက်ထားသည့် နတ်သားများပုံစသည်တို့ကို လေ့လာကြည့်ရှုနိုင်ကြ ၏။ ငှင်းပြင် မတ်ရပ်နတ်ရုပ်၊ ကိန္နရာ၊ ဘီလူး၊ မြွေ၊ ဆင်ရုပ်တို့ကိုလည်း တွေ့ရှိကြရပါသည်။ နံရံထက်တွင် ဇာတာတစ်စောင်ကို ကြိုဟ်ခွင်အနေအထားနှင့်တကွ ရေးမှတ်ထားရာ၌ "သက္ကရာဇ် ၁၅ အာသိမ်နှစ်ကဆုန်လဆန်း ၃ရက် ဗြကြာနေ့ သန်းခေါင်မတိုင်မီ ၃ ခရာသတို့ သားဖွားစင်မျက်နှာမြင်၏။ သုဒ္ဓောတနဇာတာ"ဟု တွေ့ရှိရပါသည်။ ဇာတာအရ ခရစ်နှစ် ၁၄၅၂ ခုနှစ်တွင် ဖွားမြင်ခဲ့သူဖြစ်ပါသည်။



## (၅) လေးမျက်နှာဘုရား



| | | |
|---|---|---|
| ဘွဲ့အမည် | – | လေးမျက်နှာ |
| စေတီပုထိုးအမှတ် | – | ၄၄၇ / ၂၇၁ – က |
| တည်နေရာ | – | မင်းနန်သူရွာအနီး၌ တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ် ၁၂၂၃ ခုနှစ် |

တည်ဆောက်ပုံ

လေးမျက်နှာဘုရားကို ကွမ်းတောင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်တဆင့်ဂူဘုရားအဖြစ် တည်ဆောက်ထားပါသည်။

### သမိုင်းနောက်ခံ

လေးမျက်နှာ ဘုရားကို အမတ်ကြီး အာနန္ဒသူရ ဇနီးမောင်နှံက ၁၅ ဒီဇင်ဘာ ၁၂၂၃ တွင် စတင်တည်ခဲ့သည်။ အမတ်ကြီးက ကျောက်စာ ရေးထိုးထားရှိရာတွင် အတိုင်းမသိသော သဒ္ဒါစိတ်ဖြင့် ကုသိုလ်ကောင်းမှုပြုခဲ့ကြောင်း၊ အာမနာကန်ရပ်၌ ထန်းပင်စိုက်ခြင်း၊ တံတိုင်းနှစ်ထပ်ကာရံခြင်း၊ တံတိုင်းအတွင်းကလသာအိုး အယောင်နှင့်တူသော စကြံထက်၌ ဂူတည်ခြင်း၊ စေတီအထွတ်ကို ရွှေဖြင့်ပြုလုပ်၍ ရွှေထီးတင်လှူခဲ့ခြင်း၊ တရားနာ ပရိသတ်အတွက် ဓမ္မသာလာ၊ မဟာထေရ်တို့အတွက် ကျောင်းဆောက်ခြင်း၊ ရေတွင်းရေကန်တူးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း ဖေါ်ပြထားခဲ့သည်။

### လေ့လာကြည့်ရှုဖွယ်ရာများ

လေးမျက်နှာဂူဘုရားသည် မင်းနန့်သူရွာ၏ ရှေ့ဦးစေတီဖြစ်သောကြောင့် နှစ်စဉ်ဘုရားပွဲကျင်းပလေ့ရှိပါသည်။ ဘုရားအတွင်း နံရံဆေးရေးပန်းချီများရှိသော်လည်း အောက်ပိုင်းမှာ ထုံးသုတ်လိုက်သဖြင့် ပျက်စီးသွားပါသည်။ ယခုအခါ အပေါ်ပိုင်းတွင်သာ ကျန်ရှိပါတော့သည်။ ဂူဘုရားအတွင်း အရှေ့ဘက်အဝင်ပေါင်းကူး မျက်နှာကျက်တွင် ဗုဒ္ဓခြေတော်ရာကို ဖူးတွေ့နိုင်ကြ၏။ နံရံအထက်ပိုင်းတွင်မူ မဟောသဓာ





ဇာတ်ကွက် ပန်းချီများကို ကမ္ပည်းစာတမ်းနှင့်အတူ ရေးဆွဲထားပါသည်။

ဂူဘုရားအတွင်းပေါင်းကူးမျက်နှာကျက်များ၌ ရုပ်ပုံပါစက်ဝိုင်းပုံ ပန်းခက်ပန်းနွယ်များ၊ နံရံထက်တွင် ၅၅၀ ဇာတ်ကွက်နှင့် ကမ္ပည်းစာတမ်းများ၊ နှစ်ကျိပ်ရှစ်ဆူဘုရားပုံတော်များ၊ ဗုဒ္ဓဝင်ခန်းများကို လေ့လာကြည့်ရှုနိုင်ကြ၏။ ထို့ပြင်အပြင်ဘက်မျက်နှာစာရှိ အင်္ဂတေလက်ရာများမှာလည်းစိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ နားတောင်းများမင်းလက်ထက် အမတ်ကြီးက နန္ဒသူမောင်နှံ၏ ''မြတ်စွာ သောမင်းကြီးအမတ်တျာမဟာသေနာပတိ အနန္တသူရ မောင်နှံနှစ်ယောက် ဤလှူတွင်၌ အတိုင်းမသိသဒ္ဒါ၍'' အစချီ ကျောက်စာမှတ်တမ်းမှာလည်း လေ့လာဖွယ်ကောင်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၆) သမ္ဗျူလဘုရား



| | | |
|---|---|---|
| ဘွဲ့အမည် | – | သမ္ဗျူလဘုရား (သုံးလူလ) |
| စေတီပုထိုးအမှတ် | – | ၄၈၂ / ၂၈၁ |
| တည်နေရာ | – | ဘုရားသုံးဆူ၏ အရှေ့မြောက်ဘက်ကပ်လျက် |
| တည်ဆောက်ချိန် | – | ခရစ်နှစ် ၁၂၅၆ ခုနှစ် |





### တည်ဆောက်ပုံ

သမ္ဗျူလဘုရားကို ကွမ်းတောင်ပေါက် လိုဏ်တစ်ဆင့်ဂူအဖြစ် တည်ဆောက်ထားပါသည်။ နံရံရေးကမ္ပည်းမင်စာ အများအပြားရှိသဖြင့် ပုဂံခေတ်ပါဠိစာပေများ သိုမှီးရာ ပိဋကတ်တိုက်ဟုလည်း မှတ်ယူကြ၏။

### သမိုင်းနောက်ခံ

သမ္ဗျူလဘုရားကျောက်စာအရ ယင်းဂူဘုရားကို ၁၅ ဖေဖေါ်ဝါရီ ၁၂၅၆တွင် ကျစွာမင်း၏ သမီးတော် ဥဇနာမင်း၏ ပယ်မိယားတိလောက စန္ဒြနာ မဟာဒေဝီ (သုံးလူလ) မိဖုရားက တည်ခဲ့သည်။ သုံးလူလ မိဖုရားအား အစွဲပြု၍ သုံးလူလဘုရားဟု ခေါ်ဆိုကြသော်လည်း ၁၂၈၂ခုနှစ်တွင် ရေးထိုးခဲ့သည့် နံရံမင်စာ၌ "သမ္ဗျူလ" ဟုရေးထိုးမိသဖြင့် နောက်သမ္ဗျူလ ဘုရားဟုခေါ်ဆိုလာ ကြ၏။

### လေ့လာကြည့်ရှုဖွယ်ရာများ

သမ္ဗျူလဘုရားတွင်း၌ နံရံဆေးရေးပန်းချီများကို လေ့လာနိုင် ကြ၏။ အဝင်ခန်းမပေါင်းကူးမျက်နှာကျက်တွင် ဗုဒ္ဓရုပ်ပွားတော်များ၊ နံရံတွင်သစ်ရွက်ပန်းပုံတန်းရေးဆွဲထား၏။ ဂူရှေ့ဘက်နံရံထက်တွင် နောက်ပွင့်လတ္တံ့သော အရိမေတ္တေယျ ဘုရားနှင့်သက်ဆိုင်သည့် အနာဂတဝင်ပါဠိ ထွက်အကြောင်းအရာပုံများနှင့် ပါဠိကမ္ပည်းစာတမ်းများကို လေ့လာကြည့်ရှု နိုင်ကြပါသည်။ ထို့ပြင်ဂူအတွင်းနံရံ



www.burmeseclassic.com


www.burmeseclassic.com



ပတ်လည်၌ နှစ်ကျိပ်ရှစ်ဆူဘုရားများ ကိုလက်ရေးစာများ နှင့်တကွ ဖူးမြော်လေ့လာနိုင်ကြ၏။ ဂူအတွင်းအခြားနံရံများ ၌လည်း စရိယပိဋကတ်ဆိုင်ရာ ပါဠိစာသားများနှင့် ဗုဒ္ဓဝင် ဆိုင်ရာ မြန်မာဘာသာစာတမ်းများကို ဖတ်ရှုလေ့လာနိုင်ပါ သည်။



## (၇) နန္ဒမည



ဘွဲ့အမည် – နန္ဒမညာ (အနန္တပညာ)
စေတီပုထိုးအမှတ် – ၅၇၇ / ၃၀၆ က
တည်နေရာ – ဘုရားသုံးဆူ၏ အရှေ့မြောက်ဘက် မင်းနန်သူရွာမြောက်ပိုင်းတွင် တည်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

တည်ဆောက်ချိန် - ခရစ်နှစ် (၁၃) ရာစု

တည်ဆောက်ပုံ

"အနန္တပညာ" ဂူဘုရားကို စေတီပေါက်လိုဏ် တစ်ဆင့် ဂူဘုရားအဖြစ် တည်ဆောက်ထားပါသည်။ မုခ်ဝကို အရှေ့ဘက်သို့ လှည့်ထား၏။

သမိုင်းနောက်ခံ

အနန္တပညာဟူသည် အဆုံးအစမရှိသော ပညာ ဉာဏ်ဟု အဓိပ္ပါယ်ရပါသည်။ အနန္တပညာ ဘုရား၏ အရှေ့ဘက်တွင် ဥမင်တစ်ခုရှိရာ ယင်းဥမင်၌သခင် အနန္တပညာမထေရ် သီတင်းသုံးနေထိုင်ခဲ့၏။ ဥမင်အတွင်း ၁၈ ဖေဖော်ဝါရီ ၁၂၆၀တွင် ရေးထိုးထားသည့် ကျောက်စာ၌ "မြတ်ကြီး ဥမင် သခင်အနန္တပညာ" ဟုပါရှိပါသည်။


လေ့လာကြည့်ရှုဖွယ်ရာများ

အနန္တပညာဂူဘုရားတွင် နံရံဆေးရေးပန်းချီများစွာ ရှိပါသည်။ တောင်ဘက်နံရံဗုဒ္ဓရုပ်ပွားတော်ပုံအောက်တွင် အရည်းကြီးတို့ထံ ပန်းဦးလွှတ်ပူဇော်ပွဲပုံရှိ၏။ ထို့ပြင် ဗုဒ္ဓဝင် ဇာတ်ကွက်များ၊ နှစ်ကျိပ်ရှစ်ဆူပုံများ၊ ဗောဓိညောင်ပင်ပုံ စသည်တို့ကို လေ့လာကြည့်ရှုနိုင်ကြ၏။



# ၅

# မြင်းကပါရွာအနီးဝန်းကျင်ဒေသရှိ စေတီပုထိုးများ




www.burmeseclassic.com

www.burmeseclassic.com

## (၁) မြင်းကပါဂူပြောက်ကြီး



| | | |
|---|---|---|
| ဘွဲ့အမည် | – | ဂူပြောက်ကြီး(မြင်းကပါ) |
| စေတီပုထိုးအမှတ် | – | ၁၃၂၃/၆၄၇ |
| တည်နေရာ | – | မြင်းကပါရွာမြစေတီအနီး၌ တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ်(၁၁)ရာစု |





### တည်ဆောက်ပုံ

ဂူပြောက်ကြီး(မြင်းကပါ)စေတီကို ကွမ်းတောင်ပေါက်နှစ်ထပ်လိုဏ်ဂူဘုရားအဖြစ် တည်ဆောက်ထားပါသည်။

### သမိုင်းနောက်ခံ

ဂူပြောက်ကြီး ဘုရားသည် ရာဇကုမာရ်၏ကောင်းမှုဖြစ်ပြီး ခရစ်နှစ် ၁၁၁၃ ခုနှစ်တွင် တည်ဆောက်ခဲ့ကြောင်း အဆိုရှိ၏။ ရာဇကုမ္မရ်ကျောက်စာအရ ကျန်စစ်သားမင်းကြီးသည် ပုဂံထီးနန်းကို (၂၈)နှစ်ကြာ အုပ်ချုပ်ခဲ့ပြီး နောက် ခရစ်နှစ် ၁၁၁၃ခုနှစ်တွင် မကျန်းမမာ ဖြစ်နေခဲ့၏။ ထိုစဉ် ကျန်စစ်သားမင်းနှင့် မိဖုရားသမ္ဘူလတို့မှ ဖွားမြင်သူ သားတော် ရာဇကုမာရ်သည် ဖခင်၏ဂုဏ်ကျေးဇူးကို အောက်မေ့လျက် ရွှေဆင်းတု တစ်ဆူသွန်းလုပ်ခဲ့၏။ ဆင်းတုတော် သွန်းလုပ်ပြီးသွားသောအခါ ဖခင်ပေးထားသည့် ကျွန်သုံးရွာကိုလည်း ဘုရားအား လှူဒါန်းလိုက်ပါသည်။ ကျန်စစ်သားမင်းကြီးမှာ မိဘကျေးဇူး သိကတ်သူသားတော်အတွက် ဝမ်းမြောက်ကျေနပ်စွာဖြင့် သာဓုခေါ်ကာ ရေစက်သွန်းချခဲ့၏။ ယင်းရွှေဆင်းတုတော်အား ဌာပနာပြုကာ ဂူဘုရားတစ်ဆူတည်ခဲ့ရာ နောင်ဂူပြောက်ကြီးဘုရားဟု အမည်တွင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လေ့လာကြည့်ရှုဖွယ်ရာများ

ဂူပြောက်ကြီးဘုရားသို့ရောက်ရှိလျှင် အပြင်ဘက်၌ ဘီလူးပန်းဆွဲ၊ ထောင့်ပန်းစသည့် အင်္ဂတေလက်ရာများကို ထူးခြားစွာ တွေ့ရှိရပေလိမ့်မည်။ ဂူဘုရားအဝသို့ဝင်ရောက်လျှင်မူ နံရံဆေးရေးပန်းချီများကို လေ့လာနိုင်ကြ၏။ အဝင်ဝဘေးနံရံ၏ တစ်ဘက်တစ်ချက်တွင် လက်များစွာရှိသော နတ်ရုပ်များမတ်တပ်ရပ်နေပုံများ တွေ့ရှိနိုင်ပါသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာ တာဝတိံသာ နတ်ပြည်မှ ဆင်းလာခန်း၊ တရားဟောခန်း၊ ဝေသာလီပြည်သို့လှေဖြင့် သွားခန်း၊ ၅၅၀ ဇာတ်ကွက်များ၊ ကောသလ အိပ်မက်(၁၆)ချက်တို့အား သရုပ်ဖော်ထားသည်ကို လေ့လာနိုင်ပါသည်။

ထူးခြားချက်မှာ သင်္ဂါယနာတင်မှတ်တမ်းပန်းချီများ ရေးဆွဲထားခြင်းဖြစ်၏။ ထို့ပြင် သီဟိုဠ်ကျွန်း ဋ္ဌာရမင်းက တရားခေါင်းလောင်းချိတ်ဆွဲကာ တရားသဖြင့် အုပ်ချုပ်ပုံ၊ ဒေဝါနံပီယမင်းနှင့် ရှင်မဟိန္ဒကို အမေးအဖြေပြုပုံ၊ နန်းတွင်းသူ နန်းတွင်းသားများပုံများကိုလည်း လေ့လာနိုင်ကြပါသည်။ ၁၉၈၄-ခုနှစ်တွင် ရှေးဟောင်းသုတေသနဦးစီးဌာနမှ ကုလသမဂ္ဂအကူအညီဖြင့် နံရံဆေးရေးပန်းချီနှင့် မင်စာများအား ဓါတုဗေဒဆေးများဖြင့် သုတ်လိမ်းခဲ့ရာ မွန်ဘာသာရေး မင်စာများကို ဖတ်ရှုနိုင်ကြပြီဖြစ်ပါသည်။

ဂူပြောက်ကြီး (မြင်းကပါ) အတွင်းနံရံဆေးရေးပန်းချီများမှာ မူလအရောင်နီးပါး မပျက်ပြယ်သေးပဲရှိနေရာ





အပြာနုရောင်၊ ပန်းရောင်၊ အနီရင့်ရောင်၊ ကြွက်သွေးရောင်များသုံးစွဲထားသည်ကို တွေ့ရှိနိုင်၏။ ဂူဘုရားအတွင်း ဂန္ဓကုဋိတိုက် အတွင်းပတ်လည်၌ စကြံနပတ်လမ်းရှိပြီး ယင်းစကြံနအတွင်းနံရံ မုခ်ကပ်များ၌ ဗုဒ္ဓရုပ်ပွားတော် များကို လေ့လာကြည့်ရှုနိုင်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၃) စိုးမင်းကြီးအုတ်ကျောင်း



| | | |
|---|---|---|
| ဘွဲ့အမည် | – | စိုးမင်းကြီးအုတ်ကျောင်း |
| သာသနိကအဆောက်အအုံအမှတ် | – | ၁၁၄၇/၄၉၃ |
| တည်နေရာ | – | မြင်းကပါရွာမှ သီရိပစ္စယာရွာသို့သွားရာလမ်း နဂါးရုံဘုရားအနီး၌တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ်(၁၂)ရာစု |





### တည်ဆောက်ပုံ

အုတ်ကျောင်းကို အဝင်ခန်းမ၊ ဘုရားကျောင်းဆောင်နှစ်ထပ် အဆောက် အအုံ၊ စသင်ရဟန်းများ သီတင်းသုံးနိုင်ရန် အခန်းငယ်များနှင့်တကွ တည်ဆောက်ထားပါသည်။ အပေါ်ထပ်သို့ တက်ရောက်ရန် လှေကားနေရာလည်း တွေ့ရှိရပြီး၊ စကြ်န်သွားလမ်း၌ ကျောက်ပြားများခင်းထားသည်ကို တွေ့ရှိရ၏။

### သမိုင်းနောက်ခံ

စိုးမင်းကြီးအုတ်ကျောင်းသည် ပုဂံခေတ်နှောင်းတွင် တည်ဆောက်ခဲ့သော ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်းဖြစ်ဟန်ရှိပါသည်။ သီရိအသင်္ခယာ၏ သမီးတော်စိုး မင်း၏ ကုသိုလ်တော်ဖြစ်ဟန်တူ၏။ သို့သော် ပုဂံခေတ်နှောင်းကာလတွင် အခြားစိုးမင်းကြီးတစ်ပါးလည်း ရှိသေးရာ မည်သည့်စိုးမင်းကြီးအား ဆိုလိုရင်းဖြစ်ကြောင်း မသိရပေ

### လေ့လာကြည့်ရှုဖွယ်ရာများ

စိုးမင်းကြီးအုတ်ကျောင်း ဘုရားဆောင်အောက်ထပ်တွင် ဗုဒ္ဓဆင်းတုတော်တစ်ဆူရှိရာ ဦးညွှတ်ကြည်ညိုနိုင်ကြပါသည်။ စိုးမင်းကြီးအုတ်ကျောင်း၏ အထက်ထပ်နှင့်ပတ်သက်၍ မူလပုံသဏ္ဌာန်ကို မသိရပေ။ သို့သော် မူလကခန်းနားထည်ဝါ စွာရှိခဲ့ကြောင်းနှင့် မှတ်ယူရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးမင်းကြီးအုတ်ကျောင်းအနီးတွင် စိုးမင်းကြီး ပုထိုး (စေတီပုထိုးအမှတ်–၁၁၄၅/၄၉၁)လည်း သီးခြားရှိပါသည်။ ပစ္စယာဆင့်များနံဘေးတွင် မူလက စဥ္စရည်သုတ်အုတ်ချပ်များ ရှိခဲ့ပါသည်။ လူရုပ်၊နတ်ရုပ်နှင့်တိရစ္ဆာန်ရုပ်များ သရုပ်ဖေါ်ထားပုံမှာ လက်ရောက်မြောက်လှ၏။



## (၄) စိန်ညက်ညီမ



ဘွဲ့အမည် – စိန်ညက်ညီမ
စေတီပုထိုးအမှတ် – ၁၀၈၅/၄၅၇
တည်နေရာ – စိုးမင်းကြီး အုတ်ကျောင်းနှင့်မလှမ်းမကမ်း၌တည်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ချိန် – ခရစ်နှစ်(၁၂)ရာစု

တည်ဆောက်ပုံ

စိန်ညှက်ညီမစေတီကို သီဟိုဠ်(သီရိလင်္ကာ) ပုံစံ တည်ဆောက်ထားပါသည်။ အောက်ခြေလေးထောင့်ပစ္စယာအမြင့်ထက်၌ တည်ထားခြင်း ဖြစ်ပြီး အနီးရှိကပ်လျက် ပုထိုးမှာ စိန်ညှက်အစ်မဂူဘုရားဖြစ်၏။ ယင်းကဲ့သို့ စေတီနှင့် ပုထိုးတွဲလျက် တည်ထားခြင်းမှာ ပုဂံ၌စိန်ညှက်ညီအစ်မ စေတီပုထိုးနှင့် ဖြတ်စရွှေဂူကျောင်းကြီး ညီအစ်မနှစ်ဆူ၊ မြင်းကပါဂူပြောက်ကြီးနှင့် မြစေတီ၊ စောမင်းလတ်စေတီနှင့်ဂူ တို့သာရှိသည်ဆို၏။

သမိုင်းနောက်ခံ


စိမ်ညှက်သည့် စိမ်ညှက်မထေရ်ကိုသော်လည်းကောင်း၊ စိန်ညှက်မင်းသမီးကို သော်လည်းကောင်း ဆိုလိုဟန်ရှိပါသည်။

လေ့လာကြည့်ရှုဖွယ်ရာများ

စိန်ညှက်စေတီတော်မှာ ပုဂံခေတ်သီဟိုဠ်စေတီ ပုံစံဖြစ်ပြီး ကြည့်ရှုဘွယ်ကောင်းလှပါသည်။



(၅) စိန်ညှက်အစ်မ



ဘွဲ့အမည် – စိန်ညှက်အစ်မ
သာသနိကအဆောက်အအုံအမှတ် – ၁၀၈၅/၄၅၇
တည်နေရာ – စိုးမင်းကြီးအုတ်ကျောင်းနှင့် မလှမ်းမကမ်း၌တည်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ချိန် – ခရစ်နှစ် (၁၂)ရာစု

**တည်ဆောက်ပုံ**

စိန်ညှက်အစ်မ ဂူဘုရားကို ကွမ်းတောင်ပေါက် လိုဏ်တစ်ဆင့်ဂူဘုရား အဖြစ်တည်ဆောက် ထားပါသည်။ အနီးရှိ စိန်ညှက်ညီမစေတီမှာမူ သီဟိုဠ်(သီရိလင်္ကာ) ပုံစံ ဖြစ်ပါသည်။

**သမိုင်းနောက်ခံ**

စိန်ညှက်သည် စိန်ညှက်မထေရ်ကိုသော်လည်း ကောင်း၊ စိန်ညှက်မင်းသမီးကိုသော်လည်းကောင်းဆိုလိုဟန် ရှိပါသည်။ ဝေါဟာရ အခေါ်အဝေါ်အားဖြင့်လည်း မင်းသမီး ညီအစ်မများ၏ ကုသိုလ်တော်ဖြစ်ဟန်ရှိ၏။

**လေ့လာကြည့်ရှုဖွယ်ရာများ**

စိန်ညှက်အစ်မဂူအတွင်းစင်္ကြံန် ပတ် လမ်းနံရံထက် ၌ ဗောဓိပင်ပုံ၊ တောင် ဘက်အာရုံခံခန်းမ၌ ဗုဒ္ဓရုပ်ပွားတော် ပုံများကို ဖူးမြော်ကြည့်ရှုနိုင်ကြ၏။ အရှေ့ဘက်အဝင်ခန်းမ ၏ နံရံတွင် ၅၅၀ဇာတ်သရုပ်ဖော်ပုံများ အပြင် ဘက်မျက်နှာ တွင် အင်္ဂတေပန်းတော့ လက်ရာဘီလူးပန်းဆွဲများ မကာရ်း ပုံများကို လေ့လာနိုင်ကြပါသည်။



## (၆) နဂါးရုံ



| | | |
|---|---|---|
| ဘွဲ့အမည် | – | နဂါးရုံဘုရား |
| စေတီပုထိုးအမှတ် | – | ၁၁၉၂/၅၃၀ |
| တည်နေရာ | – | မြင်းကာပါမှ သီရိပစ္စယာသို့သွားရာလမ်း ၏ အရှေ့ဘက်ဘေး၌ တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ်(၁၁)ရာစု |



www.burmeseclassic.com

www.burmeseclassic.com



### တည်ဆောက်ပုံ

နဂါးရုံဘုရားကို ကွမ်းတောင်ပေါက် လိုဏ်တစ်ဆင့်ဂူဘုရားအဖြစ် တည်ဆောက်ထားပါသည်။ မိုးလျှော၊ ပစ္စယာအဆင့်ဆင့်ဖြင့် တည်ဆောက်ထားခြင်း ဖြစ်ပြီး ပစ္စယာအထက်၌ ကွမ်းတောင် နှင့်အထွတ် စေတီပေါက်ထားပါသည်။ ယို့ပြင်ပစ္စယာများ၌ ထောင့်စေတီများထည့်သွင်းတည်ဆောက်ထား၏။ ဘုရားကိုအပြင်တံတိုင်းကြီးနှင့် အတွင်း တံတိုင်းနိမ့်နှစ်ထပ် ကာရံထား၏။

### သမိုင်းနောက်ခံ

နဂါးရုံဘုရားကို ကျန်စစ်သားမင်းက တည်ထားကြောင်းအစဉ်အလာ ယုံကြည်ခဲ့ကြ၏။ ကျန်စစ်သားမင်းသည် စောလူးမင်းရန်ကြောင့် ထွက်ပြေးတိမ်းရှောင်ရင်း ဤမြင်းကပါရွာအနီးသို့ရောက်ရှိလာခဲ့သည်။ ကျန်စစ်သားမှာပုန်းအောင်နေရရာ ဇနီးသည် အပယ်ရတနာက လျှို့ဝှက်စွာ လာရောက်တွေ့ဆုံလေ့ရှိသည် ဆိုပါသည်။

တစ်နေ့ အပယ်ရတနာက သွားရောက်တွေ့ဆုံစဉ် အိပ်ပျော်နေသော ကျန်စစ်သားအား နဂါးကြီးတစ်ကောင်က ပါးပြင်းဖြင့် မိုးထားသည်ကိုတွေ့ရှိရသည်ဆို၏။ ကျန်စစ်သားအိပ်ယာမှနိုးလာပြီးနောက် အပယ်ရတနာက ကျန်စစ်သားအား ပြောပြရာ မိမိအမှန် ကေန်ပင်မင်းဖြစ်အံ့ဟု နိမိတ်ဖတ်ခဲ့၏။ သို့ဖြင့် ကျန်စစ်သားမင်းဖြစ်လာပြီးနောက်ယင်းနေရာ၌ စေတီတော်တည်ထား



ကိုးကွယ်ခဲ့သည်ဟု ဆိုပါသည်။

### လေ့လာကြည့်ရှုဖွယ်ရာများ

နဂါးရုံဘုရားအတွင်းနံရံနှင့်စင်္ကြံနံပတ်လမ်းနံရံတို့တွင် ဗုဒ္ဓဝင်ခန်း၊ ဗုဒ္ဓမြတ်စွာဘုရားဟောတော်မူခန်းစသည်တို့ကို ရှေးဟောင်းမွန်ဘာသာကမ္ပည်းစာများနှင့်တကွ လေ့လာကြည့်ရှုဖွယ်ဖူးတွေ့နိုင်ကြပါသည်။ အတွင်းဆောင်နံရံမုခ်ကပ်များတွင် မယ်တော်မာယာ အိပ်မက်ခန်း၊ ဗုဒ္ဓမြတ်စွာ ရွှေခွက်မျှောခန်း၊ တာဝတိံသာနတ်ပြည်မှဆင်းသက်တော်မူခန်း၊ ပလလည်းတော(ပါလိလေယျကတော)တွင် သီတင်းသုံးခန်းနှင့် ပရိနိဗ္ဗာန်ပြုခန်း ကျောက်ဆစ်ရုပ်ထုများ၊ နှစ်ကျိပ်ရှစ်ဆူဘုရားများထံ ဗျာဒိတ်ခံခန်းကျောက်ဆစ်ရုပ်တုများကို လေ့လာကြည့်ရှုနိုင်ကြ၏။ နဂါးရုံဘုရားတွင်း၌အခြေမှ အတွင်းတံတိုင်းအထိကို စဥ္စိမ်းသုတ်အုတ်ချပ်များ ခင်းထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၇) နန်းဘုရား



| | | |
|---|---|---|
| ဘွဲ့အမည် | – | နန်းဘုရား |
| စေတီပုထိုးအမှတ် | – | ၁၂၃၉/၅၇၄ |
| တည်နေရာ | – | မြင်းကပါရွာ၊ မနုဟာဘုရားကြီး၏ အနောက်တောင်ဘက်၌တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ်(၁၂)ရာစု |





### တည်ဆောက်ပုံ

နန်းဘုရားကို ကွမ်းတောင်ပေါက် လိုဏ်တစ်ဆင့်ဂူဘုရားအဖြစ် တည်ဆောက်ထားပါသည်။ အပြင်ဘက်မျက်နှာစာတွင် ကျောက်ပြားများစီထားပြီး အပြင်နံရံ အခြေပတ်လည်၌ ကလသာအိုးပုံစံခံလျက် အထက်တွင် ဟင်္သာရုပ်များကို ထုထွင်းထားပါသည်။

### သမိုင်းနောက်ခံ

နန်းဘုရားကို နရပတိစည်သူမင်း၏ သားမက်၊ မနုဟာမင်း၏ မြစ်တော်စပ်သူ နာဂသမန်းက တည်ဆောက်ခဲ့သည်ဆို၏။ နာဂသမန်းသည် မိမိ၏ ဘေးတော် မနုဟာမင်းကြီး ထီးနန်းစံခဲ့ဖူးရာနေရာကို အထိမ်းအမှတ် ဖြစ်စေရန်အတွက် စေတီတည်ခဲ့သည်ဆိုပါသည်။

### လေ့လာကြည့်ရှုဖွယ်ရာများ

နန်းဘုရား၏ ဂူမကြီးအတွင်း၌ ကွန်းစင်တိုင်လေးတိုင်ထောင်ထားပြီး ကျောက်တိုင်ကြီးများ၏ မျက်နှာစာတွင် ဦးခေါင်းသုံးလုံးပါကျောက်ဗြဟ္မာရုပ်ကြီးရှစ်ရုပ်တည်ရှိပါသည်။ ဗြဟ္မာကြီးကို ကြာဖက်ထက်၌ ထိုင်လျှက်လက်နှစ်ဖက်က ကြာပွင့်ကြာချပ်များကို ပင့်မထားဟန်ထုလုပ်ထားလေရာ နန်းဘုရားသည် ဗုဒ္ဓဘာသာဆိုင်ရာအဆောက်အအုံဖြစ်ပါသည်။ ဗြဟ္မာသည်ဗုဒ္ဓ၏ အခြံအရံ



www.burmeseclassic.com

www.burmeseclassic.com




ဖြစ်သောကြောင့်တည်း။ ပတ်လည်၌ မွန်အထိမ်းအမှတ်ဟင်္သာပုံများ ထွင်းထုထားသည်။ ဘီလူးပန်း ဆွဲပုံများနှင့် ထောင့်ချိုးဘီလူးပန်းကိုက်ရုပ်များကို ကျောက်သားတုံး တစ်တုံးစီထက်၌ထုထွင်းကာ ကော်ရည်ဖြင့် တွဲကပ်ပုံဖော်ထားပုံမှာ လေ့လာဖွယ်ကောင်းလှပါသည်။

နန်းဘုရား၏ အပြင်ဘက်တွင် ဇာပြုတင်းပေါက်များအား ကျောက်အုတ်ဖြင့် စီထားပြီး ပြုတင်းပေါက်ပတ်လည်တွင်လည်း ခြူးပန်းခြူးနွယ်များကို ထွင်းလုပ်ထား၏။ ပြုတင်းပေါက်တံကဲတစ်ဘက်တစ်ချက်တွင်း မကာရ်းပုံ၊ အလယ်၌ကပ်ပျောပွူးတွင် နတ်သမီးရုပ်ထုပုံများကိုလည်းထု လုပ်ထားပါသည်။



## ✓ (၉) မနူဟာ



| | | |
|---|---|---|
| ဘွဲ့အမည် | – | မနူဟာဘုရား |
| စေတီပုထိုးအမှတ် | – | ၁၂၄၀/၅၇၅ |
| တည်နေရာ | – | မြင်းကပါရွာ |
| တည်ဆောက်ချိန် | – | ခရစ်နှစ်၁၀၆၈ ခုနှစ် |

တည်ဆောက်ပုံ

မနုဟာဂူဘုရားကို စတုရန်းပုံနှစ်ထပ် အဆောက်



www.burmeseclassic.com

www.burmeseclassic.com



အဦးအဖြစ် တည်ဆောက် ထားပြီး ပစ္စယာများ၏ အထက်၌ စေတီရံများတည်ရှိပါသည်။

### သမိုင်းနောက်ခံ

မနုဟာဘုရားသည် သထုံဘုရင်မနုဟာမင်း၏ ကောင်းမှုတော်ဖြစ်ပါသည်။ မနုဟာမင်းသည် သထုံ၌ထီးနန်းစိုးစံစဉ်အတွင်း ခမာတပ်များ မြို့ကိုလာရောက်ဝန်းရံတိုက်ခိုက်မှုကြောင့် ပုဂံဘုရင်အနော်ရထာမင်းထံ စစ်ကူတောင်းခံခဲ့ရသည်။ အနော်ရထာမင်းသည် ခရစ်နှစ် ၁၀၅၇ခုနှစ်တွင် သထုံအားရန်သူများ ဝန်းရံထားမှုကို သွားရောက်တွန်းလှန် တိုက်ခိုက်ခဲ့ပြီး အပြန်ခရီး၌ မနုဟာမင်းကိုလည်း အသက်အန္တရာယ်မှ ကင်းဝေးရာ ပုဂံသို့ ခေါ်ဆောင်လာခဲ့၏။

အနော်ရထာမင်းသည် ပုဂံတွင် မနုဟာမင်းအား ကောင်းစွာစောင့်ရှောက်ထားခဲ့၏။ မနုဟာမင်း မြင်းကပါရပ်၌ နေထိုင်စဉ်အတွင်း မိမိပိုင်ဆိုင်သောမနောမယကြောင့် မျက်ရွဲလက်စွပ်ကို မြင်းကပါသူဌေးထံ ရောင်းချလျက် ရရှိသောငွေဖြင့် ၁၅ ဩဂုတ် ၁၀၆၇တွင် သီရိဇေယျာဘုံမ်ရပ်၌ စေတီတော် တည်ခဲ့၏။ ယင်းစေတီ တော်မှာ ၁၂မတ်၁၀၆၈ တွင် ပြီးစီးသွားပါသည်။

### လေ့လာကြည့်ညိုဖွယ်ရာများ

မနုဟာဂူဘုရားအတွင်း ဝင်ရောက်ဖူးမြော်ပါက





ဗုဒ္ဓဆင်းတုရုပ်ပွားတော်ကြီးသုံးဆူကို ကြည်ညိုဖွယ်ရာဖူးတွေ့နိုင်ပါသည်။ အလယ်ရုပ်ပွားတော်ကြီးမှာ ဥာဏ်တော် ၃၃ပေခွဲမြင့်ပြီး နံဘေးဆင်းတုတော်နှစ်ဆူမှာ ၂၀ပေခန့်ရှိကြ၏။ ထို့ပြင် ဂူဘုရား၏ အနောက်ဘက်ခန်းအတွင်း၌လည်း အလျား ၆၀ ပေကျော်ရှိ လျောင်းတော်မူဗုဒ္ဓရုပ်ပွားကြီးတည်ရှိပါသည်။


မနုဟာဂူဘုရားကြီး၏ အပြင်ပတ်လည်တွင်လည်း အင်္ဂတေပန်းတော့လက်ရာများကို လေ့လာကြည့်ရှုနိုင်ကြပါသည်။ ဘီလူးပန်းဆွဲများကို လက်ရာမြောက်စွာ ထုလုပ်ထားပြီး ဂူဘုရားရှေ့မျက်နှာစာ၌လည်း ကြီးမားသော သပိတ်ကြီးတစ်လုံးကို လေ့လာနိုင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

## (၁၀) မြစေတီ



ဘွဲ့အမည် – မြစေတီ
တည်နေရာ – မြင်းကပါရွာမြောက်ဘက်၌တည်ရှိပါသည်။
တည်ဆောက်ချိန် – ခရစ်နှစ်(၁၂)ရာစု

### တည်ဆောက်ပုံ

စေတီတော်မှာ ပစ္စယာသုံးဆင့်ခံ စေတီတော်ကြီး





ဖြစ်ပြီး အလယ်ပစ္စယာထောင့်လေးထောင့်၌ စေတီငယ်တစ်ဆူစီ ရှိပါသည်။ ထို့ပြင် ခြသေ့ရုပ်တစ်ရုပ်စီလည်းရှိ၏။ နောင်းခေတ်ကာလတွင် ပြုပြင်ခဲ့သဖြင့် ရှေးလက်ရာမဆန်ဘဲ သစ်လွင်လျက်ရှိပါသည်။

### သမိုင်းနောက်ခံ

မြစေတီမှာ မြစေတီကျောက်စာခေါ်ရာဇကုမရ် ကျောက်စာကြောင့် အမည်ထင်ရှားပါသည်။ မွန်၊မြန်မာ၊ ပျူ၊ပါဠိလေးဘာသာဖြင့် ရေးထိုးထားသော ကျောက်စာတိုင်ဖြစ်၏။ ယင်းမြစေတီကျောက်စာကို ၁၈၈၆ ခုနှစ်တွင် ကမ္ဗည်းကျောက်စာဌာနမှ သုတေသနအရာရှိလည်းဖြစ် ရန်ကုန်ကောလိပ်မှ ပါဠိဘာသာပါမောက္ခလည်းဖြစ်သူ ဒေါက်တာ ဖိုရှမ်းမားက စတင်တွေ့ရှိခဲ့ပါသည်။

ပထမဆုံးကျောက်စာတိုင် တွေ့ရှိရာနေရာမှာ မြစေတီဘုရား မြောက်ဘက်အနီးဂူဘုရားပျက် အတွင်း၌ဖြစ်၏။ ထို့နောက်ယင်း ပုဂ္ဂိုလ်ကပင်ဂူပြောက်ကြီးဘုရားတံတိုင်းအတွင်းမှ ဒုတိယကျောက်စာတိုင်၏ အပိုင်းနှစ်ပိုင်းကို တွေ့ရှိပြန်၏။ အပေါ်ပိုင်းနှင့် ဆက်စပ်နိုင်သော ကျောက်စာတိုင် အလယ်ပိုင်းကို ၁၉၀၄ ခုနှစ်တွင် စေတီရင်ပြင်တောင်ဘက်တံတိုင်းတွင်းမြှုတ်နေရာမှ တွေ့ရှိခဲ့ရပြီး အောက်ခြေပိုင်းကိုမူ မြစေတီဘုရား အရှေ့ဘက်အုတ်တိုင်ပျက်အနီး၌ တွေ့ရှိခဲ့ရ၏။ မူလက မြစေတီကျောက်စာဟု အမည်ပေးခဲ့သော်လည်း ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ဂူပြောက်ကြီးနှင့်သာသက်ဆိုင်ကြောင်း ပညာရှင်များက ဆိုခဲ့ကြသည်။ နောက်ပိုင်းအငြင်းပွားဖွယ်မရှိသည့် ရာဇကုမာရ်ကျောက်စာဟူ၍သာ ခေါ်ဆိုခဲ့ကြပါသည်။

စင်စစ်အားဖြင့် မြစေတီနေရာ၌ ရှေးအခါက ဂူဘုရားတစ်ဆူ တည်ရှိခဲ့ဖူးကြောင်း ရှေးဟောင်းသုတေသနတူးဖော်မှုများအရ သိရှိရ၏။ လက်ရှိမြစေတီမှ ထီးတော်ရှိ ဆည်းလည်းတစ်ခုတွင် သက္ကရာဇ် ၁၂၂၄ခုနှစ် (မင်းတုန်းမင်းလက်ထက် ၁၈၆၂)ခုနှစ်ဟု ရေးထိုးထားကြောင်း တွေ့ရှိရသဖြင့် မူလဘုရားပျက်နေရာ၌ စေတီတော်အဖြစ် ကုန်းဘောင်ခေတ်ကပင်တည်ထားခဲ့သည်ဟု ဆိုနိုင်ပါသည်။ မူလပုဂံခေတ်ပံဖြစ်သည့် ထီးတော်သာနှောင်းခေတ်ဖြစ်သည်။

လေ့လာကြည့်ညိုဖွယ်ရာများ

လက်ရှိမြစေတီ၏အထက်ပိုင်းမှာ ၁၉၇၅ ခုနှစ်က ငလျင်ဒဏ်ခံရကာ ပြိုပျက်သွားမှုကြောင့် အသစ်ထပ်မံပြုပြင်တည်ဆောက်ခဲ့ရ၏။ ခေတ်သစ်မြစေတီဘုရားမှာလည်း လာရောက်ဖူးမြော်ကြသူများအတွက် ကြည့်ညိုဖွယ်ကောင်းလှပါသည်။



## (၁၂) အပယ်ရတနာ



| | | |
|---|---|---|
| ဘွဲ့အမည် | – | အပယ်ရတနာ |
| စေတီပုထိုးအမှတ် | – | ၁၂၀၂/၅၄၀ |
| တည်နေရာ | – | မြင်းကပါရွာ၏တောင်ဘက်တွင် တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ်(၁၁)ရာစုနှောင်းပိုင်း |

တည်ဆောက်ပုံ

အပယ်ရတနာဘုရားကို အပေါ်ပိုင်းတွင် သိဟိုဠ်ပုံပေါက်ထားသည့် လိုဏ်တစ်ဆင့်ဂူဘုရားအဖြစ် တည်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ထားပါသည်။

သမိုင်းနောက်ခံ

အပယ်ရတနာဘုရားကို ကျန်စစ်သားမင်းကြီးနှင့် အပါယ်ရတနာမိဖုရားတို့က တည်ထားကိုးကွယ်ခဲ့ကြ၏။ ကျန်စစ်သားသည် စောလူးမင်းရန်ကို တိမ်းရှောင်ထွက်ပြေး နေရစဉ်က အပါယ်ရတနာက လျှို့ဝှက်စွာ လာရောက် တွေ့ဆုံလျက် စားဖွယ်သောက်ဖွယ်များ ပို့ပေးခဲ့ရ၏။ နောင် ကျန်စစ်သားမင်းဘုရင်ဖြစ်လာသောအခါ လျှို့ဝှက်စွာတွေ့ဆုံ ခဲ့ရာနေရာ၌ယင်းဘွဲ့တော်ဖြင့် စေတီတော်တည်ခဲ့၏။


လေ့လာကြည့်ရှုဖွယ်ရာများ

အပယ်ရတနာဂူဘုရားအတွင်း နံရံဆေးရေးပန်းချီ များကိုလေ့လာနိုင်ကြပါသည်။ ပန်းချီပုံအများစုမှာ မဟာ ယာန ဗုဒ္ဓဘာသာဆိုင်ရာ ပုံများနှင့်ဟိန္ဒူအယူဝါဒနှင့် သက်ဆိုင်သောရုပ်ပုံများဖြစ်ကြသည်ဆို၏။ ယင်းပုံများ ထဲတွင် အဝလောကိတေသွာရ (လောကနာထ)သည် ကြာပွင့်ပေါ်၌ရပ်လျက် လက်ယာလက်မှ ကြာပွင့်၊ လက်ဝဲ လက်မှ ဝရဒမုဒြာအနေအထားဖြင့် တွေ့ရှိရ၏။

ထို့ပြင် မတ်ရပ်ပုံနတ်ရုပ်များ၊ ရသေ့ပုံများ၊ ဗြဟ္မာ၊ သီဝ၊ ဗိဿနိုးပုံများအား ဖေါ်ပြထားပါသည်။ အဝင်ခန်း ဆောင်တွင်မူ ဗုဒ္ဓဝင်နံရံ ဆေးရေးပန်းချီများကို ရှေးမွန်ကဗ္ဗည်း စာများနှင့်တကွ ကြည့်ရှုဖွယ် လေ့လာကြည့်ရှုနိုင်ကြ၏။



# ၆
# သီရိပစ္စယာရွာအနီးပတ်ဝန်းကျင်ဒေသရှိ စေတီပုထိုးများ




www.burmeseclassic.com

www.burmeseclassic.com

## (၁) ဂူပြောက်ဘုရား



| | | |
|---|---|---|
| ဘွဲ့အမည် | – | ဂူပြောက်ဘုရား |
| စေတီပုထိုးအမှတ် | – | ၉၉၅/၄၁၅–က |
| တည်နေရာ | – | ပုဂံမြို့တွင်းမှ ပုဂံမြို့သစ်ဘက်လမ်း အတိုင်းလာရောက်ပါကလောကနန္ဒာ တောင်ဘက် ပုဂံ–ချောက် ကားလမ်း အနောက်ဘက်တွင် ဖူးတွေ့နိုင်၏။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ်(၁၃)ရာစု |





### တည်ဆောက်ပုံ

ဂူပြောက်ဘုရားကို မဟာဗောဓိပုံ ကွမ်းတောင်ပေါက်လိုက်နှစ်ဆင့်ဘုရား အဖြစ်တည်ဆောက်ထားပါသည်။

### သမိုင်းနောက်ခံ

ဂူပြောက်ဘုရားအတွင်း၌ သီရိဓမ္မ ဇိလာသအမည်ပါ ကျောက်ဗုဒ္ဓဆင်းတု များကိုတွေ့ရှိခဲ့ရဖူးသဖြင့် ပုဂံခေတ်က ရဟန်းသံဃာများတရားကျင့် ကြံအားထုတ်ရာဂူငယ်ဖြစ်ဟန်ရှိပါသည်။ ယင်းလိုဏ်ဂူအတွင်း ၁၈၉၅ ခုနှစ်က နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင် ပုဂံဗိုလ်ချိုကို ဗြိတိသျှတို့ ဖမ်းဆီးရမိသဖြင့် ဗိုလ်ချိုမိဘုရားဟုလည်း အမည်တွင်ခဲ့သည်။

### လေ့လာကြည့်ရှုဖွယ်ရာများ


ဂူပြောက်ဘုရားတွင် နံရံဆေးရေးပန်းချီနှင့် အင်္ဂတေပန်းတော့လက်ရာများကို လေ့လာနိုင်ကြပါသည်။ နံရံဆေးရေးပန်းချီမှာ မဟောသဓာဇာတ်ကဲ့သို့သော သရုပ်ဖော်ပန်းချီများဖြစ်ပြီး မြန်မာကမ္မည်းစာတမ်းလည်း ရေးထိုးထား၏။



www.burmeseclassic.com

www.burmeseclassic.com

## (၂) စေတနာကြီး



| | | |
|---|---|---|
| ဘွဲ့အမည် | – | စေတနာကြီး |
| စေတီပုထိုးအမှတ် | – | ၉၈၇/၄၁၃ |
| တည်နေရာ | – | ပုဂံမြို့သစ်၏တောင်ဘက်ယွန်း ယွန်းတွင် တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ်၁၂၃၆ ခုနှစ် |





### တည်ဆောက်ပုံ

စေတနာကြီး ဘုရားကို ပစ္စယာဆင့် သီဟိုဠ် (သီရိလင်္ကာ) ပုံစံအဖြစ် တည် ဆောက်ထားပါသည်။

### သမိုင်းနောက်ခံ

စေတနာကြီးဘုရားကို ပုဂံခေတ်ကာလကစည် စနာပုထိုးဟုခေါ်တွင်ခဲ့ ဟန်တူပါသည်။ ယင်းအဆောက်အအုံမှာမူလကဟိန္ဒူဘုရားကျောင်းဖြစ်ပြီး နားတောင်း များမင်းလက်ထက် ၂၆ မတ် ၁၂၃၆ တွင် စေတီအဖြစ်ပြုပြင်တည်ခဲ့ပါသည်။ နားတောင်းများ လက်ထက်တွင် စေတီတော် အဆုံးမသတ်ခဲ့ပဲ သားတော်ကျစွာမင်းလက်ထက်တွင်မှ အဆုံးသတ်ခဲ့၏။

### လေ့လာကြည့်ရှုဖွယ်ရာများ


စေတနာကြီးဘုရား၏ လေးထောင့်ဓါတ်တော်တိုက်ရှိ အင်္ဂတေပန်းတော့လက်ရာများမှာ လေ့လာဘွယ်ကောင်းလှ၏။



www.burmeseclassic.com

www.burmeseclassic.com

## (၃) ဖက်လိပ်ဘုရား (အရှေ့)



| | | |
|---|---|---|
| ဘွဲ့အမည် | – | အရှေ့ဖက်လိပ် |
| စေတီပုထိုးအမှတ် | – | ၁၀၃၀/၄၂၀ |
| တည်နေရာ | – | ပုဂံမြို့သစ်မှလောကနန္ဒာဘုရားသို့ သွားလာရာလမ်းနံဘေးတွင် တည်ရှိပါသည်။ |
| တည်ဆောက်ချိန် | – | ခရစ်နှစ် (၁၁)ရာစု |





### တည်ဆောက်ပုံ

အရှေ့ဖက်လိပ်ဘုရားကို သီဟိုဠ်ပုံစေတီ အဖြစ်တည်ဆောက်ထားပါသည်။ ဖက်လိပ်ဘုရားမှာ ဖက်လိပ်နားတောင်းပုံစံရှိ၍ ခေါ်ဆိုကြခြင်းဖြစ်သည်။

### သမိုင်းနောက်ခံ

အရှေ့ဖက်လိပ်ဘုရားမှာ ပုဂံခေတ်ဦးကာလ စောလူးမင်း၏ ကုသိုလ်တော် ဖြစ်ဟန်ရှိပါသည်။

### လေ့လာကြည့်ရှုဖွယ်ရာများ

အရှေ့ဖက်လိပ်ဘုရားအခြေတွင်စကြံနံပတ်လမ်းပြုလုပ်ထားပြီးအတွင်း၊ အပြင်နံရံများ၌(၅၅၀)ဇာတ်ကွက်များကို မြေမီးဖုတ်အုတ်ချပ်များထက်၌ သရုပ်ဖော်ထား၏။ ဇာတ်အမှတ်စဉ်နှင့် အမည်များကို လည်းရေးသားထားပါသည်။ ယင်းအုပ်ချပ်များတွင် ဗြဟ္မာ၊ သိကြားမင်း၊ နတ်၊ ရက္ခစိုး၊ မင်းမိဖုရား၊ မင်းသားမင်းသမီး၊ ရသေ့စသည့် ရုပ်ပုံများ တိရစ္ဆာန်ပုံများကို လေ့လာနိုင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

## ၆ (၄) ဖက်လိပ်ဘုရား(အနောက်)



| | | |
|---|---|---|
| ဘွဲ့အမည် | – | အနောက်ဖက်လိပ် |
| စေတီပုထိုးအမှတ် | – | ၁၀၃၁/၄၂၁ |
| တည်နေရာ | – | ပုဂံမြို့သစ်မှ လောကနန္ဒာဘုရားသို့ သွားရာလမ်းနံဘေးတွင် တည်ရှိပါသည်။ |





| | | |
|---|---|---|
| တည်ဆောက်ချိန် | – | ခရစ်နှစ်(၁၁)ရာစု |

**တည်ဆောက်ပုံ**

အနောက်ဖက်လိပ်ဘုရားကိုလည်း အရှေ့ဖက်လိပ်ဘုရားကဲ့သို့ပင် သီဟိုဠ်ပုံစေတီအဖြစ် တည်ဆောက်ထားပါသည်။

**သမိုင်းနောက်ခံ**

ပုဂံခေတ်ဦးကာလစောလူးမင်း၏ ကုသိုလ်တော်ဟု မှတ်ယူရပါသည်။

**လေ့လာကြည့်ရှုဖွယ်ရာများ**


ယခင်က ဖက်လိပ်ဘုရားများ၏ အခြေတွင် မြေများဖုံးနေခဲ့ရာ ရှင်းလင်းလိုက်သောအခါမှ အောက်ခြေပေါင်းကူး စင်္ကြံန်ပတ်လမ်းနံရံများ၌ ၅၅၀ဇာတ်သရုပ်ဖော် မြေမီးဖုတ်အုပ်ချပ်များကို တွေ့ကြရ၏။ ၅၅၀ ဇာတ်ဟုခေါ် ဆိုကြသော်လည်း ၅၄၇ ဇာတ်သာရှိရာ အနောက်ဖက်လိပ်ဘုရား၌ ဝေလာမဇာတ်၊ မဟာဂေါဝိန္ဒဇာတ်နှင့် သုမေဓပဏ္ဍိတဇာတ်တို့ကို ဖြည့်စွက်ထားကြောင်း တွေ့ရှိရ၏။



www.burmeseclassic.com

www.burmeseclassic.com

## (၅) လောကနန္ဒာ



ဘွဲ့အမည် - လောကနန္ဒာစေတီ
စေတီပုထိုးအမှတ် - ၁၀၂၃/၄၁၈- က

တည်နေရာ

သီရိပစ္စယာရွာ၏ တောင်ဘက်ယွန်းယွန်း ရောဝတီမြစ်ကမ်းနံဘေး ကုန်းမြင့်ထက်၌ တည်ရှိပါသည်။



BURMESE CLASSIC .com



### သမိုင်းနောက်ခံ

အနော်ရထာမင်း(၁၀၄၄-၁၀၇၇)သည် သီဟိုဠ် နိုင်ငံ(သီရိလင်္ကာ)မှ ဝိဇယဗာဟုမင်း (၁) (၁၀၅၉-၁၁၁၄) ဆက်သလိုက်သည့် စွယ်တော်မြတ်အား ထပ်မံပွား ယူလျက် ရတနာ ပန်းတောင်းတွင်တင်ကာ ဆင်ဖြူတော်ထက်တင်၍ အဓိဋ္ဌာန်ပြုစေလွှတ်ခဲ့၏။ ထိုအခါ ဆင်ဖြူတော်သည် ရောဝတီမြစ်ကမ်းပါး၊ ပုဂံသင်္ဘောဆိပ်အနီး ကုန်းမြင့်ထက်၌ တုံ့ဝပ်လေသည်။ သို့ဖြင့် ယင်းနေရာ၌ အနော်ရထာမင်းက စွယ်တော်ပွားအား ဌာပနာပြုလျက် စေတီတည်ထား ကိုးကွယ်ခဲ့သည်။

### လေ့လာကြည့်ရှုဖွယ်ရာများ

လောကနန္ဒာ စေတီတော်မှရရှိသော လာဘမုနိကြေးဆင်းတုတော်နှင့် ကျောက်ခြေရာတော်တို့အား ယခုအခါ ရှေးဟောင်းသုတေသနပြတိုက်တွင် ထိန်းသိမ်းထားရှိပါသည်။ လောကနန္ဒာစေတီရင်ပြင်ထက်တွင် ခရစ်နှစ် ၁၂၀၇ ခုနှစ်နှင့် ၁၂၃၁ ခုနှစ်များတွင် ရေးထိုးခဲ့သည့် ကျောက်စာတိုင် နှစ်တိုင်မှာလည်း လေ့လာဖွယ်ကောင်းလှ၏။ ခရစ်နှစ် ၁၂၀၇ ခုနှစ် နရပတိစည်သူမင်း လက်ထက်တွင် ရေးထိုးထားသော ကျောက်စာတွင် "လောကနန်တာ" ဟူသော ဝေါဟာရကို အထင်အရှား တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းကိုးစာရင်း


| | | |
|---|---|---|
| ၁။ | ကျော်ဇောအောင် (သမိုင်းသုတေသန) | ပုဂံမြတ်စွယ်တော်လေးဆူသမိုင်း ရန်ကုန်၊ Star Empire/ ၂၀၀၄ဇွန် |
| ၂။ | ကြည်ပန်း၊ မောင် (မြင်းကပါ) | မြစေတီဂူပြောက်ကြီးနှင့်ရာဇကုမာရ်၊ ရန်ကုန်၊ကျားမင်းပုံနှိပ်တိုက်၊ ၂၀၀၃ မတ် |
| ၃။ | ကြည်ပန်း၊ မောင် (မြင်းကပါ) | ယဉ်ကျေးမှုအမွေပုဂံမြေမှစေတီပုထိုးများ၊ရန်ကုန်၊ကလျာပုံနှိပ်တိုက်၊၂၀၀၄ ခုနှစ် |
| ၄။ | ခင်မောင်ကြီး၊ဦး | ပုဂံဘုရားများသမိုင်းနှင့်ညွှန်လမ်းညွှန်၊ရန်ကုန်၊ရွှေလရောင်ပုံနှိပ်တိုက်၊ ၁၉၈၈ စက်တင်ဘာလ(ဒုတိယအကြိမ်) |
| ၅။ | စည်းခုံမြေ မောင်စိန်ဝင်း (ညောင်ဦး) | မြတ်စွယ်တော်လေးဆူနှင့်ပုဂံကျက်သရေဆောင်တုရင်တောင်ရန်ကုန်၊ မြစ်မခအော့ဖ်ဆက်၊၁၉၉၆၊ဇန်နဝါရီ |
| ၆။ | ပြန်ကြားရေး | ပုဂံဘုရားပုထိုးများ(ပ)(ဒု) |




BURMESE CLASSIC .com




| | | |
|---|---|---|
| | ဝန်ကြီးဌာန | ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ၁၉၉၄နိုဝင်ဘာ၊၁၉၉၆ပြီ |
| ၇။ | မိုကော၊ဦး | ပုဂံသုတေသနလမ်းညွှန်၊ ရန်ကုန်၊စာပေဗိမာန် |
| ၈။ | မင်းဘူးအောင်ကြိုင် | မြတ်ဘုရားရွှေစည်းခုံလက်ရာစုံရန်ကုန်၊ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊၂၀၀၂ |
| ၉။ | မင်းဘူအောင်ကြိုင် | လက်ရာစုံစွာအာနန္ဒာ၊ ရန်ကုန်အောင်ချမ်းသာပုံနှိပ်တိုက်၊ ၁၉၉၇ ဇန်နဝါရီလ (တတိယအကြိမ်) |
| ၁၀။ | မောင်မောင်၊ဦး (ဘီအေ)သမိုင်း | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ပုဂံစေတီပုထိုးများ၊ ရန်ကုန်၊မြပုံနှိပ်တိုက်၊၂၀၀၄ ပြေ |
| ၁၁။ | မျိုးညွှန့်၊ ဦး | ပုဂံပုထိုးများ၏ ဗိသုကာနှင့်အနုလက်ရာ၊ရန်ကုန်၊ရောင်စဉ်ပုံနှိပ်တိုက်၁၉၉၉ ဒီဇင်ဘာ(ယဉ်ကျေးမှုဝန်ကြီးဌာန၊ရှေးဟောင်းသုတေသနဦးစီးဌာန) |
| ၁၂။ | ရေနံသာဝင်းမောင် | ရာစုဆယ်ပြန်ပုဂံခရီးသွားလမ်းညွှန်၊ရန်ကုန်၊မြင်းခြံ |




www.burmeseclassic.com

www.burmeseclassic.com



အော့ဖ်ဆက်၊ ၂၀၀၃ မေ

၁၃။ ဝံသပါလ၊ အရှင် — အလိုတော်ပြည့်ဘုရားသမိုင်း၊ ရန်ကုန်၊ အေးစုမြတ်ပုံနှိပ်တိုက် ၁၉၉၄ ဒီဇင်ဘာလ

၁၄။ သန်းဆွေ၊ ဦး — သမိုင်းဝင်ပုဂံစေတီပုထိုးများ၊ ရန်ကုန်၊ မြဝတီပုံနှိပ်တိုက်၊ (ကေဒသာမအကြိမ်)၁၉၉၄

၁၅။ အောင်ခင်စိုး — ပုဂံခရီးသွားလမ်းညွှန်၊ ရန်ကုန် မြင့်သိင်္ဂီပုံနှိပ်တိုက်၊ ၂၀၀၄ ဇူလိုင်



BURMESE CLASSIC .com

www.burmeseclassic.com